www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၁၁၃၃၁၂၁၁၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၄၇၇၀၁၁၂၊

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊

ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

၅၄၁၇၄၅၊ ၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊ ၀၉ ၅၀ ၂၁၃၅၄။

ပထမအကြိမ် - ၂၀၁၂ ခုနှစ်၊ (မတ်လ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

၈၉၅.၈၃

ဝိဇ္ဇာ

သတိ - အချစ်အဝင်အထွက်ရှိသည်

နလုံးသားရှေ့ပိတ်မရပ်ပါနှင့် / ဝိဇ္ဇာ။ - ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၂။

၁၄၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) ဝိဇ္ဇာ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

တကယ်တမ်းမှာတော့ သူနှင့် မဆုံစည်းရသေးခင် လူကို မမြင်ဖူးရသေးခင်ကတည်းက နာမည်ကြားရရုံမျှနှင့်ပင် သူ့ကို စိတ်ဝင်စားခဲ့မိရသည်မှာ တော်တော်အံ့သြဖို့ကောင်းသော အတွေ့အကြုံဖြစ်၏။

စိတ်ဝင်စားခဲ့မိရသည်ဆိုသည့်တိုင် အကောင်းဘက်ကတော့ မဟုတ်။ အဆိုးဘက်ကသာ ဖြစ်သည်။

အဲ့ဒီနေ့က "ခိုင်မာ" နှင့် "သော်တာဦး" တို့က အလှန်းချိန် အပြီးမှာ ကင်တင်းလက်ဖက်ရည်ဆိုင်သို့ ချီတက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်က ကိုးလိုးကန့်လန့် ညနေ(၃)နာရီထိုးပြီးစ ရှိသေးသည်။

"တို့ လက်ဖက်ရည်ဆိုင်ကပဲ စောင့်ကြရအောင် ခိုင်မာရယ်၊ သီသီက ဒီနေ့(၃)နာရီခွဲလောက်ကျမှ သူလာခဲ့မယ်၊ နင်တို့အတန်းချိန်ပြီးရင် 'သပြေ' က စောင့်ကြလို့ မှာထားတာ"

"ဘာလဲ. . . မိသီက သူ့မောင်တော်နဲ့ သွားတွေ့ပြန်ပလား၊ ဟွန်း. . . မိန်းမ၊ တွေ့. . . တွေ့နိုင်လွန်း"

"မပြောနဲ့တော့ ခိုင်မာရယ်၊ သီသီတို့က မွန်းတည့်ချိန်ကို ရောက်နေတာကိုး၊ နေမြင့်လေ အရှူးရင့်လေတဲ့၊ ကြားဖူးတယ် မဟုတ်လား၊ အခုဟာက နေမြင့်ရုံ မကတော့ဘဲ မွန်းတည့်ချိန် ရောက်နေတာလေ၊ ဒီဂရီ အမြင့်ဆုံးအချိန်ဟဲ့"

သော်တာ့စကားကြောင့် ခိုင်မာ ပြုံးလိုက်မိရ၏။

ဟုတ်သားပဲ။ သော်တာ ပြောလည်း ပြောချင်စရာပဲဟု စိတ်ထဲက ထောက်ခံမိပြီး ဖြစ်သွားရသေးသည်။

တစ်ပတ်ကို တစ်ကြိမ်မျှ မတွေ့ရ စကားမပြောကြရလျှင် သူတို့နှစ်ယောက်စလုံးက နေမထိထိုင်မသာ ဖြစ်ကြရသည်ဆိုပဲ။

"သည်းလွန်းသည်"

ဟု ဝေဖန်ကြတော့. . .

"နင်တို့မှ မကြုံဖူးသေးဘဲနဲ့ဟဲ့"

ဟု သီသီက ပြန်လည်ချေပသည်။

ခိုင်မာတို့ ပြုံးနေလိုက်ရုံကလွဲပြီး ဘာမျှမတတ်နိုင်။

သီသီ ပြောတာက အမှန်ပဲလေ။

ခိုင်မာနှင့်သော်တာဦးတို့က တွယ်ဖက်ဆွဲခိုစရာ မရှိဘဲ လေထဲ



www.burmeseclassic.com

www.burmeseclassic.com



လွတ်နေသော မျှောက်သစ်ကိုင်းလွတ်တွေ မဟုတ်လား။

"အေးပါလေ. . . ငါတို့က နင့်လို လက်ညှိုးထိုးပြစရာ ချစ်ချစ် မရှိကြလေတော့ နင်ပြောအားရှိတုန်း ပြောထားပေါ့။ ဒါပေမယ့် နင်တို့ စုံတွဲကတော့ တစ်ဆိတ်ပိုလွန်းတယ် ထင်တာပဲ၊ တစ်ပတ်တစ်ခါ တွေ့ ကြတယ်ဆိုတော့ တွေ့ကြချိန်မှာ ဘာတွေပြောကြသလဲ၊ ပြောစရာတွေ ကလည်း ကုန်ပဲ မကုန်နိုင်ကြပါလား"

သော်တာက အငေါ်တူးသလို မေးတော့ သီသီက အဖြေရှိပြီး သားပါပဲ။

"ပြောစရာ အကြောင်းအရာတွေက ကုလသမဂ္ဂအဖွဲ့ထက် တောင် ငါတို့က ပေါသေး၊ မျက်စိထဲ မြင်မြင်ကရာ စိတ်ထဲ ပေါ်ပေါ်လေ ရာ အားလုံးက တို့နှစ်ယောက် ပြောဖို့အ ကြောင်းအရာ ဖြစ်လာတာပဲ၊ ဥပမာ. . ငှက်ကလေးတွေ ပျံသွားတာမြင်ရုံနဲ့ "ကြည့်စမ်း သီသီ၊ ဟိုငှက် ကလေးမှာ တစ်ကောင်တည်း သနားစရာနော်" ဆိုတာမျိုး သူက စလာ တာ"

"အဲဒီတော့ နင်က. . . ဟုတ်တာပေါ့ မောင်ရယ်၊ သီသီတို့လို မဟုတ်ဘဲ အထီးကျန်လိုက်တာနော် ဆိုတာမျိုး ပစ်စလက်ခတ် ထောက် ခံပြီး အရေမရ အဖတ်မရများ စတင်ပြောကြားကြလေသတည်းပေါ့. . ဟုတ်လား"

ခိုင်မာ ဝင်ထောက်လိုက်တော့ သော်တာနှင့်သီသီတို့က ပြိုင်တူ ရယ်ကြ၏။ မည်သို့ပင်ဖြစ်စေ ခိုင်မာတို့မှာ သီသီကို အလျှော့ပေးထားခဲ့ ကြရ၏။

သူ့လူနှင့် သွားတွေ့စကားပြောသည့်နေ့ဆိုလျှင် ညည်လိုပဲ နှစ်ယောက်တည်းသာ 'သပြေ' ကနေ ငေါင်းစင်းစင်း စောင့်ပေးခဲ့ကြရ



www.burmeseclassic.com

www.burmeseclassic.com



သည်ချည်း ဖြစ်တော့၏။

သို့ပေမည့် ဒီနေ့ကတော့ ခါတိုင်းနေ့များနှင့် မတူဘဲ ထူးခြားခဲ့ပါသည်။ အကြောင်းမှာ ခိုင်မာတို့ ထိုင်ပြီး သိပ်မကြာလှသေးခင်မှာပင် သီသီတစ်ယောက် ဒေါ်တပ္ပပ္ပနှင့် ရောက်ချလာခဲ့သောကြောင့်ဖြစ်သည်။

နှုတ်ခမ်းတလှုပ်လှုပ်ဖြင့် သူ့လူကို ပွစိပွစိ မေတ္တာပို့ကာ ရောက်လာသော သီသီကို ကြည့်ကာ ခိုင်မာတို့ အံ့အားသင့်သွားရသည်။

"ဒီနေ့တော့ အစောကြီး ပေါက်ချလာပါကလား၊ ဘာလဲ. . . နှင့်လူ မလာဘူးလား"

သော်တာက မေး၏။

"လာပါတယ်ဟယ်. . . ဒါပေမယ့် ငါတို့ ရန်ဖြစ်လာတယ်၊ ဒါကြောင့် ငါစိတ်တိုပြီး ထလစ်လာခဲ့တော့တာ၊ မောင်လေးရေ. . . ချိုဆိမ့်တစ်ခွက်ပေ့"

သီသီက ပြန်ဖြေရင်း စားပွဲထိုးကလေးကို လက်ဖက်ရည် မှာ၏။ သော်တာ မျက်လုံးပြူးသွားကာ မျက်ခုံးပင့်သွားလေသည်။

"အလိုတော်. . . ဒါနဲ့ပဲ မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် ချစ်ကြတယ်ဆို၊ အခုတော့ ဘယ်လိုဖြစ်လာကြရပြန်တာတုန်း"

အံ့သြကုန်နိုင်ဖွယ် အကြည့်မျိုးဖြင့် ကြည့်ကာ သော်တာ ထပ်မေးသည်။

"အစကတော့ ဟိုပြောဒီပြောနဲ့ အဆင်ပြေနေတာပဲ၊ အမှတ်မထင် ငါက သတိရလာပြီး မေးခွန်းတစ်ခု ကောက်မေးလိုက်တော့မှ ဒေါ်ပွစရာ ဖြစ်လာရတော့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို သတိရလာပြီး ဘယ်လိုမေးလိုက်မိလို့တုန်း"

ခိုင်မာက စိတ်ဝင်တစား ဝင်မေးသည်။ သီသီက ဖြေ၏။

"သူ့ကို ငါဘယ်လောက်ချစ်တယ်ဆိုတာ နင်တို့ အသိဆုံးပဲ၊ ဒါကြောင့် အသည်းပုံ ရွှေလော့ကတ်သီးကလေး လုပ်ပြီး သူနဲ့ ဘယ်တော့မှ မကွဲမကွာ အမြဲထားရမယ်လို့ လက်ဆောင်ပေးထားတာလေ"

"အေးလေ. . . ငါတို့သိသားပဲ"

သော်တာက ထောက်ခံ၏။ အသည်းပုံ ရွှေလော့ကတ်သီးကလေးထဲတွင် သီသီ၏မျက်နှာကလေးနှင့် သူ့လူ ဇော်မျိုး၏မျက်နှာကလေးတွေချည်း ချိန်သားကိုက်အောင် ဓါတ်ပုံမှာ ညှပ်၍ မျက်နှာချင်းဆိုင် ထည့်သွင်းထားသည်။

လော့ကတ်သီးကလေးကို ဖွင့်လိုက်လျှင် သူတို့နှစ်ဦး၏ဓါတ်ပုံကလေးတွေ ပေါ်လာ၏။ ထိုပစ္စည်းကလေးက ရွှေသားအစစ်ဖြင့် သေသေချာချာ ပန်းထိမ်ဖိုတွင် စိတ်တိုင်းကျ အပ်နှံပြီးမှ ဇော်မျိုးကို ချစ်လက်ဆောင်အဖြစ် ပေးထားခဲ့ခြင်း ဖြစ်လေသည်။

"အခု ငါတို့ စကားပြောနေကြရင်းက လော့ကတ်ကလေးကို သတိရလာမိတာနဲ့ သူနဲ့အတူ ပါမပါ ကောက်ကာငင်ကာ မေးကြည့်လိုက်မိတယ်ဟ"

"အဲဒီတော့ ဇော်မျိုးက မေ့ထားခဲ့ပြီလို့ ပြောရောလား၊ ဒါကြောင့် ဒေါပွလာရတာလား"

ခိုင်မာက ဝင်မေး၏။ သီသီ ခေါင်းခါပြကာ. . .

"ဟင့်အင်း. . . မေ့မထားခဲ့ပါဘူး၊ သူ့ကျောပိုးအိတ်ထဲက ကတ္တီပါဘူးကလေးကို ချက်ချင်းထုတ်ပေးပါတယ်၊ စိတ်ချပါ. . . မောင်သွားလေရာ အမြဲကိုယ်နဲ့မကွာ ပါပါတယ်တဲ့၊ ငါလက်ထဲကိုဘူးကလေး



www.burmeseclassic.com

www.burmeseclassic.com



ထိုးပေးရင်း ပြောတယ်"

"ဒါဆို နင့်စကားကို သူ အလေးအနက်ထား နားထောင်သွားပဲ ဟဲ့၊ ဘာဒေါ်ပွစရာ လိုလို့လဲ"

သော်တာ၏စကားအဆုံးတွင် သီသီက နှုတ်ခမ်းကို မဲ့လိုက်လေသည်။

"စကားဆုံးအောင် နားထောင်ဦးဟ၊ ငါလည်း ကျေနပ်သွားပါတယ်၊ ဒီလိုမှပေါ့ဆိုပြီး လော့ကတ်သီးကလေးရဲ့အလယ်ခလုတ်ကိုလည်း ဖွင့်ကြည့်လိုက်ရော အထဲမှာ ကပ်ထားတဲ့ဓါတ်ပုံတွေက တခြားတွေ ဖြစ်နေတယ်၊ ငါနဲ့သူ့ပုံတွေ မဟုတ်တော့ဘူး"

"ဟင်. . . ဘယ်သူတွေရဲ့ပုံတွေ ဖြစ်နေလို့လဲ"

"ယောကျ်ားလေးပုံက အိုစမာဘင်လာဒင်ရဲ့ပုံ ဖြစ်နေတယ်၊ မုတ်ဆိတ်မွေးတဖွားဖွားနဲ့ ရယ်နေတဲ့ပုံ၊ ငါ့ကို ပြောင်ပြနေတဲ့အတိုင်းပဲ"





www.burmeseclassic.com

www.burmeseclassic.com



သော်တာထံမှ ခစ်ခနဲ ရယ်သံထွက်လာ၏။

"ဟောတော့. . . ဟိုခမျာ သေချင်းဆိုးနဲ့ ကာလနာတိုက်သွားရှာပါပြီဟယ်၊ သူ့ပုံက ဘယ့်နှယ့်ကြောင့် နင့်ချစ်သက်ဘူးထဲ ဝင်နေရတာတုန်း"

"နေဦး. . . ငါဆက်ပြောဦးမယ်၊ မိန်းကလေးဘက်က ပုံကလည်း ငါ့ပုံမဟုတ်ဘဲ တလွဲကြီးဟဲ့၊ ဝူပီဂိုးလ်ဘတ်ရဲ့စပ်ဖြီးဖြီးနဲ့ မျက်နှာပုံကြီး"

"အမ်. . . ဝူပီဂိုးလ်ဘတ်ဆိုတာက"

"ဟာ. . . နင်ကလည်း ဟိုနာမည်ကျော် ဂိုစ့်(GHOST) ဇာတ်ကားထဲက နတ်ဝင်သည်အဖြစ် သရုပ်ဆောင်တဲ့ အသားမည်းမည်း အရုပ်ဆိုးဆိုး ကပ္ပလီမကြီးလေ၊ သူက ပါးစပ်ကြီး ဖြဲပြီး ရယ်နေတဲ့ပုံ"

ခိုင်မာရော သော်တာပါ ထိန်းမထားနိုင်ကြတော့ဘဲ အားပါးတရ ရယ်လိုက်မိကြရတော့၏။ လော့ကတ်သီးထဲမှ အိုစမာ ဘင်လာဒင်နှင့် ဝူပီဂိုးလ်ဘတ်တို့၏ပြောင်စပ်စပ်မျက်နှာတွေကို ကြည့်ကာ ဆွေ့ဆွေ့ခုန်နေမည့် သီသီ၏အမူအရာများ၊ ပြူးပြူးပျာပျာ ဖြစ်နေမည့် သီသီရဲ့လူ ဇော်မျိုး၏ဟန်ပန်များကို မှန်းဆမြင်ယောင်လာမိသောအခါ ဘယ်လိုမှ မရယ်ဘဲ မနေနိုင်တော့။

"ဟော. . . ကြည့်. . အခုကိုပဲ နင်တို့ ဝိုင်းဟားကြပြီ မဟုတ်လား၊ အဲဒီလော့ကတ်သီးကို ငါမသိအောင် ကွယ်ရာမှာ လူဘယ်နှယောက်လောက်များ ဖွင့်ကြည့်ပြီးနှင့်ပြီလဲ မသိဘူး"

သီသီက ဒေါပွပွနှင့် ပြော၏။

"အဲဒီတော့ နင့်လူက ဘယ်လိုဖြေရှင်းသလဲ"

"ဒီကိစ္စကို သူမသိရပါဘူးတဲ့၊ ငါ့ကို ထိုင်ရှိခိုးပြီး တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်တာပါပဲ၊ နောက်မှ သူ့ဟာသူ ပြန်စဉ်းစားပြီး သူ့သူငယ်ချင်းကို မေတ္တာပို့ ကျိန်ဆဲနေတယ်၊ ဒါဟာ တခြားသူလက်ချက် မဟုတ်ဘူး၊ ငတက်ပြားရဲ့လက်ချက်ပဲ ဖြစ်ရမယ်၊ ဒီကောင်တော့ တွေ့သေးတာပေါ့ ဆိုပြီး ကြုံးဝါးနေတယ်၊ အလကား. . . သူခိုးပြေးမှ ထိုးကွင်းထလို့"

"ဟဲ့. . . ငတက်ပြားဆိုတာလည်း မြန်မာရာဇဝင်သမိုင်းမှာက တော့ နာမည်ကျော် သူခိုးကြီးပဲဟဲ့၊ နင့်လူရဲ့အုပ်စုထဲမှာ အဲလို သူခိုးတစ်ယောက်က ပါနေသေးသလား၊ သူ့ကို နင်သိလား"

သော်တာက စိတ်ဝင်တစား မေးသည်။ သီသီ ခေါင်းညိတ်၏။

"သိတယ်. . . ငါနဲ့ မိတ်ဆက်ပေးထားတယ်၊ လူကတော့ သန့်သန့်ချောချောထဲကပါ။ ဒါပေမယ့် ဒီကောင့်မှာ ဒီလိုအကျင့်မျိုး ရှိမှန်းကို တော့ အခု ကိုယ်ပါ ရောနှောခံလိုက်ရတော့မှ သိရတော့တာပဲ၊ သူ့ရုပ်ကလေးနဲ့ အနေအထိုင်က ဒီလိုအကျင့်ရှိမယ်လို့ ထင်ရက်စရာတောင် မရှိဘူး"

သီသီက "လက်လန်တယ်" ဆိုသော မျက်နှာထားနှင့် ရှုံ့မဲ့စွာ ကောက်ချက်ချလေသည်။

"အစကတည်းက နင့်လူက အဲဒီကောင်အကြောင်း ပြောမပြခဲ့ဖူးဘူးလား"

ခိုင်မာ ဝင်မေးသည်။ စားပွဲထိုးကလေး လာချပေးသော လက်ဖက်ရည်ကို တစ်ငုံ၊ငုံ့သောက်လိုက်ပြီးနောက် သီသီ ပြန်ပြောသည်။

"မိတ်ဆက်ပေးရုံပဲ ရှိခဲ့တာဟ၊ တကူးတကတော့ ပြောမပြဖူးဘူး၊ အခုမှပဲ ငါလည်း သိခဲ့ရတာ၊ တိုက်ဆိုင်လာတော့ သူက ဒီးပြတယ်လေ"

"လုပ်စမ်းပါဦး. . . ဘယ်လိုတဲ့လဲ"

www.burmeseclassic.com



သော်တာက တောင်းဆိုလိုက်သည်။

"သူ့နာမည်က အဆန်းပဲ၊ ယောကျ်ားလေးသာ ဆိုတယ်၊ မှည့်ထားတဲ့နာမည်ကျ "သက်ထား" တဲ့၊ ဘယ်လောက် အူကြောင်ကြောင်နိုင်သလဲ"

ခိုင်မာရော သော်တာပါ မျက်ခုံးပင့်မိသွားကြသည်။

နာမည်ကြားရရုံနှင့်ပင် စိတ်ဝင်စားရမလိုကြီး ဖြစ်နေတယ်မဟုတ်လား။

ယောကျ်ားလေးဖြစ်ပြီး နာမည်ကျမှ တကယ့် ကန္တကလျာမိန်းကလေးနာမည်ဖြစ်နေသည်ကိုး။

"အင်း. . . ထူးဆန်းပါပေ့ ကတွတ်ပီ၊ တော်ပါသေးရဲ့. . . သူ့မိဘတွေက ထိပ်ထားတို့၊ သူဇာတို့၊ ဥမ္မာတို့လို မိန်းမနာမည်စစ်စစ်ကြီး မှည့်မပေးသေးလို့"

သီသီ၏ရယ်သံတစ်ဝက်နှင့် ကောက်ချက်ဖြစ်သည်။ ပြီးမှ ဆက်ပြော၏။

"အဲဒီသက်ထားက သူတို့အဖွဲ့ထဲမှာ အတော် ခြေဆော့ လက်ဆော့ လုပ်တတ်သတဲ့၊ တစ်ယောက်ယောက်ရဲ့ပစ္စည်းတစ်မျိုးမျိုးပျောက်သွားရင် သူ့လက်ချက်သာ အောက်မေ့ပေတော့တဲ့၊ အလစ်သုတ်တဲ့နေရာမှာလည်း သိပ်ပိရိပြီး လက်ကလည်း အလွန်လျင်သတဲ့တဲ့၊ ဘယ်သူမှ မသိလိုက်အောင် ဘယ်အချိန် ဘယ်လို ယူလိုက် နှိုက်လိုက်မှန်း မသိအောင် သွက်တယ် မြန်တယ်တဲ့"

ခိုင်မာတို့ ပို၍ပင် မျက်မှောင်ကျုံ့မိသွားကြ၏။

"နင့်လူကလည်း မဟုတ်သေးပါဘူးဟယ်၊ ဒီလိုခြေဆော့လက်ဆော့ ရှိတတ်တဲ့လူမျိုးကို ဘာလို့ ဆက်ပေါင်းသင်းနေကြသေးသလဲ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်း လမ်းစဖြတ်လိုက်ကြရင် ပြီးပြီပေါ့”

ခိုင်မာကပင် ဝေဖန်ရေး စလိုက်မိတော့၏။

“ဟာ. . . သူပြောတာကတော့ အဲဒီကောင်က လူကတော့ သဘောကောင်းမနောကောင်း စိတ်ရင်းကောင်းထဲကပါ၊ မခိုးရ မနေနိုင်တဲ့ အကျင့်ကလေး စွဲနေတာတစ်ခုပဲ ခက်နေတာပါတဲ့၊ အဲဒီလူက လည်း ကြိုတင်ပြောပြီး ဝန်ခံထားတာပဲတဲ့၊ ငါ့မှာတော့ အဲဒီအကျင့်က ငယ်ငယ်ကလေးဘဝကတည်းက စွဲလာတာ ဖျောက်မရဘဲ ဖြစ်နေတယ်၊ ဒါပေမယ့် သူများတွေ ဒုက္ခရောက်လောက်အောင် စည်းစိမ်ပျက် စီးပွားပျက် ဖြစ်လာအောင်တော့ ငါ ဘယ်တော့မှ မလုပ်ဘူးဆိုတာ ကတိပေးတယ်လို့ ပြောင်ပြောထားတာတဲ့”

“ဟင်. . . ဒါဆို သူနဲ့ ပေါင်းနေတွဲနေရတာ ဘယ်မှာ စိတ်ရှင်း ပါ့မလဲ၊ ငါ့ဆီက ဘယ်အချိန် ဘာများ အလစ်သုတ်လိုက် ခိုးလိုက်မလဲ လို့ တထင့်ထင့်ကြီး ဖြစ်နေရမှာပေါ့ သီသီရဲ့. . . မမိုက်ပါဘူး”

သော်တာက ဘဝင်မကျသောလေသံဖြင့် ပြော၏။

“ဒါပေမယ့် သူတို့ကတော့ ပျော်ပျော်ပါးပါးပဲ လက်တွဲ ပေါင်း သင်းနေကြတာပဲ၊ အဲဒီသူခိုးကလည်း ဆိုးတော့ မဆိုးလှဘူး၊ သူ တစ် ခုခု ခိုးထားပြီးလို့ (၄-၅)ရက်ကြာတဲ့အထိ အခိုးခံရတဲ့ ကာယကံရှင်က မသိသေးဘူးဆိုရင် မင်း တစ်ခုခု မပျောက်ဘူးလားဆိုပြီး သူ ခိုးထားတဲ့ ပစ္စည်းနဲ့ ပတ်သက်ပြီး ပြုံးစိစိနဲ့ မေးလာတော့တာပဲတဲ့၊ သဲလွန်စ ပြန် ဖော်ပေးတဲ့သဘောပေါ့၊ ဒီတော့မှ ကာယကံရှင်က ကိုယ့်မှာ ဘာ ပျောက်နေပါလိမ့်ဆိုပြီး ပြန်စစ်ရင်းဆေးရင်း သိရတော့တာပဲတဲ့၊ ဒီ. . . သိရတဲ့အချိန်မှာတော့ တစ်ခုခု ဟားကြောဖွင့်စရာ ကိုးလိုးကန့်လန့် တစ်ခုခု လုပ်ထားပြီး ဖြစ်နေပြီတဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲဟယ် . . ဒီလူကလည်း ခြေလက်အငြိမ်မနေနိုင်ဘဲ သက်သက်အလုပ်ပိုတွေ လျှောက်လုပ်တာပါကလား"

သော်တာက စိတ်ပျက်သံဖြင့် မှတ်ချက်ချ၏။

"သူတို့အဖွဲ့ထဲမှာကတော့ အဲဒီလူရဲ့ခိုးတတ်တဲ့အကျင့်ကြောင့် ကိုပဲ ခဏခဏ ရယ်နေကြရတာ ပျော်စရာတစ်မျိုးပဲတဲ့လေ၊ ဒါကြောင့် 'သက်ထား' နာမည်ကို နဘေထပ်ပြီး သူ့ကို "တေက်ပြား" လို့ ဘွဲ့ပေးပြီး အဲဒီနာမည်ပဲ ခေါ်ကြတာဆိုပဲ . . ဟီဟိ"

"သက်ထားဆိုတဲ့နာမည်က မိန်းမဆန်သလောက် သူတို့ ဝိုင်းမှည့်ပေးထားတဲ့နာမည်ကျမှ မမိုက်လိုက်တာဟယ်၊ တေက်ပြားဆိုတာ သူခိုးမှန်း မြန်မာလူမျိုးတိုင်း သိတဲ့နာမည်ပဲ၊ တေက်ပြားဆိုတာက သူခိုးရဲ့အမှတ်အသားဖြစ်နေပြီ၊ Thief Trade Mark ပေါ့ . . အူယားဖို့ကောင်းလိုက်တာ"

ခိုင်မာက အသည်းယားသလို ပခုံးကို တွန့်ပြလိုက်ရင်း ပြောမိသည်။

သီသီက ရယ်၏။

"အခု ငါ့လူလည်း အဲဒီလော့ကတ်သီးကလေးကို ဘယ်အချိန်က အလစ်နှိုက်သွားမှန်း တကယ့်ကို မသိခဲ့ဘူးတဲ့ဟ၊ ဟိုလူက သူမသိအောင် ခိုးပြီးမှ အထဲက တို့ဓါတ်ပုံတွေပေါ်မှာ သူစိတ်ကူးပေါ်ရာ ပေါက်ကရ ဓါတ်ပုံတွေ လျှောက်ထည့်ပြီး သူ့ကျောပိုးအိတ်ထဲ ပြန်ထည့်ပေးထားတာ ဖြစ်မှာပေါ့၊ အခု ငါက အမှတ်တရ စစ်လိုက်ဆေးလိုက်လို့ ထုတ်ပြတော့မှပဲ သိတော်မူတယ်လေ၊ အဲဒီတော့မှ အိုးနင်းခွက်နင်းတွေ ဖြစ်ကုန်ကြရတော့တာ၊ မောင့်ကိုလည်း ဒေါသာ ပွရတယ်၊ ဖြိုတွေး ကြည့်မိတော့ ရယ်စရာကြီး၊ ငါ ဒေါပွတော့မှ သူလည်း သိပြီး မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပြုံး မျက်ဆံပြူးနဲ့ ပျာယာခတ်တော့တာလေ”

“နင် သတိဝင်ပြီး စစ်မိမေးမိလို့စောစောသိရတာ တော်သေးတာပေါ့၊ တွေးကြည့်စမ်း . . . နင့်လူက တခြားတစ်ယောက်ယောက်ကိုဒါ ကျုပ်ချစ်သူကလေး ပေးထားတဲ့ ချစ်သက်လက်ဆောင်ဗျ . . . ဒီမှာကြည့် ဆိုတာမျိုး ကြွားပြီး ထုတ်ပြမိရင် သေပြီ၊ ဘင်လာဒင်နဲ့ ဂိုးလ်ဘတ်တို့ပုံတွေဆိုတော့ မြင်တဲ့သူတိုင်းက ထိုင်ဟားမှာ အသေအချာပဲ၊ အတော်ကမောက်ကမ ဖြစ်အောင် ချောက်ချတဲ့သူပဲနော်၊ အဲဒီငတက်ပြားကို ပြောပါတယ်၊ ဒီတစ်ခါ တွေ့ဖြစ်ကြရင် ငါတို့ကို ထပ်မိတ်ဆက်ပေးထားစမ်းဟာ”

သော်တာ၏တောင်းဆိုမှုကြောင့် ခိုင်မာ မျက်စိလည်သွားရသည်။ ချက်ချင်းလည်း ကန့်ကွက်မိ၏။

“နင်ကလည်းဟယ် . . . ဒီလိုလူမျိုးကိုမှ အသိမိတ်ဆွေဖွဲ့ချင်ရတယ်လို့”

သည်တော့ သော်တာက မျက်လုံးပြူး၍ကြည့်ကာ ပြန်ပြော၏။

“ခိုင်မာရဲ့ . . . ကြိုသိထားတော့ အစောကြီးကတည်းကရှောင်နိုင်တာပေါ့ဟဲ့၊ ငါက ဆောင်ရန်ရှောင်ရန်နှစ်ခုမှာ ရှောင်ဖို့ ကြိုသိထားရအောင် ပြောတာ၊ ဆောင်ဖို့မေးနေတာ မဟုတ်ဘူး၊ ကိုဇော်မျိုးတို့နဲ့ အတွဲတွေ ဆိုတဲ့နောက်မှတော့ တစ်ချိန်မဟုတ်တစ်ချိန် အဲဒီလူနဲ့ငါတို့လည်း ဆုံလာဖြစ်ကြမှာပဲ၊ တို့က သူ့အကျင့်ဆိုးကို ကြိုသိထားနှင့်ပြီးသားဆိုတော့ တို့အတွက် အန္တရာယ်ကို ကြိုကာကွယ်သတိထားနိုင်တာပေါ့”

သည်လိုဆိုတော့လည်း သော်တာ့စကားကို ဟုတ်သားပဲဟုထောက်ခံရမလို။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . . ခိုင်မာကတော့ ပြတ်ပြတ်သားသားပင် မပတ်သက်ရေးကိစ္စကို အဆိုတင်သွင်းလိုက်၏။

"တို့ကတော့ ရှင်းတယ်ဟာ၊ ဒီလို အကျင့်စာရိတ္တ မကောင်းတဲ့ သူမျိုးကို မိတ်ဆွေစာရင်းထဲ မသွင်းနိုင်ဘူး၊ ငါက သူခိုးဆို အသေမုန်းတာ၊ ခြေဆော့လက်ဆော့သမားဆို အသံကြားရုံနဲ့ အော့နှလုံးနာတယ်၊ နင်တို့က မကြုံဖူးတော့ သိကြမှာမဟုတ်ဘူး၊ ငါကတော့ ကောင်းကောင်းကြီး ကြုံခဲ့ဖူးတယ်"

ပြောရင်းကပင် ခိုင်မာ့လေသံက နာကြည်းသံတွေ လှိုင်းထလာသလို ရှိ၏။

"ဘယ်လိုကြုံခဲ့ရဖူးတာလဲဟင်"

သီသီက စပ်စု၏။

"ငါတို့မိသားစုဟာ ဘယ်သူမှန်း မသိတဲ့ သူခိုးတစ်ယောက်ကြောင့် ရေရေလည်လည် ဘဝပျက်ခဲ့ကြရတာလေ၊ အခုထိ နာလန်မထူနိုင်ဘူး၊ သူခိုးတစ်ယောက် ပေးထားခဲ့တဲ့ ဒုက္ခနွံမှာ ခုထိ နစ်နေကြရတုန်း၊ ဒါကြောင့် သူခိုးမှန်ရင် ငါ့အတွက်တော့ ရန်သူပဲ"

"ဟုတ်လား. . . ဘယ်လိုဖြစ်ခဲ့ ကြုံခဲ့ရတာလဲဟင်"

သော်တာကပါ စိတ်ပါဝင်စားလာကာ ထပ်မေးလာပြန်၏။

"ငါတို့အဖေနဲ့အမေက တကယ့်ကို လူရိုးလူအေးတွေကွ၊ တစ်သက်လုံးက ရိုးရိုးသားသားပဲ လုပ်ကိုင်ရှာဖွေပြီး ချွေးနဲ့စာကို စုဆောင်းနေထိုင်လာခဲ့ကြတာ၊ ဒါပေမယ့် အဖေက သက်ဆိုးမရှည်ရှာဘူး၊ အရက်မသောက်တတ်တဲ့အဖေဟာ အသည်းကင်ဆာနဲ့ ဆုံးခဲ့ရတယ်၊ အဲဒါ့ကိုက တို့မိသားစုအတွက် ကံကြမ္မာရဲ့အပြင်းဆုံးထိုးနှက်ချက်ပဲ၊ မမြင်သာ မငြင်းသာတဲ့ကံကြမ္မာကိုတော့ ထားလိုက်ကြပါစို့ ဒါပေမယ့်

www.burmeseclassic.com



ကံကြမ္မာမဟုတ်ဘဲ အကျင့်ယုတ်တဲ့ သူခိုးတစ်ယောက်ရဲ့ ထိုးနှက်ချက်ကိုတော့ ငါ့တစ်သက် မမေ့ဘူး၊ တကယ့်ကို ခါးသီးလွန်းခဲ့တယ်ကွာ၊ အဖေဆုံးပြီးတဲ့နောက်ပိုင်းကျမှပဲ တစ်ရက်မှာ ငါတို့အိမ် သူခိုးအဖေါက်ခံရတယ်"

"ဟယ်. . ."

သော်တာရော သီသီပါ တုန်လှုပ်သွားကြပုံရ၏။

"အဲဒီမှာပဲ အဖေနဲ့အမေတို့ ကျစ်ကျစ်လျစ်လျစ်နဲ့ တစ်ဘဝလုံး ကုန်းရုန်းရှာဖွေစုဆောင်းလာခဲ့သမျှ ရွှေနဲ့စာကလေးတွေအားလုံး ကုန်ရော၊ အိမ်မှာ ရှိသမျှ ရွှေငွေ လက်ဝတ်ရတနာအတွင်း ပစ္စည်းကလေးတွေ အကုန်လုံး ဆုံးရှုံးခဲ့ကြရတယ်၊ ရွှေဆိုလို့ ငါတို့သားအမိတစ်တွေရဲ့ ကိုယ်ပေါ်က လက်ဝတ်လက်စားကလေးတွေပဲ စတိလောက် ကျန်ခဲ့တယ်၊ အဖေ ဆုံးသွားလို့ အားကိုးရာတစ်ခုမဲ့ပြီး အားငယ်နေကြရချိန်ကြီးမှာမှ အဲဒီသူခိုးပြဿနာက ဆောင့်ဝင်လာတာ၊ နာဂစ်ကို ရှေ့ဆုံးက ရင်ဆိုင်လိုက်ရတဲ့ ရွာတစ်ရွာနဲ့ တူနေမလားတောင် မပြောတတ်ဘူး၊ တို့မိသားစုမှာ ဝမ်းနည်းအံ့ကြိတ် တက်ခေါက်ငိုကြွေးရုံကလွဲပြီး ဘာမှ မတတ်နိုင်ခဲ့ကြဘူး၊

'အမေရယ်. . . သမီးတို့တော့ ဒုက္ခရောက်ကြပါပြီ'

ဆိုပြီး ငါ့အထက်ကအစ်မက အမေ့ကို ဖက်ငိုတဲ့အသံကို ငါ ကြားယောင်နေတုန်းပဲ၊ အမေနဲ့အစ်မတို့ရဲ့မျက်ရည်တွေ ငါ့ရဲ့မျက်ရည်တွေ ခုထိ မခြောက်သေးဘူး၊ အဲဒီသူခိုးရဲ့ထိုးနှက်မှုမှာ ရှေ့ကနေ ပထမဆုံး ရင်စည်းခံလိုက်ရတာက ငါ့အမေနဲ့အစ်မပဲ၊ သူတို့က အိမ်ထောင်စုရဲ့အကြီးအမှူးတွေဆိုတော့ ရှေ့က ထွက်ရင်ဆိုင်ကြရတာပေါ့၊ အစ်မက ကျောင်းတက်ဖို့အချိန်ရော ငွေကြေးရော မရှိတော့တဲ့အတွက် အဝေး



www.burmeseclassic.com

www.burmeseclassic.com



သင်ကို ပြောင်းပြီး အမေနဲ့ ဒိုးတူပေါင်ဖက် ဝင်ငွေရှာတဲ့နေရာကို ဝင်လိုက်ခဲ့ရတယ်လေ"

ခိုင်မာ့စကားကို နားထောင်ရင်း သော်တာနှင့်သီသီတို့ မျက်လုံးကလေးတွေ မှိုင်းရီလာကြသည်။

မျက်နှာကလေးတွေလည်း နွမ်းသွားကြသည်။

ခုအချိန်အထိ ဆက်လက် အသက်ဝင် ရှိက်ခတ်နေတုန်းပဲ။ မဆီမဆိုင်နဲ့ သော်တာတို့ သီသီတို့ကိုတောင် ဆွဲ့အ ငေးမော ကြေကွဲသွားစေနိုင်တုန်းပဲဟု တွေးကာ နာကျင်နာကြည်းခြင်း မီးတစ်စ ခိုင်မာ့ရင်ထဲမှာ အငွေ့လူလာသည်။

"ပြောရရင် အမေဟာ ဘယ်တုန်းကမှ စီးပွားရေး လုပ်ခဲ့ဖူးသူ မဟုတ်ဘူး၊ အစ်မဆိုတာကလည်း ကျောင်းတက်နေဆဲ ကျောင်းသူစစ်စစ်ကြီး၊ အဲဒီသူခိုးရဲ့လက်ချက်ကြောင့် စီးပွားရေး မလုပ်ခဲ့ဖူးကြတဲ့ ငါ့အမေနဲ့အစ်မဟာ ဖြုန်းစားကြီး စီးပွားရေးလောကကို အစိမ်းလိုက် ရင်ဆိုင်လိုက်ကြရတာ၊ ဟိုလူပြော ဟုတ်နိုးနိုး၊ ဒီလူပေးတဲ့အကြံ လက်ခံရနိုးနိုးနဲ့ ဝင်ငွေရှာတဲ့အလုပ်ကို လုပ်နိုင်ဖို့အတွက် ရှေ့ပိုင်း အဦးအစမှာ ကိုယ့်ဘက်က အများကြီး ထိုးဆပ်ခဲ့ကြရတာ၊ ဝင်ငွေကလေးက ဝင်မလာသေးဘူး၊ ကိုယ့်ဆီက အလိမ်ခံ အညာခံရလို့ ဆုံးရှုံးခဲ့ရတဲ့ထွက်ငွေတွေက အများကြီး၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ စီးပွားရေးလောကရဲ့ ပင်ကိုသဘောတရားကိုက ကိုယ်က မရခင် အရင်ပေးရတတ်တာ ဆို တော့ လှိမ့်ပိမ့် လူးလဲခံရတာပဲ၊ ကိုယ်က အရင်ပေးတဲ့အတွက် ပြန် လာတာက အတွေ့အကြုံတွေပေါ့၊ အဲဒီအတွေ့အကြုံတွေ ဖြတ်သန်းမှု တွေကိုပဲ "အမြတ်" လို့ သဘောထားခဲ့ကြရတာပေါ့၊ လူတွေအကြောင်းကို တကယ် ထဲထဲဝင်ဝင် နှိုက်နှိုက်ချွတ်ချွတ် သိချင်ရင် စီးပွားရေ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြည့်၊ ဘယ်ရုပ်ရှင်ထဲ ဝတ္ထုထဲမှာမှ ကြည့်ခွင့်ဖတ်ခွင့် မရခဲ့တဲ့ လူတွေရဲ့တကယ့်အကြောင်းတွေ အကုန်သိလာရလိမ့်မယ်"

ပြောရင်းကပင် ခိုင်မာ မောလျလာသလို ခံစားရသည်။

သီသီက စာနာဟန်ဖြင့် ခပ်ငေးငေး ကြည့်ရင်း ပြောသည်။

"အင်း. . . နင်တို့ တော်တော်အားမွေးခဲ့ကြရမှာပဲနော် ခိုင်မာ"

"ဒါပဲရှိတယ်လေ သီသီရယ်၊ ကိုယ်လဲရင် ကိုယ်ထူဖို့ ကြိုးစားရတာပဲ၊ အမေရယ်၊ အစ်မရယ်၊ ငါရယ်၊ တို့(၃)ယောက်မှာ ရှိတဲ့ ရွှေတိုရွှေစကလေးတွေကို ထုခွဲရင်းနှီးခဲ့ကြပေမယ့် အရင်းအနှီးပါးပါးကလေးက ဘယ်လောက်ကြာမလဲ၊ မလုပ်တတ် မကိုင်တတ် မိန်းမသားတွေချည်းဆိုတော့ လူလိမ်လူညာတွေနဲ့ တွေ့တဲ့အခါ နင့်ခနဲ နင့်ခနဲပေါ့၊ နောက်ဆုံးတော့ ဒီလို မြေစမ်းခရမ်းပျိုးသလို တစ်ခုပြီးတစ်ခု လျှောက်လုပ်နေလို့တော့ မဖြစ်တော့ဘူး၊ ကိုယ် ပိုင်နိုင်ကျွမ်းကျင်တာပဲ လုပ်မယ်ဆိုပြီး အမေက ဆုံးဖြတ်ချက် ချတယ်၊ အမေက အချက်အပြုတ် အိမ်တွင်းမှုကိစ္စတွေကို ပိုင်တယ်လေ၊ မုန့်ဟင်းရည်ကောင်းကောင်းတစ်မယ်ရအောင် အမျိုးမျိုး စမ်းသပ်ချက်ကြည့်ပြီး ဘယ်သူနဲ့မှ မတူတဲ့ စနစ်တစ်ခု ရလာတော့မှ မုန့်ဟင်းခါးဆိုင်ကလေး ဖွင့်လိုက်တယ်၊ အဲဒါတို့မိသားစုရဲ့နောက်ဆုံးကျည်ဆန်ပဲ. . . နောက်ဆုံးထွက်ပေါက်ပဲ၊ တော်သေးတယ်. . . အဲဒီလုပ်ငန်းက ဆိုင်ဖွင့်ပြီး တစ်လလောက်အကြာမှာပဲ 'ပေါက်' သွားလို့၊ နို့မို့ဆိုရင် ငါလည်း အစ်မလို ကျောင်းထွက်ပြီး အဝေးသင် ပြောင်းရပြီးလောက်ပြီ"

"ဟူး. . . ခုမှ သက်ပြင်းချနိုင်တော့တယ်ဟာ၊ ဇာတ်သိမ်းခန်းကလေး ရောက်မှပဲ အသက်ရှူချောင်လာတော့တယ်"

သော်တာက ဟူးခနဲ လေပူတွေကို မှုတ်ထုတ်ရင်း မှတ်ချက်ချ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ခိုင်မာက ပြုံးလိုက်သည်။

"အသက်ရှူချောင်ရုံ မလုပ်ပါနဲ့၊ အသက်ဝဝရှူပါဟ၊ အခု ငါတို့ မိသားစုကလေးက ပုံမှန်တော့ လည်ပတ်ရပ်တည်နိုင်ပါပြီ၊ မချမ်းသာပေမယ့် အများတန်းတူတော့ နေထိုင်စားသောက်နိုင်ပါပြီ၊ ငါ့အောက်က မောင်လေးနဲ့ညီမလေးတို့လည်း အထက်တန်းနဲ့ အလယ်တန်းပညာကို ဖြောင့်ဖြောင့်သင်ယူနေနိုင်ပါပြီ"

ကာယကံရှင် ခိုင်မာက နှစ်သိမ့်လိုက်တော့မှပင် သော်တာနှင့် သီသီတို့ ပြုံးနိုင်လာကြတော့၏။

သီသီက ခေါင်းတဆတ်ဆတ် ညိတ်ကာ တွေးတွေးဆဆ လေသံနှင့် ပြောသည်။

"အေးဟ. . . နင်ပြောသလိုဆိုရင်တော့လည်း ဒီသူခိုးတွေကို နင် အသေမုန်းတယ်ဆိုတာ မုန်းလောက်စရာပဲ၊ ငါကိုယ်ချင်းစာ ခံစားပေးလို့ ရတယ်၊ အခုဆို ငါ့ကိုပဲ ကြည့်လေ၊ စီးပွားပျက်အောင် လုပ်တဲ့ သူခိုးမဟုတ်ဘဲ အပျော်တမ်းသူခိုးနဲ့ တွေ့ရတာနဲ့တင် တော်တော် ကသိ တအောင့် ဖြစ်သွားရတာ၊ ဘယ့်နှယ် ငါက မြန်မာစင်စစ်ကနေ လူမည်း တပွလီအရုပ်ဆိုးကြီး ဖြစ်၊ ငါ့လူ ကိုဇော်မျိုးကျတော့ ကမ္ဘာကျော် ဆိုးသွမ်းလူမိုက် ဘင်လာဒင်ဖြစ်၊ အတော်ခါတ်ပျက်တယ်၊ ရယ်တော့ ရယ်ရပါရဲ့၊ အောင့်သက်သက်ကြီးနဲ့ မချိသွားဖြဲ ရယ်နေရတာမျိုးကြီး၊ ဒီငတက်ပြားကိုတော့ ဒီတစ်ခါ တွေ့ရင် နောက် အဲလိုမကျီစားဖို့ ပြင်း ပြင်းထန်ထန် သတိပေးမှ ဖြစ်တော့မယ်"

"အေး. . . အဲဒါအမှန်ပဲ၊ နင်ကြိုပြောထားသင့်တယ်၊ အတော် နောက်တဲ့လူပဲ၊ ဒီတစ်ခါ ဆုံဖြစ်ကြရင် ငါတို့ကိုပါ မိတ်ဆက်ပေးထား၊



www.burmeseclassic.com

www.burmeseclassic.com



ဒါမှ နောက်ကို ရှောင်နိုင်မှာ”

သော်တာက တောင်းဆိုလိုက်၏။ သီသီက ခေါင်းညိတ်ပြရင်း ခုမှ သတိရလာဟန်ဖြင့် နောက်ထပ်ဖြည့်စွက်ချက်တစ်ခု ထပ်တိုး၏။

“အောင်မယ်. . ပေပေတေတေတော့ မထင်နဲ့ဟ၊ ခုမှ သတိရလာတယ်၊ အဲဒီငတက်ပြားက လူကသာ ပြောင်စပ်စပ်နဲ့ သူခိုးကျင့် သူခိုးကြံ ကြံတာ၊ တစ်ဘက်ကကျတော့ ကဗျာတွေ ဝတ္ထုတွေ ရေးသေးသတဲ့၊ သူ့ဝတ္ထုတွေ ကဗျာတွေက မဂ္ဂဇင်းတွေမှာ အဖော်ပြခံရတယ် ဆိုပဲ”

“အလိုတော်. . . ဒီဘဲက. . ”

သော်တာက မျက်လုံးပြူးနှင့် အလန့်တကြား ရေရွတ်၏။

“ဟုတ်ပ့ါ. . . ဒီကောင်က အတော်ကတ်သီးကတ်သတ်အစား ထဲကပဲ၊ ကလောင်နာမည်ကိုက ရယ်စရာကြီး၊ ဖားတစ်ပိုင်း ငါးတစ်ပိုင်း နာမည်နဲ့ ရေးတာ”

“ဘာတဲ့တုန်း”

“ကိုမောင်သက်ထားတဲ့. . . ရှေ့နှစ်လုံးက ယောကျ်ား၊ နောက်နှစ်လုံးက မိန်းမ၊ ကျားတစ်ဝက် မတစ်ခြမ်း နာမည်ဟ”

“ဒါဆို ဒီကောင်က ဂေးဖြစ်ချင်ဖြစ်နေမှာပေ့ါ”

သော်တာ၏မှတ်ချက်ကြောင့် ခိုင်မာနှင့်သီသီတို့ တသိမ့်သိမ့် ရယ်ဖြစ်ကြရလေသည်။

စိတ်ဝင်စားဖို့ကတော့ ကောင်းနေပါသည်။

နာမည်က မိန်းမနာမည်နှင့် အပျော်တမ်းသူခိုးဆိုတော့ နာမည်ရော အမူအကျင့်ကပါ စိတ်ဝင်စားအောင် ဆွဲဆောင်နေသလို ရှိတာ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



သည်အထဲ ကဗျာဆရာ ဝတ္ထုဆရာလည်း ဖြစ်သေးသည် ဆိုတော့ သူ့ကိုပဲ ပုဂ္ဂိုလ်ထူးအဖြစ် ဂရုတစိုက် ခေါင်းထောင်ကြည့်ရ တော့မလိုလို။ ပြီးတော့ အရမ်းချမ်းသာပြန်ပါသတဲ့။

"ကိုဇော်မျိုးကတော့ ပြောတာပဲ၊ သူတို့သူငယ်ချင်းက မွေးဖွား လာချိန်တုန်းက စောရနက္ခတ်မိပြီး မွေးလာခဲ့လို့ မခိုးရမနေနိုင် ဖြစ်ပြီး အပေ့ါစားကလေးတွေကို ခိုးနေရရှာတာပါတဲ့၊ သူ့ကိုပဲ ဝိုင်းဂရုဏာ သက်ကြရတော့မလိုလို"

သီသီက မှတ်ချက်ချတော့ ခိုင်မာက ကြိုကြိုတင်တင်ပင် ပြတ် သားသော ကန့်ကွက်လွှာကို တင်ဖြစ်ခဲ့လေသည်။

"တို့ကတော့ လုံးဝပဲဟေ့၊ အဲလိုလူမျိုးကို မိတ်ဆွေစာရင်းကို မသွင်းချင်တာ၊ ကြားရရုံနဲ့တင် အော်ဂလီဆန်တယ်၊ နင့်လူနဲ့ ပတ်သက် ပြီး ဆုံဖြစ်ခဲ့ကြရင်တောင် ငါနဲ့ မိတ်ဆက်မပေးနဲ့၊ ခပ်ကင်းကင်းပဲ နေ ချင်တယ်၊ သွားအရောဝင်မိရင် တစ်နေ့မဟုတ်တစ်နေ့ သူ့လက်ချက် မိပြီး လူတကာ ဟားကြောထဲ ကိုယ်ပါ မျောပါသွားမှာစိုးရတယ်၊ ဒါမျိုး တော့ ဒိုးဆလံ တင်းဆလံပါပဲ သီသီရယ်"



www.burmeseclassic.com



# အခန်း(၂)

"သီသီ. . . ကြည့်ပါဦး၊ ဒီမှာနော်. . . ခုမှ တို့နှစ်ဦးပိုင် အော်ရီဂျင်နယ် ဖြစ်သွားပြီ. . . ဟဲဟဲဟဲ"

သီသီတို့အုပ်စု ဝင်ထိုင်မိကြသည်နှင့်ပင် ဇော်မျိုးက သူ့ကျောပိုးအိတ်ထဲမှ ကတ္တီပါဘူးအနီရောင်ကလေးကို ထုတ်ပြကာ လှမ်းပေးရင်း ပြော၏။ မျက်နှာက စပ်ဖြီးဖြီးနှင့် အသားကုန် ပြုံးထားသည်။

"မင်းဟာကလည်းကွာ. . သိသာလိုက်တာ၊ ရောက်ပဲမရောက်သေးဘူး၊ တစ်ခါတည်းကို ဆီးကြိုပြီး ဖားတော့တာပဲ"

အနားမှာ ကပ်ထိုင်နေသော ဖက်တီးက ဝင်နှိုက်ပွ်ပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အသာနေစမ်းပါ ဖက်တီးရာ၊ ငါတို့ချင်းကိစ္စကို မင်းမသိပါဘူး"

ဇော်မျိုးက တစ်ချက်လှမ်းကြည့်ကာ ဟန့်တားလိုက်၏။

သီသီက ကတ္တီပါဘူးကလေးကို လက်လှမ်းယူလိုက်ကာ အထဲမှ ရွှေလော့ကတ်သီးကလေးကို ဆွဲထုတ်လိုက်၏။ ပြီးမှ လော့ကတ်သီး၏ခလုတ်ကို ဖွင့်၍ကြည့်လိုက်ပြီး ပြုံးလိုက်သည်။

ဟုတ်ပြီ. . .။ အခုမှပဲ ဇော်မျိုးနှင့်သီသီတို့၏ မျက်နှာကလေးတွေ ပြန်ဖြစ်သွားကြပြီ။

ဘင်လာဒင်နှင့် ဂိုးလ်ဘတ်တို့၏ပုံကို ပြန်ထုတ်ကာ ဇော်မျိုးက အပိုရှိနေသေးသော သူတို့နှစ်ယောက်ရဲ့ဓါတ်ပုံများဖြင့် မူလအတိုင်း ပြန်ပြုပြင်ထည့်ထားပြီး ဖြစ်နေ၍ သီသီ ကျေနပ်သွားသည်။

သူတို့ချစ်သက်ဘူးကလေးက မူလအတိုင်း ပြန်ဖြစ်သွားပြီး ဖြစ်ကြောင်းလည်း အတူပါလာသည့် ခိုင်မာနှင့်သော်တာတို့ကို ပြသလိုက်သေး၏။ သီသီ ကျေနပ်စွာ ပြုံးနေဆဲမှာပင် မျက်နှာချင်းဆိုင်ရှိ ဖက်တီးထံမှ စကားသံ ထွက်လာ၏။

"အောင်မယ်. . ဗီလင်အပြည့်နဲ့ ကြည့်နေလိုက်တာ၊ ဘင်လာဒင်ကို ကြည့်လို့မဝဘူးပေါ့လေ"

"ဟင်. . . နင်. . နင်က သိနေတယ်ပေါ့လေ"

သီသီက မျက်နှာတစ်ပြင်လုံး နီရဲသွားကာ အလန့်တကြား မေးလေသည်။

ဒီရွှေကြုပ်ထဲမှာ ဘင်လာဒင်တို့ဓါတ်ပုံတွေ ရှိနေခဲ့ဖူးတာကို ဖက်တီးက သိနေသည်ဆိုတော့ အတော်ဖီးလ်ငုပ်သွားကာ ခေါင်းခနဲ ခေါ်ထလာ၏။

www.burmeseclassic.com



"သိပ်ါ. . . ဘင်လာဒင်ကလည်း ချောပ့်၊ မုတ်ဆိတ်တွေနဲ့ ဆိုတော့ ဟိုစကားပုံကို ပြင်ပစ်ရမယ်၊ ရင်ဝယ်ထား သားလည်း မဟုတ်၊ မုတ်ဆိတ်အိုး ဇော်မျိုးလည်း မဟုတ်. . လို့"

ဖက်တီး၏ရိုက်ချက်ကြောင့် ဇော်မျိုးပါ အတော်ရင်ခံသွားသည်။ ထိုခဏမှာပင် စူးလက်သော သီသီ၏မျက်လုံးအကြည့်တွေက ဇော်မျိုးဘက် လှည့်လာသည်။

"ဟင်. . . နင်. . နင်. . လူတကာကို လျှောက်ပြတယ်ပေ့ါလေ"

ဇော်မျိုး ကျောချမ်းသွားသည်။

သီသီသည် စိတ်ကြည်လင်နေလျှင် တမောင်မောင်နှင့် မောင်းတလေး ဆက်တိုက်ထုနေသလို ခေါ်တတ်သော်လည်း မယ်ကုဝဏ်စိတ် ဝင်လာလျှင် နင်လုံးငါလုံး ရိုက်လာတော့သည် မဟုတ်လား။ ဇော်မျိုးက ရည်းစား 'တော်' လိုက်ပြီဆိုကတည်းက "ငယ်ကြောက်" လေ။

"မ. . မ. . မဟုတ်ဘူး"

"မဟုတ်ရင် ဖက်တီးက ဘာလို့ ပြောနိုင်နေရတာလဲ"

သီသီက ပစ်ဟောက်သည်။

"ဒါ. . ဒါ. . . တော့. . မောင်လည်း. . မ. . မသိ. . "

ဖက်တီး၏ကျယ်လောင်သော တဟားဟား ရယ်သံကြီး ကြားဖြတ် ထွက်လာသဖြင့် သူတို့စကားတွေ ရပ်သွား၏။

"ကဲ. . ကဲ. . အချင်းချင်းတွေ စိတ်မရှိကြပါနဲ့၊ ဘင်လာဒင်တို့ ဝူပီဂိုးလ်ဘတ်တို့ ဓါတ်ပုံတွေကို ဟိုကောင် လဲထည့်နေကတည်းက ငါက သိခဲ့ပြီးသားမို့ အခုရိုးသွားပြီး မရယ်ချင်တော့ပါဘူး၊ သူငယ်ချင်းချင်း ချစ်လို့ကျီစားတာ ခွင့်လွှတ်လိုက်ကြပါ၊ ငှဲငှဲငှဲငှဲ. . ကြားက ဝင်



www.burmeseclassic.com

www.burmeseclassic.com



"စေ့စပ်ပေးတာနော်"

သေရော. . .။ ဒီကိစ္စကို ဖက်တီးအပြင် တခြားသူငယ်ချင်းတွေ အတော်များများပင် သိပြီး ဟားပြီးလောက်ပြီဟုသာ နားလည်လိုက်ကြရပေတော့သည်။ ဇော်မျိုးက. . .

"ဒီကောင် ဘယ်အချိန်က လုပ်ထည့်လိုက်မှန်း မသိဘူး၊ ငါနဲ့ သီသီတောင် ဟိုတစ်ရက် တွေ့ကြမှ သိတာ၊ သီသီက မေးလို့ ငါက ထုတ်ပြတော့မှ ငါလည်း သိတာ"

ဇော်မျိုးက ခေါင်းကုတ်ရင်း ဝန်ခံသည်။

"ဟိုတစ်ရက်က ငါတို့ တော်ဝင်စင်တာကို ခဏဝင်ကြတယ်လေကွာ၊ အဲဒီတုန်းက ဂိတ်အဝင်မှာ လုံခြုံရေးတွေက အိတ်ကလေးတွေ ခဏပြကြပါလို့ စစ်တယ်လေ၊ အဲဒီတုန်းက ဒီကောင် နှိုက်ယူထားလိုက်တာ"

"ဟင်. . . အဲဒီကတည်းက မင်းက သိတယ်ပေါ့"

"ဝေးပါသေးရဲ့ကွာ. . . နောက်တစ်နေ့ကျမှ ဘင်လာဒင်တို့ ဓါတ်ပုံတွေ ရှာလာပြီး အဲဒီအထဲ ကပ်ထည့်မယ် လုပ်တုန်း ငါက ရောက်သွားလို့ သိရတာ၊ အဲဒီကတည်းက ငါက အူတက်မတတ် ရယ်ပြီးပြီ"

ဖက်တီးက ရယ်၍ ရှင်းပြ၏။

ဇော်မျိုး အဲဒီတော့မှ ဇာတ်ရည်လည်သွားရသည်။ ဟိုတစ်ရက်က တော်ဝင်စင်တာထဲကို သူတို့(၃)ယောက် ဝင်ကြသည်။ ဂိတ်ဝတံခါးမှာ လုံခြုံရေးဆရာများက အိတ်ကလေးတွေ ပြဖို့ တောင်းတော့ သက်ထားက "မင်းတို့အိတ်တွေ ပေးကြဟေ့" ဟု လှမ်းတောင်းသဖြင့် အေးရာအေးကြောင်းပဲ အောက်မေ့ကာ သူ့လက်ကို ထိုးပေးလိုက်ကြခြင်းပင်။ အဲဒီအချိန်ကလေးအတွင်းမှာ သည်ရွှေကြုပ်ကလေးကို တောက်



www.burmeseclassic.com

www.burmeseclassic.com



ပြားပီပီ အမြန်အလစ်သုတ်လိုက်ခဲ့တာပင် ဖြစ်၏ဟု ခုမှအဖြေထွက်၏။

"ဟင်းဟင်းဟင်း. . . ဒင်းတော့လား၊ နေနှင့်ဦး. . . နေပစေဦး"

သီသီက အံကြိတ်သံကြီးဖြင့် ကြိမ်း၏။

ခိုင်မာနှင့်သော်တာတို့လည်း ပြုံးစိစိ ဖြစ်နေကြရသည်။

သီသီကတော့ ဇော်မျိုးနှင့် ရည်းစားဖြစ်ကြပြီဆိုကတည်းက ဇော်မျိုး၏လက်တွဲဖော် သူငယ်ချင်းတွေကို သိကျွမ်းခဲ့ပြီးဖြစ်သည်။

ခိုင်မာနှင့်သော်တာတို့ကသာ စိမ်းနေကြသေးခြင်းဖြစ်၏။

သီသီက ခိုင်မာတို့နှစ်ယောက်နှင့် ဖက်တီးကို မိတ်ဆက်ပေးလိုက်သည်။ တကယ်တမ်းမှာက နာမည်ရင်းက အောင်နိုင်ဖြစ်သော်လည်း ဝဖီးသည့် သူ့ပုံစံကြောင့် 'ဖက်တီး' ဟု နာမည်ပြောင် ရရှိခဲ့ခြင်းဟုဆိုသည်။

ဇော်မျိုးက ထပ်မံ၍ သူ့လူကို အရောင်တင်ပေးလိုက်သေး၏။

"နင်တို့ သူ့ကို ဖက်တီးလို့ မခေါ်ချင်ရင်လည်း ရတယ်၊ ဘလက်ပစ်လို့ခေါ်"

"တယ်ဟုတ်ပါလား. . . ဘရက်ပစ်က အင်ဂျလီနာဂျိုလီရဲ့ယောကျ်ား ဟောလိဝုဒ်)က ကမ္ဘာကျော်မင်းသားပဲ၊ ကိုအောင်နိုင်က နစ်နာနေပါဦးမယ်"

ခိုင်မာက ဝင်ပြောလိုက်တော့ ဇော်မျိုးက ဦးခနဲ ရယ်၏။

"မဟုတ်ဘူး ခိုင်မာရဲ့၊ စကားကို သေသေချာချာ နားထောင်၊ ဒီကောင့်ရဲ့နောက်နာမည်တစ်မျိုးက "ဘရက်ပစ်" မဟုတ်ဘူး၊ ဘရက်ပစ်က ကမ္ဘာကျော်မင်းသား၊ သူက ဘလက်ပစ်၊ ဘီအယ်လ်အေစီကေနဲ့ ပီအိုင်ဂျီ နှစ်မျိုးပေါင်းထားတာလေ၊ Black Pig မည်းသော နက်မှောင်



www.burmeseclassic.com

www.burmeseclassic.com



သောဝက်. . . လို့ ဘာသာပြန်ရမှာ”

ခိုင်မာတို့ တစ်ဝိုင်းလုံး ဝါးခနဲ ပွဲကျသွားသည်။

“မင်းတော်တော်ဆိုးတဲ့ကောင် ဖက်တီးရာ၊ တကယ်ဆို တေက်ပြား လုပ်ထားတာကို ကြိုသိခွင့်ရခဲ့ပါလျက်နဲ့ ငါ့ကို သတင်းကလေး တောင် ပြန်ပေးဖေါ် မရဘူး၊ ငါ့မှာ ဟိုတစ်နေ့က သီသီကို တောင်းပန်နေရတာနဲ့ပဲ အချိန်ကုန်သွားတာ၊ ဘာမှတောင် မဘာလိုက်ရဘူး”

ဇော်မျိုးက ကြိတ်မနိုင်ခဲမရသံဖြင့် ပြောတော့ ဖက်တီးက အရင်းအမြစ်ကို ချက်ချင်းလှမ်းထောက်၏။

“ဘာမှတောင် မဘာလိုက်ရဘူးဆိုတော့ ဒီပြဿနာသာ ဝင်မလာခဲ့ရင် တခုခု “ဘာ” ပဲ “ဘာ” တော့မလိုလို၊ အဲဒီ “ဘာ” ဆိုတာ ‘ဘာ’ လဲ”



www.burmeseclassic.com

www.burmeseclassic.com



"နေဦး ဖက်တီး၊ မင်းက ဘာတွေမေးနေလို့ ငါက ဘာကို ဖြေရမှာလဲ"

"အဲဒီမင်းတို့နှစ်ယောက် "ဘာ" တဲ့ကိစ္စဟာ ဘာလဲလို့ ငါ မေးနေတာလေ. . . ရှင်းရှင်းလေးပဲ"

"ဟာ. . တော်ကြပါတော့. . . ရှုပ်ကုန်ပြီ၊ နားထောင်ရင်း တောင် ခေါင်းတွေ နောက်လာပြီ"

သီသီက အလယ်က ထအော်၏။

"ဘာလဲဟာ. . . နင်က တစ်မျိုး၊ ဘာမှန်းမသိဘဲနဲ့ ဘာတွေ ဝင်ပြောနေပြန်တာတုန်း"

ဖက်တီးက ငဲ့ကြည့်ကာ အပြစ်တင်ပြန်၏။

"ကဲ. . . ကျေးဇူးရှင်တို့ တော်ကြပါတော့၊ ဟိုမှာ လက်ဖက် ရည်ခွက်တွေ လာပြီ၊ အဲဒီကို အာရုံပြောင်းတော်မူကြပါ"

စားပွဲထိုးကလေးက လက်ဖက်ရည်ခွက်တွေ လာချပေးသဖြင့် စကားလမ်းကြောင်း ပြတ်သွား၍သာ တော်တော့သည်။ ဒါတောင် ဇော်မျိုးက မကျေမနပ်နှင့် စကားအစသတ်လိုက်သေးသည်။

"အေးပါ ဖက်တီးရာ၊ မင်းက ကြိုတင်သိပါရက်နဲ့ တေက်ပြား ဘက်က ပါပြီး ငါ့ကို ဖွင့်မပြောဘဲ ဒိုင်လျှိုထားခဲ့တဲ့ကောင်၊ မင်းလည်း တစ်နေ့နေ့ ဝဋ်လည်ရဦးမှာပေါ့၊ မင်း ယုံစားတဲ့ တေက်ပြားကပဲ မင်းကို အချိုကြီး ကိုင်ပြပါလိမ့်မယ်၊ အဲဒီတော့မှ ငါက တစ်ကျော့ပြန်ဟားရဦး မှာပေါ့လေ"

နောက်တော့ လက်ဖက်ရည် အတူသောက်ကြရင်း စပ်စပ်ရာ တွေ လျှောက်ပြောကြလေသည်။

လူငယ်တွေဆိုတော့လည်း ရိုးရှင်းပွင့်လင်းသော ဆက်ဆံရေး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စီနှင့် မဟုတ်လား။

သူတို့ စကားကောင်းနေကြခိုက်မှာပင် သူတို့စားပွဲဝိုင်းသို့ ကျောင်းသူနှစ်ယောက် ဝင်လာ၏။ တစ်ယောက်က သာမန်မျှသာ ဖြစ်သော်လည်း နောက်တစ်ယောက်ကတော့ ဖက်တီးနှင့် နင်လားငါလား ဆိုရလောက်အောင် ဝဖြိုး၏။ တစ်ကိုယ်လုံး ချိန်လျှင် ပေါင်(၄၀၀) အောက် နည်းနည်းပဲ လျော့မည်ပုံစံမျိုး။

အသက်ငယ်သေး၍ မျက်နှာကလေးက နုနုနယ်နယ် ဆိုသော်လည်း မေးစေ့နှစ်ထပ်နှင့်ဖြစ်သည်။ ရာဇဝင်ထဲမှ အလှပိုင်ရှင် ပပဝတီကို အတုခိုး၍ နာမည်ပေးရလျှင် ဝဝ,ဝတီဟု ပေးရမည့်ဘော်ဒီမျိုး ဖြစ်သည်။

သူမသည် စားပွဲသို့ ချဉ်းကပ်လာခဲ့လေကတည်းက ဖက်တီး၏ မျက်နှာကို အဝေးကြီးမှပင် တစူးစိုက်စိုက် ကြည့်၍ ဝင်လာခြင်းဖြစ်သည်။

"ဒီမှာ . . ဒီမှာ . . ဗိဆစ် သာ့ရီးယားက ကိုအောင်နိုင်ဟာ ခင်ဗျားမဟုတ်လား"

သူမက ဖက်တီးရှေ့သို့ ဝင်ရပ်လိုက်ကာ မေး၏။

"ခင်ဗျာ . . . ဟုတ် . . ဟုတ်ပါတယ်၊ ဘာကိစ္စရှိလို့လဲ"

ဖက်တီးက မော့ကြည့်ကာ ယောင်ကန်းကန်းဖြင့် ဖြေ၏။

ဝဝ,ဝတီက ဖက်တီး၏တစ်ကိုယ်လုံးကို ခေါင်းမှအစ ခြေဖျားထိတိုင် အထက်အောက် သုံးကြိမ်လောက် အစုန်အဆန် ကြည့်လိုက်သေး၏။ ပြီးမှ . . .

"ယူက တို့ကို ဘယ်လိုများ သဘောထားနေလို့လဲ"

"ဗျာ . . . ဘယ် . . ဘယ်လိုသဘောထားရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝဝ,ဝတီ၏လေသံက တော်တော်မာသဖြင့် ဖက်တီး လန့်ဖျပ်သွားသည်။

ဟိုက မျက်နှာထားက ဒေါ်ပွနေပုံ မျက်နှာထားမျိုးဖြစ်၍ ပို၍မတွေးတတ်နိုင်အောင် ရှိရ၏။

ဇော်မျိုးတို့ သီသီတို့ ခိုင်မာတို့လည်း ဘာဝင်ပြောရမှန်း မသိဘဲ အံ့အားသင့်နေမိကြ၏။

အဲဒီတုန်း "ငါးဆယ်ဝင်အိုး မမ" က ပြော၏။

"ဒီမှာ. . . ယူ. . . ဒီအရွယ်တွေဟာ နှလုံးသားတွေ လှုပ်ရှားကြ. . ချစ်သူရှာဖွေတတ်ကြတဲ့အရွယ်တွေဆိုတာ တို့ နားလည်ပါတယ်၊ ယူ တို့ကို တကယ်စိတ်ဝင်စားတယ်ဆိုရင် ရိုးရိုးသားသားပဲ ပရိုပို့စ် လုပ်သင့်ပါတယ်"

"ဗျာ. . . ကျုပ်က စိတ်ဝင်စားရမယ်"

"အင်းလေ. . . ယူပဲ စ,တုန်းက စပြီး"

"ဒီပုံစံကို. . . ကျုပ်က"

"ဟုတ်တယ်လေ. . . ခုမှ ရှူးသလိုပေါ်သလို လုပ်မနေပါနဲ့၊ ဒီမှာ ကိုအောင်နိုင်"

"ဗျာ. . . ဗျာ. . ."

"ယူက အကြံတော့ ပိုင်ပါတယ်၊ ဒါပေမယ့် ယူ ပရိုပို့စ် လုပ်ပုံက တို့ကို တန်ဖိုးမထားသလိုပဲ၊ အဲဒါမျိုးကို တို့က ဘယ်လိုလုပ် စဉ်းစားပေးရမလဲ. . . ပြောပါဦး"

"ရှုပ်ကုန်ပြီ" ဟုသာ သူတို့စားပွဲဝိုင်းက ရှေ့အဖွဲ့က ထအော်ကြဖို့ ရှိတော့သည်။

"နေပါဦး. . . ဒေါ်သမကြီးပါနဲ့၊ ခင်ဗျားပြောနေတာတွေကို



www.burmeseclassic.com

www.burmeseclassic.com



"တချပ် တစ်လုံးမှ နားမလည်ဘူး၊ နားလည်အောင် ပြောဦးလေ၊ စဉ်းစားတာ မစဉ်းစားတာတွေကို နောက်ကိုစ္စ ထားလိုက်၊ အခု ဘာတွေလာပြောနေတယ်ဆိုတာကို အရင်ရှင်းပါဗျာ. . . တောင်းပန်ပါတယ်"

"ဒါဆိုလည်း ရှင်းရသေးသပေါ့၊ ရော့. . . ဒီမှာ ယူ့ကျောင်းသားကတ်"

"အွန်. . ."

မမ,ဝဝက သူ့လွယ်အိတ်ထဲရှိ ပိုက်ဆံအိတ်ကို ဆွဲထုတ်ကာ ထိုအိတ်ထဲမှ ကျောင်းသားကတ်ကို ထပ်ဆင့် ဆွဲထုတ်ပြီး ပေးလေသည်။

ဖက်တီးက တအံ့တဩ လက်လှမ်းယူကြည့်လိုက်သည်။

"ဟိုက်"

ကျောင်းသားကတ်က ဖက်တီး၏ကျောင်းသားကတ်ဖြစ်သည်။

"ဒါ. . ဒါက. . ဘယ်လိုလုပ်ပြီး ခင်ဗျားဆီ ရောက်နေရတာတုန်း"

အူလယ်လယ်ဖြင့် မေးတော့ ဟိုက ရှုံ့ခနဲ ဒေါပွသွားလေသည်။

"အံမာ. . . အမဲသားစားဖို့ ကြံတုန်းက ကြံစည်ပြီး ခုမှ မမြင်ဖူးသလို လုပ်နေပြန်ပါပြီ၊ ဒါဟာ ပြီးခဲ့တဲ့ အင်္ဂါနေ့တုန်းက စာကြည့်တိုက်ထဲမှာ တို့လွယ်အိတ်ထဲကို ယူပဲ ထည့်သွားတာ မဟုတ်လား၊ အဲဒါကို တို့ အိမ်ပြန်ရောက်မှ သိရတယ်"

"အီး. . ."

ဖက်တီးထံမှ ထွက်လာသော အီကြောင်းဆွဲသံကြီးဖြစ်သည်။

"ပြန်စဉ်းစားတော့ အဲဒီအင်္ဂါနေ့က တို့စာကြည့်တိုက်မှာ သွား



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပြီး စာဖတ်တယ်၊ လွယ်အိတ်ကို စာကြည့်စားပွဲပေါ် အလွယ်ပဲ ချထားခဲ့တယ်၊ တို့ တစ်အုပ်ဖတ်ပြီးလို့ နောက်တစ်အုပ် သွားအလဲမှာ လွယ်အိတ်ကို စားပွဲပေါ်ပဲ ထားခဲ့တာ၊ အဲဒီတုန်း ယူ ဝင်ထည့်သွားတာပဲ မဟုတ်လား၊ ဒီကျောင်းသားကတ်ဟာ ယူ့ကျောင်းသားကတ် မဟုတ်ပါဘူးလို့ ငြင်းချင်သေးလို့လား"

"မ. . . မ. . မငြင်းပါဘူး၊ ဒါ. . ဒါပေမယ့်. . "

"ဒါပေမယ့်မနေနဲ့. . . အဲဒီကတ်နဲ့အတူ ယူ ပူးတွဲထားခဲ့တဲ့ စာကိုလည်း ပြန်ဖတ်ဦးလေ၊ ဘယ်လောက်တောင် တို့အပေါ် တန်ဖိုး မထားသလဲဆိုတာ၊ ရော့. . . အဲ့ဒီကတ်နဲ့အတူ တွေ့တဲ့စာ"

မမ,ဝဝက နောက်ထပ်စာတစ်စောင် ထိုးပေးပြန်သဖြင့် ဖက်တီး လှမ်းယူကာ ငုံ့ကြည့်လိုက်သည်။ စားပွဲဝိုင်းက ကျန်သူအားလုံးက တော့ ပွဲကြည့်ပရိသတ်တွေ ဖြစ်ကုန်ကြရ၏။

"အာရိုရို. . . "

စာရွက်ပေါ်မှ ကွန်ပျူတာ စီထားသော စာလုံးကလေးများကို ဖတ်ရင်းက ထိန်းမနိုင် သိမ်းမရ ပြေးထွက်အန်ကျလာသော ဖက်တီး၏ အသံဖြစ်သည်။

"ကဲ. . . အဲဒီတော့ ယူ့ဆီမှာ ရှိနေတဲ့ တို့ရဲ့ကတ်ကို ပြန်ပေး ပါ၊ ယူကိုယ်တိုင် ခင်းသွားတဲ့ဇာတ်လမ်းပဲလေ"

ဖက်တီး စာဖတ်ပြီး အလန့်တကြား ပြောသည်။

"နေ. . နေပါဦးဗျာ. . . ပြန်. . ကြည့်ပါရစေဦး"

ဖက်တီးက တောင်းတောင်းပန်ပန်ဖြင့် သူ့ကျောပိုးအိတ်၏ ဇစ်ကို ဆွဲဖွင့်လိုက်ပြီး ဟိုဟိုဒီဒီ လိုက်လံရှာဖွေ၏။ လက်ပြန်ထုတ်လိုက် တော့ ကျောင်းသားကတ်တစ်ကတ် ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့. . . တွေ့ပြီ. . . အိအိပြည့်ဖြိုးတဲ့"

ဖက်တီးက ကတ်ပြားကို ငုံ့ကြည့်ရင်းက ပြော၏။

"အဲသလို လုပ်ပါရှင်၊ ပေး. . . အဲဒါ တို့ရဲ့ကတ်ပဲ"

အိအိပြည့်ဖြိုး ဆိုသောနာမည်နှင့် အထူးလိုက်ဖက်ညီအောင် ပြည့်ဖြိုးကာ အိစက်နေသော ထိုကျောင်းသူဝဝကြီးက ဖက်တီးလက်ထဲမှ ကတ်ပြားကို ဖျတ်ခနဲ ပြန်ဆွဲယူလိုက်၏။

"ဒါဟာ နောက်ဆုံးပေါ် ပရိုပို့စ်လုပ်နည်းအသစ်အဖြစ် စတန့်ထွင်လိုက်ခဲ့တာပေါ့လေ. . . ဟုတ်လား၊ နောက်ကို ရိုးရိုးသားသားပဲ ပရိုပို့စ်လုပ်ပါ၊ အစကတော့ ယူ့ကို စုတ်ပြတ်သတ်ပြီး တစ်စစီ ကြေမွသွားအောင် ချေမွပစ်ဖို့ ဦးတည်ပြီး တို့ လိုက်လာခဲ့တာပဲ"

"မြတ်စွာလေးရယ်တဲ့မှ. . . ဘုရား"

ဖက်တီး တုန်တုန်ချိချိဖြင့် ရေရွတ်၏။

သည်တော့ ကျောင်းသူဝဝကြီးက ပါးစုံကြီးနှစ်ဖက် လှုပ်ရှားသွားအောင် ခန့်ခန့်ကြီး ပြုံးလိုက်လေသည်။

"သိပ်လန့်မသွားပါနဲ့လေ. . . အခုတော့ ယူ့ကို အပြင်မှာ မြင်လိုက်ရတော့ တို့ဒေါသတွေကို ပြန်မျိုချပြီး ခွင့်လွှတ်လိုက်ပါတယ်၊ ယူကလည်း တို့နဲ့ ဘဝတူ အဝပိုင်ရှင် ဖြစ်နေတာကို"

"အိ. . ."

"ဒါကြောင့် တို့ခွင့်လွှတ်လိုက်ပါတယ်၊ ပြီးတော့ ယူ တကယ်ကို စိတ်ဝင်စားခဲ့တာဆိုရင်တော့ တို့လည်း စဉ်းစားပေးရဦးမှာပေါ့နော်၊ ယူလိုချင်တဲ့အဖြေအတွက်တော့ နည်းနည်းစိတ်ရှည်ရှည်ထားပြီး စောင့်ရလိမ့်မယ်"

"ဟိုက်. . ."



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ရှည်ဖွဲ့သန် သည်းညည်းခံ မောင်းရန် မော်တော်ကားဆိုသလိုပေါ့. . . လေ"

ဇော်မျိုးက ဘေးကနေ ဝင်အစထောက်၏။

"ကဲ. . . ဒါပဲနော် ယူ့တို့ သွားပြီ၊ ယူက သိပ်မဆိုးလှပါဘူး. . . ဟင်း. . ညှင်း ညှင်း ညှင်း"

အိအိပြည့်ဖြိုးနှင့် အဖော်ကျောင်းသူတို့ ပြန်လှည့်ထွက်သွားကြသည်။

"ဟာ. . . သွားပြီ. . . သွားပါပြီ"

အိပ့်အိပ့်နှင့် တစ်လှမ်းချင်း လျှောက်၍ ရာဝင်အိုးကြီး လှိမ့်သွားသကဲ့သို့ တရွေ့ရွေ့ ထွက်ခွာသွားသော အိအိပြည့်ဖြိုးကို လှမ်းကြည့်ကျန်ရစ်ကာ ဖက်တီးက ရင်ထုမနာသံကြီးနှင့် ညည်းတွားလေသည်။

"ဟီးဟီးဟီး. . . စိတ်ရှည်ဖွဲ့သန် သည်းညည်းခံ မောင်းရန် မော်တော်ကားဆိုပေမယ့် (၁၂)ဘီးကားကြီးလား ကွန်တိန်နာကားကြီးလား မသိဘူး၊ တစ်ခုခုတော့ သေချာတယ်"

သီသီကပါ ထပ်ဆင့်မှတ်ချက်ချလိုက်သဖြင့် တစ်ဝိုင်းလုံး ပွဲကျသွားသည်။

"တောက်. . . ဒါဟာ တေက်ပြားလက်ချက်ပဲ ဖြစ်ရမယ်၊ ငါ့ကျောင်းသားကတ်က သူ့အိတ်ထဲကို အင်္ဂါနေ့က ရောက်နေတာဆိုတော့ သေချာပြီ၊ တော်ဝင်စင်တာမှာတုန်းက မင်းအိတ်ထဲက မင်းတို့ချစ်သက်ဘူးကို နှိုက်လိုက်သလို ငါ့အိတ်ထဲကလည်း ကျောင်းသားကတ်ကို နှိုက်လိုက်ခဲ့တာပဲ ဖြစ်မယ်၊ ပြီးမှ တစ်ကျောင်းလုံးမှ အဆိုးဆိုတဲ့ အဝပိုင်ရှင်ကို ရှာပြီး ဒီကောင် ကတ်ပြားချင်း ချိန်းပေးလိုက်ခဲ့တာပဲ၊ ငါတော့ သေပြီ၊ လုပ်လိုက်ဦးပေါ့ တေက်ပြားရာ"

www.burmeseclassic.com



ဖက်တီးက အူတပွပွဖြင့် မေတ္တာပို့၏။

"ပြစ်မ်းပါဦး. . မင်းကတ်ပြားနဲ့ အတူတူ တွေ့ရတယ်ဆိုတဲ့စာ"

ဇော်မျိုးက မှတ်မှတ်ရရ လှမ်းတောင်းတော့ ဖက်တီးက စာရွက်ကို ထိုးပေး၏။

စာရွက်ခေါက်ကို ဖြန့်၍ အားလုံးဝိုင်းဖတ်လိုက်ကြသည်။ ကျကျနန ကွန်ပျူတာ စီထားသော စာပါပေတကား။ သူများကို ချောက်ချရမည်ဆိုလျှင် အတော် သပ်သပ်ရပ်ရပ် အကွက်ချ၍ အပင်ပန်းခံနိုင်သူပဲဟု တွေးကာ ခိုင်မာ ပြုံးလိုက်မိရ၏။

ကွန်ပျူတာ စီထားသောစာက အတော်ကဗျာဆန်လေသည်။

*"အချစ်ကလေး. . .*

*ရင်ခုန်သံကို မညာနဲ့လေ xx မညာနဲ့လေ xx ငါနဲ့မင်း လွယ်လွယ် မေ့ပစ်လို့မဖြစ်ဘူး xx ငါနဲ့မင်းက ဘဝတူ xx ဆိုတဲ့ ဟန်ထွန်းရဲ့ သီချင်းအတိုင်းပါပဲကွယ်။*

*နှလုံးသားချင်း မဖလှယ်ခင်မှာ အတိတ်ကောင်းနိမိတ်ကောင်း ကြိုပို့ဖို့လဲလှယ်မှုအဖြစ်နဲ့ ကျောင်းသားကတ်ကလေးတွေကို အရင်ဆုံး ဖလှယ်လိုက်တာပါ။ တို့ ကင်တင်းက "သပြေ" မှာ နေ့ခင်း(၂း၀၀)နဲ့ (၃း၀၀)နာရီကြားမှာ အမြဲထိုင်လေ့ရှိပါတယ်။ အံ့အားသင့်ခြင်း တစ်ပွေ့ တစ်ပိုက်နဲ့ တွေ့လိုက်ကြစို့လား။ လေးနက်သော အကြောင်းအရာမို့ ဘေးထွက်ဘောကို ကွင်းအပြင် ကန်မထုတ်လိုက်ပါနဲ့နော်။*

*အချစ်များစွာဖြင့်. . .*

"မိတယ်ကွာ. . . ဒီစာနဲ့တင် ကြွေသွားနိုင်တယ်. . . ဟီးဟီး



www.burmeseclassic.com

www.burmeseclassic.com



ဟား"

တစ်ဝိုင်းလုံး ထပ်ရယ်လိုက်ကြရပြန်သည်။ အသံထွက် ဖတ်ပြသော ဇော်မျိုးက ချီးကျူး၏။ ဖက်တီးကား ဝိုင်းအလယ်၌ ရှုံ့မဲ့လျက်။

"တောက်. . လာပစေ. . လာပစေဦး၊ မင်းတော့လားကွာ"

ငှက်ဖျားတက်သံကြီးဖြင့် တစ်ကြိမ်းတည်း ကြိမ်းမောင်းနေသည့်တိုင် မျှော်သူ တေက်ပြား(ခေါ်)သက်ထားကား မပေါ်လာ။

တကယ်ပေါ်လာသူက အခြားတစ်ယောက်ဖြစ်သည်။

သူတို့အုပ်စုထဲက အဖွဲ့ဝင်တစ်ယောက်ဖြစ်သည့် ထွန်းထွန်းက ရောက်လာလာချင်း အင်မတိ အင်မတန် မင်္ဂလာရှိသောသတင်းကို ပေး၏။

"တေက်ပြားကို မျှော်နေတာဆိုရင် ဒီနေ့အဖို့ မမျှော်နဲ့တော့၊ ဒီကောင် ဒီနေ့ မလာဘူး"

"ဟင်. . . မင်းနဲ့ တွေ့ခဲ့ပြီးပြီလား"

"အေး. . . တွေ့ခဲ့တယ်၊ သူနဲ့အတူ မြို့ထဲ ခဏလိုက်ခဲ့ဦးဆိုလို့ ငါလိုက်သွားတယ်"

"ဘာသွားလုပ်ကြတာလဲ"

"ဒီလိုကွ. . . ဒီလထုတ် ရွှေအမြုတေမဂ္ဂဇင်းနဲ့ ရတီမဂ္ဂဇင်းတွေမှာ သူ့ဝတ္ထုတိုတွေ ပါတယ်၊ အဲ့ဒီအတွက် စာမူခတွေ သွားထုတ်ကြတာ"

"ရခဲ့လား"

"ရတယ်. . . သူကတော့ (၃၈)လမ်းက သူတို့မဂ္ဂဇင်းဧဒ့်က, က စာရေးဆရာတွေဝိုင်းမှာ လေကန်ဖို့ ထိုင်ကျန်ရစ်ခဲ့လေရဲ့ဒါပေမယ့် သူရတဲ့စာမူခတွေထဲကနေ တို့အဖွဲ့တွေ ဝါးတီးဖွင့်ဖို့ဆိုပြီး မုန့်ဖိုး တစ်



www.burmeseclassic.com

www.burmeseclassic.com



သောင်း ငါနဲ့ ထည့်ပေးလိုက်တယ်၊ ကဲ. . . မင်းတို့ ကြိုက်ရာ ထပ်မှာကြ၊ ဒီနေ့တော့ တေတ်ပြားရဲ့ဒါနပွဲကြီးကို ဝှဲချီး ကျင်းပကြဖို့ပဲ”

ဟေးခနဲ ဝိုင်းအော်လိုက်ကြ၏။

ဖက်တီးတို့ ဇော်မျိုးတို့ သီသီတို့ ထွန်းထွန်းတို့အဖို့ကတော့ ဒါမျိုး ရိုးနေပြီနှင့်တူ၏။ သိပ်မထူးခြားသလိုပဲ။

သို့သော် ခုမှ သည်အဖွဲ့နှင့် စတင်သိကျွမ်းလာရသော ခိုင်မာနှင့် သော်တာဦးတို့အဖို့တော့ နည်းနည်းအံ့အားသင့်သွားရတာ အမှန်ပင်။

“ကဲ. . . အားလုံးကြားကြတဲ့အတိုင်းပဲ၊ ကိုယ်ကြိုက်ရာ ကိုယ်ထပ်မှာကြပေတော့၊

မမှာလို့တော့ မဖြစ်ဘူးနော်၊ ဒီကောင်က သူ့ဒါနကို မချီးမြှောက်ရင် တဗျစ်တောက်တောက်နဲ့ နားမခံသာအောင် လေပွမှာ”

ဇော်မျိုးက ထွန်းထွန်းပေးသော (၅၀၀၀)တန် နှစ်ရွက်ကို လက်လွှဲ လက်ခံလိုက်ကာ တစ်ဝိုင်းလုံးကို ဆော်သြလိုက်၏။

သြော်. . . ဒီလိုဆိုတော့လည်း တေတ်ပြားက မဆိုးလှပါလား ဟု ခိုင်မာ အောက်မေ့လိုက်မိ၏။

ရာဇဝင်ထဲက သူခိုးကြီး တေက်ပြားက မရှိခဏ ဘုရားကို တည်ကာ အလှူဒါနပြုခဲ့ဖူးသလို သည်တေတ်ပြားကလည်း အလှူရေစက် လက်နဲ့မကွာပဲကိုးဟု စိတ်ဝင်စားမိရပြန်လေသည်။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# အခန်း(၃)

သည်နေ့ အိမ်က ထွက်လာကတည်းက ခိုင်မာ စိတ်တွေလေးနေသည်။ ရင်ထဲမှာ နွမ်းနွမ်းနယ်နယ်နှင့် စိတ်အနှောင့်အယှက်ဖြစ်နေသည်။

မနက်စောစောတုန်းက အိမ်ကို လာသွားသော ကိုထက်ခေါင်ကြောင့်ပင်။ ကိုထက်ခေါင် လှမ်းဝင်လာတာကို မြင်ကတည်းက အမေတို့ တစ်ခုခု အပေးအယူ လုပ်ကြရပြန်ပြီဟု စိတ်ထဲက သိလိုက်ပြီးဖြစ်သည်။

"ဩော်. . . ခိုင်မာ ကျောင်းမသွားသေးပဲကို၊ အန်တီကတော့



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာပဲ ထင်တယ်၊ ဟုတ်လား ခိုင်မာ”

ကိုထက်ခေါင်က ပြုံး၍ နှုတ်ဆက်သည်။

“ဟုတ်တယ် ကိုထက်ခေါင်၊ ခိုင်မာလည်း ခဏနေရင် ကျောင်းသွားတော့မှာပါ၊ ခဏထိုင်ပါဦး ကိုထက်ခေါင်”

“ထိုင်မယ်လေ. . . မပိုင်တော့ ရှိတယ်မဟုတ်လား”

‘မပိုင်’ ဆိုတာက ခိုင်မာ့အထက်က မမကြီးကို မေးခြင်းဖြစ်သည်။

“ရှိတယ် ကိုထက်ခေါင်၊ ခဏလေးနော်. . . မီးဖိုချောင်ထဲရောက်နေတယ်၊ ရှေ့ကို လွှတ်လိုက်မယ်”

“အိုကေ ခိုင်မာ၊ အစ်မနဲ့ တွေ့ရင် ရပြီ၊ ကိုယ် ဈေးထဲကဆိုင်ကို လိုက်မသွားရတော့ဘူးပေါ့”

ကိုထက်ခေါင်က ခိုင်မာကို မကြည့်ဘဲ မျက်နှာလွှဲလွှဲထားရင်းမှ ပြော၏။

ခိုင်မာက ရေချိုးခန်း ဝင်ဖို့ ထဘီရင်လျားနှင့် ဖြစ်နေသောကြောင့် တမင် အကြည့်တွေကို လွှဲထားခြင်းဖြစ်လိမ့်မည်ဟု သိ၏။

သို့သော် တဘက်အကြီးကြီး ခြုံထားသဖြင့် ခိုင်မာ ဣန္ဒြေတော့မပျက်ပါ။

“အခုပဲ လွှတ်လိုက်မယ် ကိုထက်ခေါင်”

ခိုင်မာ ရေချိုးခန်း မဝင်မီ မမကြီးကို သွားခေါ်ပေးလိုက်၏။ ပြီးနောက် ရေချိုးခန်းဝင်၍ ရေချိုးသည်။

ရေချိုးပြီး ပြန်ထွက်လာတော့ ဧည့်ခန်းထဲမှာ ကိုထက်ခေါင်မရှိတော့။

မမကြီး၏လက်ထဲတွင်တော့ (၅၀၀၀)တန် ငွေစက္ကူအုပ် ဘက်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်(၄)အုပ် ကိုင်လျက်သား တွေ့ရ၏။

အဲဒါတွေ မြင်လိုက်ကတည်းက ခိုင်မာ့စိတ်တွေ မွန်းကျပ်သွားရခြင်းဖြစ်သည်။

"ဘယ်လောက်လဲ မမကြီး"

"နှစ်ဆယ်လေဟာ. . . ပြီးခဲ့တဲ့တစ်ပတ်ကတည်းက အမေနဲ့ ငါပြောထားလို့ လာပို့သွားတာ"

ခိုင်မာထံမှ လေးပင်သော ပင့်သက်တစ်ရှိုက် လွင့်ကျသွားရသည်။

"အင်း. . . နှစ်ဆယ်ဆိုတော့ တစ်လကို လေးသောင်းမှန်မှန် တက်ပြန်ပြီပေါ့ မမကြီးရယ်"

"မိခိုင်ရယ်. . . နင်လည်း သိသားပဲ၊ ဈေးထဲက ဆိုင်ခန်း နေရာအတွက်က အရေးကြီးနေတာကို၊ ဒီလို နှစ်ကျပ်တိုးနဲ့ ပေးနေတယ်ဆိုတာကလည်း သွားလေသူ ဖေဖေ့မျက်နှာကြောင့်လေ"

"အင်း. . . ဟုတ်ပါတယ်လေ၊ ဒီလိုပဲ ရုန်းကန်ကြရမှာပဲပေါ့ မမကြီးရယ်"

ခိုင်မာက သက်ပြင်းချသံတစ်ဝက်နှင့် ပြောလိုက်တော့ မမကြီးက ပြုံးစေ့စေ့နှင့် ထပ်ပြောသည်။

"အင်း. . . ငါကတော့ သိနေတယ်နော၊ စောစောက ပြောတဲ့ စကားထဲမှာ တစ်ဝက်ကျန်သွားတယ်"

"ဘယ်လို တစ်ဝက်ကျန်တာလဲ မမကြီး"

"ဒီလိုလေ. . . ဒီလို (၂)ကျပ်တိုးနဲ့ပဲ ဘာအပေါင်ပစ္စည်းမှ မယူဘဲ အလွတ်တမ်း ယုံယုံကြည်ကြည်နဲ့ ထုတ်ပေးနေတယ်ဆိုတာ ဖေဖေ့ မျက်နှာကြောင့်လို့ ပြောတာလေ၊ တကယ်က ဖေဖေ့ဝစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း မျက်နှာတင် မကဘူး မိခိုင်၊ နင့်မျက်နှာလည်း ပါတယ်"

"အို. . . ဘာဆိုင်လို့လဲ"

"ဆိုင်ပါသော်ကော. . . ကိုထက်ခေါင်ရဲ့မျက်လုံးတွေကို နင် မဖတ်တတ်ဘူးလား၊ သူ နင့်အပေါ် မရိုးသားဘူး၊ အဲဒါကို ငါသိတယ်"

မမကြီးပြောတာ အမှန်ဖြစ်သည်။ ကိုထက်ခေါင် သူမအပေါ် မရိုးသားဘူးဆိုတာကို ခိုင်မာကိုယ်တိုင်လည်း ရိပ်မိ သိရှိပြီးသားပဲ။ ဒါပေမယ့် မမကြီးနှင့်မှ ရွယ်တူနီးပါး အသက်တန်းမို့ ကိုထက်ခေါင်က သမာဓိပိုး ပိုးနေခြင်းဖြစ်သည်။ တရားဝင်ကြီးတော့ ဖွင့်ဟမပြောသေး။ ခိုင်မာထက် (၅)နှစ်လောက် ကြီးလိမ့်မည် ထင်၏။

"ကိစ္စမရှိဘူး. . . အဲဒီဘော်လီဘောကို မမကြီးဘက် ပြန်လှည့် ပုတ်ထုတ်လိုက်မယ်. . . ဟီဟိ၊ မမကြီးတို့ကမှ သက်တူရွယ်တူ လောက် ရှိကြမှာ"

"ဟဲ့. . . သူက ငါ့ကို စိတ်ဝင်စားတာမှ မဟုတ်ဘဲ"

"လုပ်မနေပါနဲ့ မမကြီးရာ၊ ကိုယ့်ညီမလေးကို ကယ်တင်သော အားဖြင့် မမကြီးပဲ အဲဒီကိုထက်ခေါင်ကြီးကို ဆွဲစေ့ပစ်လိုက်ပါ"

ညီအစ်မနှစ်ယောက် ရယ်ဖြစ်လိုက်ကြ၏။

ရယ်သာ ရယ်လိုက်ရသော်လည်း ခိုင်မာ့စိတ်ထဲမှာ မအီမလည် ကြီးတော့ ဖြစ်မိရလေသည်။ ကိုထက်ခေါင်နှင့် ပတ်သက်လာလျှင် ခိုင်မာ့မှာ ဘာခံစားမှုမှ မရှိ။ သို့သော် သူတို့မိသားစုက ခိုင်မာတို့မိသားစု အပေါ်မှာ ကျေးဇူးတွေ ရှိနေတာကိုတော့ မငြင်းသာမကွယ်သာ လက်ခံ ပေးရမည်ဖြစ်သည်။ ကိုထက်ခေါင်၏ဖခင်နှင့် ခိုင်မာတို့ဖေဖေသည် ညီအစ်ကိုရင်းချာတမျှ ချစ်ခင်သော သူငယ်ချင်းတွေ ဖြစ်ခဲ့၏။

သူတို့က ငွေကြေးကိစ္စ ပြေလည်သည်။ ခိုင်မာတို့ဖေဖေ ကွယ်



www.burmeseclassic.com

www.burmeseclassic.com



လွန်သွားပြီးနောက် သူခိုးဖောက်ခံရ၍ ခိုင်မာတို့မိသားစု လက်မဲ့ဖြစ်သွားသောအခါ လိုအပ်သည့် ငွေကြေးကိစ္စကို မတွန့်မတို ယုံကြည်စိတ်ချစွာ ကူညီခဲ့ကြ၏။

(၂)ကျပ်တိုးဖြင့် အတိုးပေးတာက မေမေ၏တောင်းဆိုမှုကြောင့်ဖြစ်သည်။

မေမေ၏မာနကို လိုက်လျောနားလည်မှုပေးသည့်သဘောဖြင့် (၂)ကျပ်တိုးယူဖို့ လက်ခံခဲ့သည် ဆိုသည့်တိုင် သူတို့က ထိုအတိုးကို မျှော်လင့်ချက် မထားမှန်း သိသာသည်။ အတိုးရယ်လို့ ဘယ်တုန်းကမှ တကူးတက လာမတောင်းဖူးချေ။

ခိုင်မာကို သမာဓိပိုး ပိုးဖို့တော့ ကိုထက်ခေါင်က ပေါက်ပေါက်လာတတ်၏။ သို့တိုင်အောင် လူပျိုကြီးစာရင်းဝင်ဆိုတော့ "ချောင်းကြည့်ပြုံးပြုံး" အဆင့်က တက်မလာသေးဘဲ တစ်,နေ၏။

ကိုယ့်ဘက်က မိန်းကလေးလေ။ သည်တော့ ဣန္ဒြေမပျက် ပြောဆိုဆက်ဆံပေးလိုက်ရုံပဲ ရှိသည်။ ကိုထက်ခေါင်ကို ရင်မခုန်တာတော့ လုံးဝသေချာသည်။ သို့ပေမယ့် ကိုထက်ခေါင်အကြောင်း စဉ်းစားမိလေတိုင်း ဘာကြောင့်မှန်းမသိ။ ခိုင်မာ့အနာဂတ်အတွက် ရင်တလေးလေး ဖြစ်မိရတာတော့ အမှန်ပင်။

သည်နေ့လည်း အိမ်က မထွက်ခင် ကိုထက်ခေါင်နှင့် တွေ့ခဲ့ရသဖြင့် ခိုင်မာ့စိတ်တွေ မကြည်မလင်ကြီး ဖြစ်လာမိရခြင်းဖြစ်သည်။

မေမေက စျေးထဲက ဆိုင်ခန်းနေရာအတွက် ကိုယ်ပိုင်ရအောင် ဆိုင်ခန်းတန်ဖိုးကို လီ၍သွင်းပေးနေရ၏။ သည်နေ့ပဲ သိန်း(၂၀) ယူလိုက်ရပြန်ပြီ မဟုတ်လား။

ဟိုတွေးသည်တွေး စိတ်လေးလေးဖြင့်ပင် ကျောင်းသို့ ထွက်ခဲ့

www.burmeseclassic.com



သည်။ ထုံးစံအတိုင်း (၂၀၀)ကျပ်တန် လိုင်းကားနှင့်ပဲပေါ့။

ကျောင်းနှင့် အနီးဆုံးဖြစ်သော ပိတောက်ပင်မှတ်တိုင်မှာ တိုးဝှေ့ဆင်းရသည်။

မနက်ပိုင်း ကျောင်းသွားချိန် (၉)နာရီ (၁၀)နာရီကြားသည် လူကြပ်လို့ကောင်းတုန်းအချိန်ဖြစ်သည်။ ကျောင်းသူကျောင်းသားက အများစု ဖြစ်ကြ၏။

မှတ်တိုင်မှာ ဆင်းလာပြီး ကျောင်းဘက်သို့ လျှောက်အလာမှာ ပင် စောစောကတည်းက ညှို့နေခဲ့သောမိုးက ဝေါခနဲ သွန်ချလာ၏။

ထီးကို ကပျာကယာ ဖွင့်ဆောင်းလိုက်ရသည်။

အဲဒီအခိုက်အတန့်ကလေးမှာပဲဖြစ်သည်။

"ဟေ့. . . ဒီမှာ. . . ဒီမှာ. . ရှုတ်. . . ရှုတ်"

ခိုင်မာ့နောက်ဘက်နားကလေးမှ ကပ်၍ထွက်လာသောအသံ ဖြစ်၏။

လှည့်ကြည့်လိုက်တော့ ကျောင်းသားတစ်ယောက်။

သူကလည်း ထီးတစ်ချောင်းကို ဖွင့်ဆောင်းလျက်။

ထီးကိုင်မထားဘဲ လွတ်နေသော ဘယ်ဘက် လက်ဖဝါးကို ထောင်၍ပြကာ ခဏရပ်ဖို့ ဟန်ပြနေ၏။

"ဟုတ်တယ်. . . မင်းကို ပြောနေတာ၊ ခဏလေး. . . ခဏ လေး"

"ဘာများပါလိမ့်" ဆိုသော ဇဝေဇဝါစိတ်ဖြင့် ခိုင်မာ ရပ်လိုက် တော့ ခြေ(၂)လှမ်း (၃)လှမ်းနှင့်ပင် အနီးနား ကပ်၍ရောက်လာ၏။

သူက ပခုံးသိုင်း၍ လွယ်ထားသော သားရေအိတ်ထဲမှ ဆိုက်ယူ ဆွဲထုတ်လိုက်သော ပိုက်ဆံအိတ်ကလေးကို လှမ်းထိုးပေးရင်း ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနာမည် ခိုင်မာဟုတ်ပါတယ်နော်"

ခိုင်မာ အံ့သြသွားသည်။

မျက်ခုံးကလေးတွေ ပင့်၍ ကြည့်လိုက်မိသော ခိုင်မာ၏ အံ့အားတသင့် အကြည့်ကို သူက နားလည်လိုက်ဟန်တူ၏။

"အံ့သြစရာ မဟုတ်ပါဘူး၊ ဒီပိုက်ဆံအိတ်ထဲက မင်းရဲ့ကျောင်းသားကတ်ကို ထုတ်ကြည့်ထားလိုက်မိလို့ပါ၊ ရော့ . . မင်းပိုက်ဆံအိတ်"

ထိုးပေးလာသော ပိုက်ဆံအိတ်က ခိုင်မာ၏ပိုက်ဆံအိတ် ဖြစ်တာ အသေအချာပင်။

"ဟင် . . . ဒါ . . ဒါကို ခင်ဗျား ဘယ်က ရတာလဲ"

"မင်းဆင်းလာတဲ့ လိုင်းကားပေါ်ကလေ၊ နောက်ကို လိုင်းကားတိုးစီးရင် . . လူကြပ်နေရင် . . တွေးတွေးငေးငေး မလုပ်နဲ့ကွ၊ ရော့ . . ယူလိုက်"

"တို့ပိုက်ဆံအိတ်က လွယ်အိတ်ထဲကနေ ယူ့ဆီ ဘယ်လိုရောက်နေတာလဲ၊ ယူ ကောက်ရတာလား၊ ဘယ်အချိန်က ဘယ်လိုထွက်ကျတယ် မသိဘူး"

သူက ပြုံးလိုက်၏။

ပြုံးကာမှပင် မူလကတည်းက သန့်ပြန့်သော သူ့မျက်နှာထားမှာ ပို၍နူးညံ့လိုဖွယ်ဖြစ်လာလေသည်။

"ကဲ . . . ကောက်ရတယ်ပဲ ထားလိုက်ပါတော့၊ တို့က ကိုယ့်ကျောင်းသူကျောင်းသားချင်းမို့ ပြန်လိုက်ပေးတာပါ၊ အချင်းချင်း ကူညီရတာပေါ့၊ မင်းပိုက်ဆံတွေ ပြန်စစ်ဆေးကြည့်ပါဦး"

ပိုက်ဆံအိတ်ကလေးကို ပြန်လက်လှမ်းယူလိုက်ရင်း ဇစ်ကို ဖွင့်၍ ပါလာသည့်ငွေကို စစ်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်လိုက်တာ. . . ဒီနေ့ တို့ကျောင်းကို ငွေသွင်းဖို့ ရှိတယ်၊ ယူသာ လိုက်ပြန်မပေးရင် တို့ ပျာနောက်သွားမှာပဲ၊ လာပါ. . . တစ်ခုခု ကျွေးပါရစေ၊ တို့နဲ့ ကင်တင်းမှာ ခဏလိုက်ထိုင်ပေးပါလား"

ခိုင်မာ ကျေးဇူးတင်စကားဆို၍ ဖိတ်ခေါ်လိုက်သည်။

တကယ်ပင် သူ့ကို တစ်ခုခု ကျွေးမွေးလိုသော သဒ္ဓါစိတ်လည်း ပေါက်မိ၏။

"နေပါစေကွာ. . . ဖိတ်ခေါ်တာနဲ့တင် ဝသွားပါပြီ"

"ဒါနဲ့ ယူက ဘယ်မေဂျာကလဲဟင်၊ နာမည်ကကော ဘယ်လို ခေါ်လဲ. . . တို့မှတ်ထားပါရစေ"

"ဖိဆစ်ကပါ. . . ကျောင်းသားတစ်ယောက်လို့ပဲ မှတ်ထားပေါ့ ကွာ၊ ဒါပဲနော်. . . တို့ တခြားအရေးကြီးတဲ့ကိစ္စတစ်ခု ရှိနေလို့ လစ်ပါရ စေ၊ တစ်ကျောင်းတည်းပဲဟာ. . . နောက် တစ်ချိန်ချိန် ဆုံကြဦးမယ် ထင်ပါတယ်"

ခိုင်မာ တားဆီးချိန် မရလိုက်ပါ။

သူက နှုတ်ဆက်ပြီးနောက် အပန်းဖြေဆောင်ရှိရာ လမ်းသွယ် ဘက်သို့ ချိုးကွေ့သွားတော့၏။

"နောက်ကို လိုင်းကားတိုးစီးရင် လူကြပ်နေရင် တွေးတွေးငေး ငေး မလုပ်နဲ့ကွ"

ဟူသော သူ့စကားသံကို ပြန်ကြားလာမိတော့ ခိုင်မာ ကိုယ့် ကိုယ်ကို အပြစ်တင်မိ၏။

သူပြောတာ အမှန်ပင်။

သည်ကနေ့ အိမ်က ထွက်လာကတည်းက ကိုထက်ခေါင်နှင့် ဆုံခဲ့ရ၍ စိတ်တွေ လေးနေခဲ့သည် မဟုတ်လား။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ကိုထက်ခေါင်တို့ထံမှ ချေးယူလိုက်ရသော ငွေသိန်း(၂၀)နှင့် ပတ်သက်သော အတွေးမျှင်တွေက ခိုင်မာ့ကို တစ်ချိန်လုံး လွှမ်းမိုးဖိစီးထားခဲ့သည်ပဲ။ ဒါကြောင့် ကိုယ့်ပိုက်ဆံအိတ် ထွက်ကျတာတောင် မသိလိုက်ခြင်းဖြစ်မည်ဟု တွေးလိုက်မိရတော့သည်။ သူကောက်ရပြီး ပြန်ပေးလို့ တော်ပါသေးရဲ့။

ဘာပဲဖြစ်ဖြစ် သူ့ကို ခိုင်မာ ကျေးဇူးတင်ပါသည်။

နောက်တစ်ကြိမ် ကြုံလာကြလျှင်တော့ ဇွတ်တရွတ် ဖိတ်မန္တကပြုကာ တစ်ခုခုတော့ မဖြစ်မနေ ကျွေးဦးမည်ဟု စိတ်ထဲမှာ တေးထားလိုက်၏။

ကြည်စင်သန့်ပြန့်သော သူ့မျက်နှာက တစ်ကြိမ်တွေ့ဖူးထားရုံနှင့် မှတ်မိနိုင်သော ရုပ်ရည်မျိုး ဖြစ်နေသည်မဟုတ်လား။





www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)

"ကဲ. . . အရေးပေါ်ပဲဟေ့၊ သီသီရေ. . . ထ. . . ထ၊ နင်တို့ ဒီမှာရှိမှန်းသိလို့ ငါပြေးလာခဲ့တာ"

'သပြေ' ဆိုင်ထဲသို့ ဝင်လာကတည်းက ဖက်တီး၏အမူအရာ က ပြူးပြူးပျာပျာ ဖြစ်နေ၏။ မျက်လုံးတွေလည်း ပြူးနေ၏။ တစ်ခုခု အရေးတကြီးနိုင်နေပုံရ၏။

"ဘာလဲ ဖက်တီးရေ. . . ဘာဖြစ်လို့လဲ၊ နင့်ရဲ့ဘဝတူ ချစ်ချစ်ဝ ကြီးက အဖြေပေးလိုက်လို့လား"

"အရေးထဲ နောက်မနေစမ်းပါနဲ့ဟာ၊ တကယ် အင်မာဂျင်စီမို့



www.burmeseclassic.com

www.burmeseclassic.com



လာရှာတာ၊

နင့်လူ ဇော်မျိုးနဲ့ ငတက်ပြားတို့ မြစန္ဒာဆေးခန်း ရောက်နေကြသတဲ့၊ နင့်လူက ဖုန်းလှမ်းဆက်လို့ လာပြောတာ၊ ငါတို့ လိုက်သွားကြရအောင်"

"ဟင်. . . ဟုတ်လား၊ ဘာ. . ဘာဖြစ်ကြတာတဲ့လဲ"

သည်တော့မှ သီသီတစ်ယောက် အလန့်တကြား ဖြစ်သွား၏။

"ငါလည်း မသိဘူး၊ တခြားက အကောင်(၃)ကောင်နဲ့ ဆော်ပလော်တီးကြတာလို့ ပြောတယ်၊ မြစန္ဒာဆိုတာက ကျောင်းကား မှတ်တိုင်နဲ့ သိပ်မဝေးဘူးဟာ၊ လမ်းမကြီး ညာဘက်ခြမ်းက ဆေးခန်းပဲ၊ ငါလည်း ဟိုရောက်မှ အကြောင်းစုံ သိရမှာ"

"ဆေးခန်းတောင် ရောက်ကြတယ်ဆိုတော့ အထိအခိုက် ရှိလို့ပေါ့ သီသီရဲ့၊ လာ. . ထ. . တို့ လိုက်သွားကြရအောင်"

ခိုင်မာကပင် လောဆော်လိုက်ရသည်။ စားသောက်ထားသမျှကို ပိုက်ဆံအမြန်ရှင်းကာ ခိုင်မာ၊ သီသီ၊ သော်တာနှင့် ဖက်တီးတို့ ကျောင်းထဲမှ ထွက်လိုက်လာခဲ့ကြသည်။

"ဘယ်လိုဖြစ်ကြတာတဲ့လဲ. . . ကိုဇော်မျိုးက ပါးပါးကလေးမှ ပြောမပြဘူးလားဟ"

သီသီက စိတ်မချနိုင်ဘဲ ထပ်မေး၏။

"ရေဆုံးရေဖျားတော့ မသိဘူး၊ ဖြစ်တာက ဟိုကောင် ငတက်ပြားနဲ့ အကောင်သုံးကောင်နဲ့ သုံးယောက်တစ်ယောက် ဆော်ပလော်တီးနေကြတာတဲ့၊

ဇော်မျိုးက ရောက်သွားပြီး ဝင်ကူ၊ ကျန်တဲ့ကျောင်းသားတွေကလည်း ဝင်ကူကြနဲ့ ဟိုကောင်တွေ ထွက်ပြေးသွားကြတယ်တဲ့၊ ဇော်



www.burmeseclassic.com

www.burmeseclassic.com



မျိုးက ဒီလောက်မဟုတ်ဘူး၊ တေက်ပြားကတော့ ထိသွားပုံရတယ်"

အကြောင်းစုံကို ဆေးခန်းရောက်မှ သိကြရတော့၏။ ဇော်မျိုးက ဆေးခန်းအပြင်ဘက်မှ ထွက်စောင့်နေ၏။

ဖက်တီးက ပြန်ကြားချက် ရှင်းတမ်းထုတ်ရန်ကိစ္စကို ဇော်မျိုးဘက်သို့ တွန်းပို့လိုက်၏။

"ကဲ. . . ဖြစ်ပုံကို မင်းအမြန်ရှင်းပြပေတော့၊ တစ်လမ်းလုံး သီသီက တပူပူ မေးနေတာ၊ ငါလည်း မဖြေတတ်ဘူး"

"ငါက ဘာမှမဖြစ်ပါဘူး၊ တစ်ချက်မှလည်း မထိခိုက်ဘူး၊ တေက်ပြားပဲ ထိတာ၊ ဒီကောင်က (၃)ယောက် (၁)ယောက် တွယ်နေနှင့်တာကိုး၊ တစ်ယောက်က အုတ်ခဲကျိုးပိုင်းနဲ့ နောက်က ဝင်သမလိုက်တာ ခေါင်းကွဲသွားတယ်၊ (၃)ချက် ချုပ်ရတယ်"

"အခု တေက်ပြားကကော"

"ဆေးခန်းထဲက ခုတင်လွတ်တစ်လုံးမှာကွ၊ ခေါင်းကို ထိလိုက်တာဆိုတော့ မူးရိပ်မူးရိပ် နေသေးတယ်၊ ခဏလေး မှိန်းနေလိုက်ပါဦးလို့ ဆရာဝန်က ပြောလို့ အသာမှိန်းနေရတယ်၊ နာရီဝက်လောက် ရှိရင်တော့ အိုကေပါပြီ၊ မင်းနဲ့ငါက တွဲခေါ်သွားကြတာပေါ့ကွာ၊ ဒါကြောင့် မင်းကို ဖုန်းဆက်ခေါ်လိုက်တာ၊ မင်းက ဘာလို့ သီသီတို့ကို သွားပြောရတာလဲ"

"မသိဘူးလေ. . . မင်းပါ ခံရပြီး (၂)ယောက်လုံး မထနိုင် မထူနိုင် ဖြစ်ရကြသလားလို့ပေါ့၊ ဒါ့ကြောင့် စိတ်ပူပြီး သွားခေါ်လိုက်မိတာပဲ၊ တောက်. . . တေက်ပြားကလည်းကွာ၊ (၃)ယောက် (၁)ယောက် ဖိုဲ့ရတယ်လို့ ကြောင်တစ်ကောင်ကို ခွေးသုံးကောင် ဝိုင်းဆွဲသလို ဖြစ်နေမှာပေါ့ကွ၊ တောက်. . . ဘယ်က အကောင်တွေတဲ့လဲ"

www.burmeseclassic.com



ဖက်တီးက ကြိတ်မနိုင် ခဲမရ ပြော၏။

"အလကားကောင်တွေပါကွာ. . .'ခါး' တွေလို့ ပြောတယ်၊ ငတက်ပြားကို မှတ်ထားပြီး အုပ်စုလိုက် လာစောင့်ပြီး ပြဿနာ ရှာတာလေ"

"ခါး" တွေဆိုတာ ခါးပိုက်နှိုက်တွေကို ပြောတာဟု နားလည်လိုက်ကြသည်။

"ပြဿနာရှာရအောင် ငတက်ပြားက ဘာလုပ်မိလို့တဲ့လဲ"

"ဟီးဟီး. . . တို့ကောင်ကလည်း တို့ကောင်ပဲကွ၊ တတ်သည့်ပညာ မနေသာဆိုသလို ဝင်လက်စွမ်းပြလိုက်ခဲ့တာကိုး၊ ဟိုးတစ်ရက်က ဒီကောင်တွေအုပ်စုက တို့ကျောင်းက ကျောင်းသူတစ်ယောက်ရဲ့ပိုက်ဆံအိတ်ကို ခါးပိုက်နှိုက်သတဲ့ကွ၊ လိုင်းကားပေါ်မှာ သူလည်း ပါလာတော့ ငတက်ပြားက အဲဒါကို မြင်သတဲ့၊ ဒါနဲ့ ခေါင်းတုံးပေါ် ထိပ်ကွက်ပြီး ကောင်မလေးရဲ့ပိုက်ဆံအိတ်ကို သူက ခါးပိုက်နှိုက်ဆီကတစ်ဆင့် ပြန်နှိုက်သွားပြီး ပိုင်ရှင်ကျောင်းသူကို ပြန်လိုက်ပေးသတဲ့၊ အဲဒါကို ဟို ခါးပိုက်နှိုက်အဖွဲ့ထဲက တစ်ယောက်က မြင်သတဲ့၊ အဲဒီနေ့က အခွင့်မသာလို့ ဘာမှ မလုပ်လိုက်နိုင်ပေမယ့် ငတက်ပြားကို မှတ်ထားပြီး ဒီနေ့ကျမှ လူရှင်းရှင်းနေရာကစောင့်၊ ငတက်ပြား လာတော့မှ ဝိုင်းသမကြတာပေါ့၊ သူတို့ထမင်းလုတ်ကို ပုတ်ချရကောင်းလားလို့ ပညာပေးတဲ့သဘော နေမှာပေါ့ကွာ"

"တောက်. . . ဖြစ်မှဖြစ်ရလေကွာ"

ခိုင်မာကတော့ ထိုစကားတွေ နားထောင်နေရင်းက ရင်တွေ ခုန်လာသည်။

မြတ်စွာဘုရား. . .။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင် ဟိုတစ်နေ့က သူမပိုက်ဆံအိတ်ကို ကားပေါ်က ကောက်ရလို့ ပြန်လိုက်ပေးတာပါဆိုတဲ့ ကျောင်းသားဟာ. . .

ကြည်စင်ရှင်းသန့်သော သူ့မျက်နှာကို ပြန်မြင်ယောင်လာသည်။

"ကောက်ရတယ်ပဲ ထားလိုက်ပါတော့၊ တို့က ကိုယ့်ကျောင်းသူ ကျောင်းသားချင်းမို့ ပြန်လိုက်ပေးတာပါ၊ အချင်းချင်း ကူညီရတာပေါ့။ မင်းပိုက်ဆံတွေ ပြန်စစ်ဆေးကြည့်ပါဦး"

ဆိုသော စကားသံကို ကြားယောင်လာသည်။

"လာကွာ. . . ငတက်ပြားကို သွားကြည့်ရအောင်"

ဖက်တီးက ပြောတော့ ဇော်မျိုးက တစ်ခါတည်း ကြိုတင်မှာ ကြား၏။

"မင်းကတော့ နေသာနေခဲ့ပါ ဖက်တီးရာ၊ မင်းနဲ့ငါပဲ တွဲခေါ်ကြ ရမှာ၊ ခေါင်းကို အရိုက်ခံထားရတာဆိုတော့ ဒီကောင် မူးဝေနေလို့ မှိန်းနေတာ၊ တို့ကြောင့် အနှောင့်အယှက်ဖြစ်နေဦးမယ်၊ အိပ်ပျော်သွား ရင်လည်း ကောင်းတာပဲ၊ မနိုးဘဲ သူ့ဟာသူ နိုးလာအောင် စောင့်ခေါ် ကြတာပေါ့"

သူတို့အားလုံး အသံမပေးဘဲ ဆေးခန်းနောက်ဘက် အတွင်း ခန်းသို့ ဝင်ခဲ့ကြသည်။ အတွင်းခန်းထဲက အခြားတစ်ယောက်အိပ် ခုတင်ပိုတစ်လုံးမှာ ခေါင်းက ပတ်တီးအဖွေးသားနှင့် မျက်စိစုံမှိတ်၍ ပက်လက်လှဲပြီး မှိန်းနေသောသူ၏မျက်နှာကို လှမ်းမြင်လိုက်သည်နှင့် ပင် ခိုင်မာ့ရင်တစ်ပြင်လုံးထဲမှာ ပြောင်းဆန်သွားရသည်။

သူ. . . သူ. . . ပါလား။

ဟိုတစ်နေ့က မိုးရွာကြီးထဲ နောက်က လိုက်လာပြီး ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကလေး ပေးခဲ့သည့် သူ့လှုပ်ရှားမှုတွေက ခိုင်မာ့မျက်ဝန်းမှာ ရုပ်ရှင်ပြန်ပြသလို အသစ်ပြန်ဖြစ်လာကြ၏။

"ဩော်. . . ဖြစ်မှဖြစ်ရလေငတက်ပြားရယ်"

အနီးမှ ခပ်တိုးတိုး လွင့်ထွက်လာသော သီသီ၏စကားသံက ခိုင်မာ့ကို တုန်လှုပ်သွားစေ၏။

လက်စသတ်တော့ သီသီတို့ ပြောနေကြသည့်. . .

ဟိုလူသည်လူတွေကို ကမောက်ကမနှင့် ချောက်ကျသွား အောင် ကျီစယ်တတ်သည့် ငတက်ပြားဆိုတာ သူပါလား။

"တို့ကတော့ လုံးဝပဲဟော့၊ အဲလိုလူမျိုးကို မိတ်ဆွေစာရင်းကို မသွင်းချင်တာ၊ ကြားရရုံနဲ့တင် အော်ဂလီဆန်တယ်၊ နင့်လူနဲ့ ပတ်သက် ပြီး ဆုံဖြစ်ခဲ့ကြရင်တောင် ငါနဲ့ မိတ်ဆက်မပေးနဲ့၊ ခပ်ကင်းကင်းပဲ နေ ချင်တယ်"

တစ်ခါက သီသီနှင့် စကားစပ်မိ၍ ပြောဖြစ်ကြစဉ်က မိမိကိုယ် တိုင် ပြောခဲ့မိဖူးသော စကားလုံးတွေကို ပြန်သတိရလာသည်။

ခုတော့ ဘယ်သူငယ်ချင်းကမှ ကြားခံ မိတ်ဆက်မပေးပါဘဲနှင့် ကံကြမ္မာက "ငတက်ပြားဆိုတာ သူပဲ" ဟု ခိုင်မာ့ကို လက်တို့ အသိပေး ခဲ့ပြီ။

စ,သိသိချင်းမှာပဲ သူက ကိုယ့်အတွက်နှင့် ပတ်သက်ပြီး ဒဏ် ရာဒဏ်ချက်နှင့် ဖြစ်နေခဲ့ပြီ။ သည်လိုအနေအထားမှာ သူ့ကို ပြတ်ပြတ် ရှင်းရှင်း ခပ်ကင်းကင်း နေလိုက်ဖို့ဆိုတာကတော့. . .။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅)

"အဲဒီအကြောင်းတွေ နင် ဘယ်သူ့ကို ပြောပြဖြစ်သေးသလဲ ခိုင်မာ"

"ဘယ်သူကိုမှ မပြောပြဖြစ်ပါဘူး တေက်ပြား. . . အဲလေ. . သက်ထားရယ်"

ခိုင်မာက ယောင်၍ခေါ်လိုက်မိတော့ သက်ထားက ရယ်လိုက်သည်။

"ဘာလဲ. . . နင်က ငါနဲ့ နောက်မှ တွေ့ရခင်ရတဲ့ သူငယ်ချင်းပြီး ငါ့ကို တေက်ပြားလို့ ခေါ်မိတာကို အားနာနေလို့ပြင်ပြောတာ

www.burmeseclassic.com

www.burmeseclassic.com



လား၊ လုပ်မနေပါနဲ့ ခိုင်မာရာ၊ သူများတွေ ခေါ်သလိုပဲ ရဲရဲပွင့်ပွင့်လင်းလင်း ခေါ်ပါ၊ ငါ့ကို အမြင်ကတ်လို့ ခေါ်ကြတာမှ မဟုတ်တဲ"

သက်ထားက အတည်ပေါက် ပြောလာတော့မှပဲ ခိုင်မာ ရင်ထဲက အားနာစိတ်တွေက ပိုကြွလာသည်။ သက်ထား၏ခေါင်းမှ ဒဏ်ရာကလည်း ပျောက်ကင်းသွားခဲ့ပြီဖြစ်သည်။

နောက်ပိုင်းမှာ သီသီတို့ မိတ်ဆက်ပေးခဲ့သဖြင့် ခိုင်မာနှင့် သော်တာတို့လည်း သက်ထားတို့နှင့် တစ်ဖွဲ့တည်း သူငယ်ချင်းတွေ အဖြစ် ခင်မင်ရင်းနှီးသွားခဲ့ကြသည်။ သို့သော်. . ဘာကြောင့်ရယ် မသိ။

သက်ထားကလည်း သူ့ပိုက်ဆံအိတ်ကလေး ပြန်လိုက်ပေးခဲ့သော ကျောင်းသူသည် ခိုင်မာဖြစ်သည်ဟု ယောင်လို့မှ ဖွင့်မပြောခဲ့။

သို့အတူ ခိုင်မာကလည်း သူခိုးလက်က သူဝှက် လုကာ ပိုက်ဆံအိတ်ကလေး ပြန်ယူလာပေးခဲ့သူမှာ သက်ထားဖြစ်သည်ဟု မည်သူ့ကိုမျှ မပြောဖြစ်ခဲ့။

ပွင့်လင်းစွာ ဖွင့်ဟပြောဆိုညှိနှိုင်းထားခြင်း မရှိပါဘဲနှင့် ခိုင်မာတို့(၂)ယောက်စလုံး ဘာကြောင့်များ ဤကိစ္စကို တူတူညီညီ ဖုံးကွယ်လျှို့ဝှက်ထားခဲ့မိကြပါလိမ့်။

ပြန်တွေးတော့ အံ့သြစရာပင် ကောင်းနေပြန်၏။

"ငါ ဘာလို့ ဖွင့်မပြောဖြစ်ခဲ့တယ် ထင်သလဲ သက်ထား"

"မသိဘူးလေ. . . နင့်စိတ်ထဲက သဘောထားကို နင်ပဲ သိမှာပေါ့"

"ဟင့်အင်း. . . ငါလည်း ကိုယ့်ဘာသာကိုယ် သေသေချာချာ မသိဘူး၊ မှန်းဆ ထင်မြင်ကြည့်ရုံလောက်ပဲ တတ်နိုင်တယ်"

"အံ့မယ်. . . လုပ်စမ်းပါဦး၊ ဘယ်လိုမှန်းဆ ထင်မြင်မိတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ”

“ငါ့ပိုက်ဆံအိတ်ကို နင်က ပြန်ခါးပိုက်နှိုက်ပေးတာကြောင့် နင် ဟိုကောင်တွေနဲ့ ရန်ပွဲနွှဲရတာလို့ သူငယ်ချင်းတွေ သိသွားကြရင် ငါ့ကို ဂြိုဟ်မွှေတဲ့တရားခံလို့ အားလုံးက ထင်သွားကြ ပြုပြင်ကြမှာကို ငါ့မသိ စိတ်က ကြောက်နေမိလို့ မပြောရဲဘဲ ဖြစ်နေတယ်လို့ ထင်မိတာပဲ”

“ဘာဆိုင်လို့လဲဟာ. . . အဲဒီတုန်းက နင်နဲ့ငါနဲ့ သိကြသေးတာ မှ မဟုတ်ဘဲ၊ စိတ်ချ. . . နင့်နေရာမှာ တခြားကျောင်းသူကျောင်းသား တစ်ယောက်ယောက်ဖြစ်နေရင်လည်း ငါဝင်ကူမိမှာပဲ၊ ဘတ်စ်ကားပေါ် မှာတုန်းက သူတို့ နင့်လွယ်အိတ်ထဲက နှိုက်ပြီး လက်ပြောင်းလက်လွှဲ လုပ်လိုက်ကြတာကို ငါက မြင်ပြီးသားလေ၊ အဲဒါမျိုးကျရင် ပါရမီက လည်း တော်တော်ထက်တယ်၊ ဒက်ခနဲ တန်းသိတာ၊ ဒါကြောင့် ငါက ပြန်နှိုက်တာ၊ အဲဒီတော့လည်း မြွေမြွေချင်း ခြေမြင်ကြတာပေါ့ဟာ၊ အဲဒါကို မှတ်ထားပြီးငါ့ကို ဝိုင်းသမတာပေါ့၊ ရယ်တော့ ရယ်ရတယ်”

“ဘာဖြစ်လို့လဲ”

သက်ထားက ပြောရင်းကပင် တကယ် ရယ်နေသဖြင့် ခိုင်မာ မေးလိုက်မိ၏။

“သူတို့ကိုလည်း ငါအပြစ်မတင်ပါဘူးဟာ၊ နောက်တစ်နေ့ ငါ့ ကို လာစောင့်ကြည့်တော့ သူတို့က ပြောတယ်၊ သူငယ်ချင်းရဲ့သဘောက တော့ တကယ့်ဝါရင့်ပုဂ္ဂိုလ်ဂုရုထဲကပါပဲ. . . ဘယ်နယ်မြေကလဲတဲ့၊ သူတို့လိုပဲ တကယ့် ‘ခါး’ တစ်ယောက်လို့ ငါ့ကို တွက်ထားကြတာ၊ နောက်တစ်ယောက်က တို့နယ်မြေမှာ လှုပ်ရှားမယ်ဆိုရင်လည်း တို့နဲ့ မိတ်ဆက်ပူးပေါင်းကွာ၊ ဟိုတစ်နေ့က မင်းလုပ်သွားတဲ့ကိစ္စတော့ မမိုက်ဘူး၊ တို့အချင်းချင်းက ပြန်တွေးပါတယ်၊ သူ့ကောင်မလေးမို့



www.burmeseclassic.com

www.burmeseclassic.com



သူပြန်ကာကွယ်လိုက်တာ ဖြစ်မယ်လို့၊ အဲလိုမဟုတ်လား. . . အဲလို ဆိုရင်တော့ ငါတို့ နားလည်မှုနဲ့ ခွင့်လွှတ်လိုက်ပါ့မယ်၊ နောက်ဆိုရင် ကြို့ပြောထားကွာတဲ့"

မျက်နှာပူပူဖြင့်ပင် ခိုင်မာ ထပ်မေးမိပြန်သည်။

"အဲဒီတော့ နင်က ဘာပြန်ပြောလိုက်သလဲ"

"ဘယ်ကလာ ငါ့ကောင်မလေး ဟုတ်ရမှာလဲ၊ ငါ သိတောင် မသိဘူး၊ ငါ့ရှေ့မှာ အမြင်မတော်လို့ ဝင်လုပ်လိုက်တာကွလို့၊ ဘာပြော ကောင်းမလဲ. . . အဲဒီမှာ ငါနဲ့ဒီကောင်(၃)ကောင်နဲ့ ဖိုက်ကြတော့တာပဲ၊ ဇော်မျိုးနဲ့ တခြားကျောင်းသားတွေပါ ရောက်လာကြလို့ ငါကံကောင်း သွားတာ"

"နင်ကလည်း ချော်လဲရောထိုင်လိုက်ရင် ပြီးရော"

"ဘယ်ဖြစ်မလဲ. . . ငါ့ကို တကယ့်ခါးပိုက်နှိုက် ထင်သွားရင် နောက်ပိုင်းမှာ ပြဿနာရှုပ်လာနိုင်တာပေါ့၊ ဒါကြောင့် ပွင့်ပွင့်လင်းလင်း ပဲ ပြောလိုက်တာ၊ ငါက သူငယ်ချင်းတွေကြားမှာ ပျော်စရာ ရယ်စရာ စရုံနောက်ရုံပဲ လက်ကမြင်းတဲ့ကောင်ပဲဟာ"

နှစ်ယောက်သား ပြိုင်တူရယ်လိုက်ကြသည်။

"ဒါထက် နေပါဦး. . . နင်ကကော နင့်ပိုက်ဆံအိတ် ပြန်လိုက် ပေးခဲ့တဲ့ကျောင်းသူဟာ ငါဖြစ်ကြောင်း ဘာလို့ ပြန်မပြောဘဲ လျှို့ဝှက် ထားရတာလဲ သက်ထား"

"ဒါက ရှင်းပါတယ်ဟာ၊ ငါက အစကတည်းက ကိုယ့်ကျောင်း ထဲက လူတွေချင်း ကူညီချင်တဲ့စိတ်သက်သက်နဲ့ လုပ်ခဲ့တာပဲ၊ အဲဒါတို့ ငါကူညီပေးတဲ့သူက ဘယ်သူဘယ်ဝါပါလို့ ထုတ်ဖော်ပြောပြနေရင် အလျှုရှင်မှန်း သိအောင် မဏ္ဍပ်တိုင် တက်ပြသလို ဖြစ်တော့မှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ငါ ဖြူဖြူစင်စင် ကူညီခဲ့သမျှလည်း မရှိုးသားဘူး၊ ဒီယုန်မြင်လို့ ဒီချုံထွင်ခဲ့တာပဲလို့ အသတ်မှတ်ခံရတော့မှာပေါ့ ခိုင်မာရယ်၊ ဒါကြောင့် ငါ ဘယ်သူ့ကိုမှ ဖွင့်မပြောခဲ့တာပဲ”

သက်ထား ရှင်းပြတော့လည်း သူ့ခံယူချက်နှင့်သူ အဟုတ်ပင်။

မည်သို့ဖြစ်စေ သူ့ကို ခိုင်မာ အထင်အမြင်သေးလို့ မရတော့တာကို ဝန်ခံရတော့မည်။ ဇော်မျိုးတို့ သီသီတို့တစ်တွေ ဘာကြောင့် တေက်ပြားချင်း မိုးမွှန်အောင် ပြောပြီး ဘာကြောင့် သူ့ကို လက်တွဲမဖြုတ်နိုင်ဘဲ ခင်မင်စွာ ပေါင်းသင်းဆက်ဆံနေကြသလဲဆိုသော အခြေခံ အကြောင်းရင်းကိုလည်း နားလည်လာရသည်။

တကယ်တော့ မေးမည့်သာ မေးရခြင်းဆိုသော်လည်း အဖြေက အစောကြီးကတည်းက ထွက်နေနှင့်ပြီးဖြစ်သည်ပဲ။ အဲဒီတုန်းက သူနှင့်ခိုင်မာတို့ သိကျွမ်းခဲ့ကြသေးသည်မှ မဟုတ်တာလေ။ တေက်ပြားအနေဖြင့် ဝင်မကူလည်း ‘နေသာသပ လေညာက’ ဖြစ်၏။

“အေးပါဟယ်. . . ဘာပဲဖြစ်ဖြစ် ငါ နင့်ကို လေးစားပါတယ်၊ သူငယ်ချင်းအဖြစ်လည်း တကယ်ခင်မင်ပါတယ်၊ ကူညီခဲ့ဖူးတာကို နင်လျှို့ဝှက်ထားခဲ့ပေမယ့် ကာယကံရှင်တစ်ယောက်အနေနဲ့ ငါကျေးဇူးတင်နေမှာပါ”

သည်တော့ သက်ထားက ခိုင်မာကို ဖျတ်ခနဲ စူးစူးကြည့်လိုက်၏။ ထိုအကြည့်ကြောင့် ခိုင်မာ့ရင်ထဲ တစ်နေရာမှာ အေးခနဲ ဖြစ်သွားရသည်။ သူ့အကြည့်ကို သာမန်မဟုတ်ဟု ဆုံးဖြတ်ချင်မိ၏။

အဲဒီတုန်းပဲ တေက်ပြားက ပြောလေတော့သည်။

“ဟင့်အင်း. . . လေးစားတာတို့ ကျေးဇူးတင်တာတို့ဆိုတဲ့ အသုံးအနှုန်းတွေကို ပြန်ရုပ်သိမ်းလိုက်. . . ငါလက်မခံဘူး သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ ခင်မင်တယ်ဆိုရင် လုံလောက်နေပြီ”

“ငါက ဘာလို့ ရုပ်သိမ်းရမှာလဲ၊ တကယ်လေးစားလို့ ကျေးဇူးတင်လို့ ပြောမိတာပဲဟာ၊ နင့်ကို အားအားယားယား ဖားလျှားပြီး ဖေါ်ရွှေရိုက်ပြောတာ မဟုတ်ဘူး”

သက်ထားက မျက်နှာကို ရှုံ့မဲ့လိုက်ကာ နောက်တစ်ကြိမ် ခပ်စူးစူး ကြည့်ပြန်သည်။

“ခိုင်မာ. . . နင်ဟာ လည်မလိုလိုနဲ့ တော်တော်ဒုံးဝေးသေးတယ်၊ ဒဲ့ကို ပြောမှ သဘောပေါက်မယ့်ပုံပဲ၊ မှတ်ထားဟေ့. . . အဲဒီ လေးစားတာတွေ ကျေးဇူးတင်တာတွေကို ရှေ့က ပိတ်ပြောထားရင် တော်တန်ရုံနဲ့ ရည်းစားစကားက ပြောမထွက်တော့ဘူးဟ၊ ဒါ့ကြောင့် ငါက လက်မခံဘူးလို့ ပယ်ချနေတာ”

ခိုင်မာ လွတ်လပ်ပေါ့ပါးစွာ ရယ်ချလိုက်မိသည်။

“ဩော်. . . နင်က ငါ့ကို ရည်းစားစကားပြောဖို့ အစီအစဉ် ရှိသေးတယ်ပေါ့လေ. . . ဟုတ်လား ငတက်ပြား”

“အောင်မယ်. . . နင်က ရယ်စရာတွေ လျှောက်နောက်နေတယ် ထင်လို့လား၊ စိတ်ချ. . . ငါ့ကိုယ်ငါ သိပ်သေချာသွားတဲ့ တစ်ချိန်ချိန်ကျရင် ငါပြောမှာ၊ နင်နဲ့ငါနဲ့ ခင်မင်ရင်းနှီးကြတာ ဆယ်ရက်ကျော်ကျော်လေးပဲ ရှိသေးတယ်၊ ဒါပေမယ့် ဘယ်လိုဖြစ်တယ် မပြောတတ်ဘူး၊ ငါ နင့်မျက်နှာကလေးကိုပဲ အမြဲလိုလို မြင်မြင်နေမိတယ်၊ ငါဒီလို တစ်ခါမှ မဖြစ်ဖူးဘူး၊ နင်ဟာ ငါ့အဖို့တော့ ထူးခြားနေတာ အမှန်ပဲ၊ တွေ့ကြုံဆုံကြပုံကလည်း ထူးခြားတယ်၊ နာမည်တွေကအစ ပြန်ပြောင်း ကြည့်ပြီး စိတ်ကူးပေါက်ရာ လျှောက်စဉ်းစားမိတော့ တစ်ယောက်တည်း ရယ်မိသေးတယ်”



www.burmeseclassic.com

www.burmeseclassic.com



“လုပ်ပြန်ပြီ. . . ဘာတွေ ရယ်စရာ တွေ့ရပြန်လို့လဲ”

“ဒီလိုလေဟာ. . . နင်နဲ့ငါသာ မင်္ဂလာဆောင်ဖြစ်ခဲ့ကြရင်”

“အောင်မာ. . . နစ်နာနေဦးမယ်. . . စဉ်းစားပြောဟဲ့”

ခိုင်မာက မျက်စောင်းကြီး ပွစ်ထိုးလိုက်ကာ ကြားဖြတ်အော်လိုက်သဖြင့် သက်ထား စကားတစ်ဝက်တစ်ပျက်နှင့် ရပ်သွား၏။ သက်ထားကလည်း မခေ။ ငုံ့ခံမနေဘဲ မျက်စောင်းကြီး ပြန်ထိုးကာ ပြောလေသည်။

“ငါက အကောင်းပြောမလို့ဟာ၊ ဘာဖြစ်လို့ အော်ရတာလဲဟာ၊ လန့်တောင် လန့်သွားတယ်၊ ဒီလိုလေ. . . တကယ်တွေးမိပြီး ရယ်မိတာ၊ မင်္ဂလာဆောင် ဖိတ်စာအပ်ရင် ကွန်ပျူတာဆရာ စာစီမှားလို့ ပြန်လျော်ရနိုင်တယ်၊ အပ်တဲ့သူကသာ နမော်နမဲ့ ပြောသွားခဲ့လို့ကတော့ မောင်ခိုင်မာနှင့် မသက်ထားလို့ စီပြီးသားသာ အောက်မေ့ပေတော့. . . ဟား. . ဟား. . ဟား”

“ကြွံကြွံဖန်ဖန် တေက်ပြားရယ်”

နှစ်ယောက်သား ရယ်ဖြစ်ကြရပြန်၏။ သက်ထားနှင့် တွေ့လျှင် မပျင်းရချေ။ ထိုစဉ် သူတို့စားပွဲဆီသို့ ခပ်သုတ်သုတ် လျှောက်ဝင်လာသော ဖက်တီးကို မြင်ရ၏။

“ဩ. . . မင်းတို့ကတော့ ဒီမှာ ဟီလာတိုက်နေကြသပေါ့လေ၊ သေနာကျ တေက်ပြား. . . နင် မ,စထားတဲ့ကိစ္စကြောင့် ငါ အခုတင် နောက်ကျတဲ့ခြေထောက် သစ္စာဖေါက်ဆိုပြီး လစ်ပြေးခဲ့ရတယ်၊ ဇော်မျိုးနဲ့သီသီတို့ မရောက်လာကြသေးဘူးလား”

ဖက်တီးက ဝင်ထိုင်လိုက်ချင်း ပြော၏။

“ခဏနေရင် လာတော့မှာပါကွာ၊ တို့လည်း သူတို့ကို စောင့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



စကားတောင်းနေတာ၊ သော်တာက ဒီနေ့ ကျောင်းမတက်တော့ ငါတို့ (၂)ယောက်ပဲ ရှိတယ်၊ နေပါဦး. . . မင်းက ဘာဖြစ်လာလို့ လစ်ပြေးရတာလဲ”

သက်ထားက ပြန်မေးသည်။ ဖက်တီးက နှုတ်ခမ်းကို မဲ့လိုက်ကာ ပြောလေသည်။

“လစ်မပြေးလို့ရမလား. . . ငါ အခု ဒီကိုအလာမှာ လေဒီဖက်တီးနဲ့ တွေ့ခဲ့တယ်”

“ဩော်. . .”

‘လေဒီဖက်တီး’ ဆိုတာ “အိအိပြည့်ဖြိုး” ဆိုသော ကျောင်းသူဝဝကြီးကို သူတို့အဖွဲ့က ပေးထားသောနာမည်ဖြစ်၏။

“တွေ့ခဲ့တော့ ဘာကေ့စ်တွေ ထပ်တက်လို့လဲ”

ခိုင်မာက ဝင်စပ်စုလိုက်သည်။

“ဘာကေ့စ်မှ မတက်ပါဘူး၊ ငါက ဘာမှမမေးရဘဲနဲ့ သူက ယူ့အတွက် တို့ စဉ်းစားပေးနေတုန်းနော်၊ မကြာခင် တို့ အဖြေပေးနိုင်လိမ့်မယ် ထင်ပါတယ်လို့ ပြုံးပြုံးကြီး လာပြောသွားတာလေး တစ်ခုပါပဲ”

“ဒါဆိုရင် မင်း သိပ်ပြီး အခြေအနေကောင်းနေပြီပဲ သူငယ်ချင်းရဲ့၊ ကဲရီးအွန်. . . ဆက်လုပ်”

သက်ထားက ပြုံးစေ့စေ့ဖြင့် ဆက်တွန်းပေးလိုက်သောကြောင့် ဖက်တီးခမျာ သူ့နဖူးသူ လက်ဝါးနှင့် ရိုက်ရင်း ပက်လက်လန်သွားရှာလေသည်။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၆)

“ဗိုင်. . . အိမ်မှာ နင့်သူငယ်ချင်းဆိုတာ ရောက်နေတယ်၊ သော်တာ့ပွဲကို သွားဖို့ ဝင်လာခေါ်တာတဲ့. . . ပြန်တော့”

မမကြီးက ဆိုင်ထဲသို့ ဝင်လာလာချင်း ပြော၏။

ခိုင်မာ ကျောင်းပိတ်သောရက်များတွင် မမကြီးကိုယ်စား မေမေ၏မုန့်ဟင်းခါးဆိုင်တွင် ဝင်ကူလေ့ရှိ၏။

ခိုင်မာ ဆိုင်သို့ ရောက်နေချိန်တွင် မမကြီးက အိမ်မှာ တစ်ခုတ်စာ ချက်ပြုတ်ဖွပ်လျှော် အလုပ်တွေကို လုပ်သည်။

မောင်ငယ်(၂)ယောက်၏အဝတ်အစားတွေကို အမိကာ ထား



www.burmeseclassic.com

www.burmeseclassic.com



၍ ဖွပ်လျှော်ရခြင်းပင်။

ထိုအလုပ်များ ပြီးစီး၍ မမကြီး စျေးထဲက ဆိုင်ကို လိုက်လာတော့မှ ခိုင်မာ အိမ်ပြန်လေ့ရှိသည်။

ဆိုင်သိမ်းချိန်မှာတော့ မောင်ငယ်(၂)ယောက်က ဝင်ကူကြသည်။

"ဟုတ်တယ်. . . ဒီနေ့ သော်တာ့မွေးနေ့ပွဲရှိတယ်၊ သူငယ်ချင်းအားလုံးကို ဖိတ်ထားပြီးသား၊ ဒါပေမယ့် အိမ်ကို ဝင်ခေါ်ဖို့တော့ ဘယ်သူ့ကိုမှ ချိန်းမထားဘူး"

"ဒါတော့ ငါမသိဘူးလေ၊ အဲဒီကို သွားဖို့ ဝင်လာခေါ်တာတဲ့၊ အိမ်မှာ စောင့်နေလေရဲ့၊ ကောင်လေးကတော့ ရည်ရည်မွန်မွန်လေးပါ"

ကေန္တ တေက်ပြားပဲ ဖြစ်ရမည်ဟု သိလိုက်ကာ ခိုင်မာ ပြုံးလိုက်မိပြီးဖြစ်သွား၏။ တာရှည်ပေါင်းသင်းဆက်ဆံလာသောအခါ အဲဒီအကောင် အင်မတန် ဉာဏ်များတာကို မသိလို့မရအောင် သိသိလာရသည်။

သော်တာဦးက သူ့မွေးနေ့အတွက် သူငယ်ချင်းအားလုံးကို ဖိတ်စာဝေထားပြီးဖြစ်၏။ ကိုယ့်အစီအစဉ်နှင့်ကိုယ် မသွားဘဲ သည်ဘက်ကို လှည့်ဝင်လာတာကတော့ ခိုင်မာတို့နေအိမ်ကို သိရအောင် တေက်ပြား သက်သက်ခွင်ဖန်ခြင်းဖြစ်လိမ့်မည်။

အိမ်ကို ရောက်တော့ သက်ထားက စပ်ဖြီးဖြီးနှင့် ဆီးကြိုနေ၏။ မွေးနေ့ပွဲ သွားမှာမို့ စတစ် လည်ကတုံး ရှယ်လက်ရှည်အဖြူနှင့် မရမ်းရောင် ပိုးလုံချည်နှင့် ကျကျနန ဝတ်ဆင်ထားသဖြင့် ကိုယ်တော်ခြောက်မှာ ပြောင်ပြောင်လက်လက် အရောင်တွေ ထွက်နေလေသည်။

လက်ထဲမှာလည်း အလျားတစ်ပေ အမြင့်(၆)လက်မခန့်ရှိ ပန်း



www.burmeseclassic.com

www.burmeseclassic.com



စက္ကူကပ်ထားသော မွေးနေ့လက်ဆောင်ထုပ်ကို အကျအန ကိုင်ထား၏။

"တယ်ဝီရိယကောင်းပါလား. . . ဖိတ်ထားတဲ့အချိန်နဲ့ တွက်ရင် အစောကြီး ရှိသေးတယ်"

"သိသားပဲ. . . တမင်စောပြီးထွက်လာမှ တော်ရုံကျမှာ၊ အခုပဲ နင် ရေမိုးချိုး အလှပြင်ဦးမှာကို ငါစောင့်ရတော့မယ် မဟုတ်လား"

သက်ထားက သူ့တွက်ကိန်းကို ချပြ၏။

"အို. . . ရှုတင်သွားမယ့် ရုပ်ရှင်ဗွီဒီယိုမင်းသမီးမှ မဟုတ်ဘဲ၊ ငါပြင်တာဆင်တာက မကြာပါဘူး၊ ဒါနဲ့ ငါ့အိမ်လိပ်စာကို ဘယ်က တောင်းလိုက်တာလဲ"

"ဒါလေးများ. . . ငါလိုချင်ရင် ဘန်ကီမွန်း လိပ်စာတောင် ရအောင်ရှာနိုင်တယ်လို့မှတ်၊ သော်တာဦးဆီ ဖုန်းနဲ့ လှမ်းတောင်းလိုက်တာပေါ့၊ လမ်းသင့်ရင် နင့်ကိုပါ ဝင်ခေါ်ခဲ့ရအောင်လို့လို့ ပြောလိုက်တာလေ"

"လမ်းတကော တကယ်သင့်လို့လား"

"တမင်တကာကို မသင့်သင့်အောင် လာပါပြီဆိုမှတော့ သင့်ပြီပေါ့ဟာ၊ ကဲ. . . လုပ်ဟာ၊ ရေမိုးချိုးပြီး ပြင်လိုက်ဆင်လိုက်ပါဦး"

သက်ထားက ဇွတ်တိုက်တွန်းနေသည်။

"နေဦးလေ. . . နင့်ဖို့ ကော်ဖီနဲ့ မုန့်ကလေးတော့ ပြင်ပေးထားဦးမှ ဖြစ်မှာပေါ့၊ နင့်မှာ ပါးစပ်ပေါင်းလောင်းနဲ့ ကြောင်တောင်တောင် ဖြစ်နေမှာပေါ့"

"ဟင့်အင်း. . . လုပ်မနေနဲ့၊ ငါ လက်ဖက်ရည် သောက်ခဲ့ပြီးသား. . . ဘာမှမလိုဘူး၊ လိုတာက နင် မြန်မြန်ဆန်ဆန် ပြီးဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်တော့. . . ခိုင်မာပဲ လက်လျှော့ပြီး ရေချိုးခန်းသို့ ဝင်ခဲ့ရတော့၏။

ရေချိုးနေရင်းကလည်း သက်ထားအကြောင်းကို တွေးမိနေသည်။ သူနှင့် မတွေ့မဆုံခဲ့ရသေးဘဲ သူ့အကြောင်းကိုသာ သီသီထံမှ တဆင့် ကြားနေခဲ့ရစဉ်က ပြောခဲ့မိသော "အဲလိုလူမျိုးကို မိတ်ဆွေစာရင်းကို လုံးဝမသွင်းချင်တာ" ဟူသော ခိုင်မာ၏ကြုံးဝါးချက်သည် သက်ထားနှင့် တကယ်ဆုံရပြီးသောအချိန်၌ ကြက်ပျောက်ငှက်ပျောက် လွင့်စဉ်ပျောက်ရှသွားခဲ့ရသည်။

အဲဒါကိုက သက်ထား၏ထူးခြားသော အရည်အချင်းတစ်ခုဟု ဆိုရမလိုဖြစ်နေတာ ဝန်ခံရတော့မည်။

အပြောအဆို ရဲတင်းပွင့်လင်းဖေါ်ရွေသည်။ ပျော်တတ်နောက်တတ်သည်။ လက်သွက်သွက်နှင့် အလစ်သုတ်တတ်တာကလည်း တကယ့် ငတက်ပြားနှင့် နင်လားငါလား ဖြစ်၏။ သို့တိုင် သူများဒုက္ခရောက်ရလောက်အောင်တော့ တန်ဖိုးကြီးသည့်ပစ္စည်းမျိုးကို ခိုးဝှက်လေ့ မရှိပါ။

နောက်ပိုင်းမှာတော့ ခိုင်မာနှင့်သက်ထားက ပြောစရာရှိလျှင်ပြောင်ပြော၊ ဘုပြောစရာရှိလျှင် အားမနာစတမ်း ပိဿာလေးနှင့် ဘေးပစ်သလို တကျက်ကျက် စကားများကြရင်းကပင် အဖွဲ့ထဲမှာ အတွဲမိဆုံး (၂)ယောက် ဖြစ်လာခဲ့ရသည်မှာ တော်တော်အံ့သြဖို့ကောင်းနေသည်။

သီသီနှင့် သော်တာတို့ကပင်. . .

"နင်နဲ့ငတက်ပြားက ရိုးကော ရိုးကြသေးရဲ့လား"

ဟု သက်ာမကင်း မေးမြန်းစပ်စုလာကြသည်။

"အခုထိတော့ ရိုးရိုးပါပဲ၊ အကောင်က သူ့စိတ်ကိုသူ သေ



www.burmeseclassic.com

www.burmeseclassic.com



ချာသွားတဲ့ တစ်ချိန်ချိန်မှာတော့ ငါ့ကို ရည်းစားစကား ပြောရလိမ့်မယ်လို့ ရာဇသံ ကြိုပေးထားတယ်ဟ၊ ပြောလာပစေ. . . အဲဒီနေ့ကျမှ ဒင်းကို ကောင်းကောင်းပြန်နှိပ်ကွပ်ပစ်လိုက်ဖို့ ငါစိတ်ကူးထားတယ်၊ လူတကာကို စိတ်ညစ်အောင် သူလုပ်လာတာ ကြာပြီ"

ဟု ခိုင်မာ ပြန်ပြောမိသည်။

"ဒါဆိုရင် နင့်စိတ်က သူ့အပေါ် သူငယ်ချင်းလိုထက် တစ်စက်မှ ပိုမလာတော့တာ တစ်သက်စာအတွက် သေချာတယ်လို့ နင့်ကိုယ်နင် အာမခံနိုင်လို့လား ခိုင်မာ"

အဲဒီတုန်းက အတည်ပေါက်ကြီး မေးလာခဲ့သော သော်တာ၏ မေးခွန်းကတော့ ခိုင်မာ့ရင်ကို လှိုက်ခနဲ ခုန်လှုပ်သွားစေခဲ့သည်။

"ဒါတော့ ငါလည်း မပြောတတ်ဘူး"

ဟု ခပ်ရိုးရိုး ဝန်ခံခဲ့မိတာ သူတို့ကွယ်ရာမှာ ရယ်ပွဲဖွဲ့စရာများ ဖြစ်နေလေရော့မလား။

အတွေးဖြင့်ပင် ရှက်ပြုံးပြုံးမိရပြန်သေးသည်။

ခိုင်မာ ရေချိုးပြီးသည်နှင့် အဝတ်အစား လဲလှယ်သည်။

မွေးနေ့ပွဲ ပွဲတက်ဝတ်စုံဆိုတာတော့ သာမန်ထက်တော့ နည်းနည်း ပိုမှဖြစ်မည်။

မျက်နှာကို ခြယ်သရာမှာလည်း သည်လိုပဲပေါ့။

ကျောင်းသွားတာထက် ဈေးသွားတာထက်တော့ ပိုပိုမိုမို တလေး ပြင်ဆင်ခြယ်သမိ၏။

ခါတိုင်း ပန်းသွေးရောင်လဲ့လဲ့သာ ဆိုးတတ်သော နှုတ်ခမ်းတို့ သည်တစ်ကြိမ်မှာတော့ အညိုဖျော့ဖျော့လိုင်းကလေး တင်မိလေး၏။

စိတ်တိုင်းကျအောင် ပြင်ဆင်ပြီး ဧည့်ခန်းဆီ ပြန်ထွက်မည်ပြု



www.burmeseclassic.com

www.burmeseclassic.com



တော့ မွေးနေ့လက်ဆောင်အဖြစ် ဝယ်ထားသော ဖန်စီနာရီလှလှ ကလေးကို ထုပ်ပိုးထားသည့် ဘူးကလေးကို ယူလိုက်ရသေးသည်။

တန်ဖိုးကြီးလှသည် မဟုတ်သော်လည်း ဖန်စီလက်ပတ်နာရီ ဒီဇိုင်းသစ်ကလေးမို့ သော်တာဦး နှစ်သက်လိမ့်မည်ဟု ယုံကြည်မိ၏။ သော်တာဦးက နာရီရူး မဟုတ်လား။ "သော်တာဦး" ဟု မမှည့်ဘဲ "ချယ်ရီဦး" ဟု နာမည်ပေးမှ လိုက်ဖက်မည့်သူမျိုး။

ဧည့်ခန်းထဲ ပြန်ထွက်လာခဲ့တော့ ခိုင်မာ အံ့အားသင့်သွားသည်။

ဧည့်ခန်းထဲမှာက သက်ထားတစ်ယောက်တည်း မဟုတ်ဘဲ ကိုထက်ခေါင်ပါ ထပ်တိုးရောက်ရှိနေသောကြောင့်ဖြစ်သည်။

နှစ်ယောက်လုံးကပင် ပုံမှန်လိုအတိုင်း မဟုတ်ဘဲ အကျအန ပြင်ဆင်ထားသော ခိုင်မာ့ကို လှမ်းကြည့်ကာ အကြည့်ငေးတွေ ဖြစ်သွားကြ၏။

"ဩော်. . . ကိုထက်ခေါင်ပါ ရောက်နေတာကိုး"

ခိုင်မာက နှုတ်ဆက်လိုက်တော့မှ သူတို့အကြည့်တွေကို ပြန်သိမ်းလိုက်ကြ၏။

"ဟုတ်တယ် ခိုင်မာ၊ ဒီရောက်မှ ခိုင်မာတို့ အပြင်သွားစရာ ရှိနေတာကို သိရတယ်"

"သူက ပြောလို့လား"

"ဟုတ်တယ်. . . စကားစပ်မိတာနဲ့ ပြောလိုက်မိတာ"

သက်ထားက ကြားဖြတ်ဝန်ခံ၏။ သက်ထားက လူသွက် ဆိုတော့ သူနှင့်ခိုင်မာတို့ အတူတူ သွားစရာရှိနေသည့်ကိစ္စကိုရှေ့ကနေ ပိတ်ပြောထားလိုက်နှင့်ဟန်တူ၏။

www.burmeseclassic.com



"ကိုယ့်ကားနဲ့ပဲ အတူလိုက်ခဲ့ကြလေ ခိုင်မာ၊ ကိုယ်လိုက်ပို့ပေးပါ့မယ်"

ကိုထက်ခေါင်က ဖိတ်ခေါ်၏။

ထိုသို့ တစ်ကြိမ်မှ မပြောခဲ့၊ မဖိတ်ခေါ်ခဲ့ဖူးသဖြင့် ခိုင်မာ့စိတ်ထဲ အံ့ဩသွားသည်။ သက်ထားရဲ့ရှေ့မှာ သူက ခိုင်မာ့ကို မည်မျှထိ နီးနီးကပ်ကပ် အကျွမ်းတဝင်ရှိနေကြောင်း ပြလို၍ ထွက်လာသောစကားဟု နားလည်လိုက်၏။

"နေပါစေတော့ ကိုထက်ခေါင်၊ ဒီမှာ အတူတူသွားကြမယ့် သူငယ်ချင်းလည်း ပါသားပဲ၊ သူနဲ့ပဲ သွားတော့မယ်၊ ခိုင်မာတစ်ယောက်တည်း အဖော်မဲ့ သွားရမှာ မဟုတ်ပါဘူး"


ခိုင်မာ ငြင်းလိုက်တော့ ကိုထက်ခေါင်က အားမတန် မာန်လျှော့ရသည့်နှယ် ခပ်လျှော့လျှော့ ပြုံးကာ ခေါင်းညိတ်ပြရင်း ပင့်သက်ချပြ၏။

"ခိုင်မာတို့ကို ခွင့်ပြုပါဦးနော်၊ လာ. . . သက်ထား၊ ငါတို့ သွားကြစို့"

နှစ်ယောက်သား အိမ်က ထွက်ခဲ့ကြ၏။



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၇)

“အဲ့ဒီလူက ဘာလဲဟ၊ နင်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ”

လမ်းမကြီးသို့ ရောက်ဖို့ ဦးတည်လျှောက်လာကြစဉ်မှာပင် သက်ထားထံမှ မေးခွန်းတစ်ခု စတင်လာသည်။

ခိုင်မာတို့ နေထိုင်ရာ သီရိလမ်းသွယ်မှသည် ဘတ်စ်ကားများ ပြေးသော ကားလမ်းမကြီးသို့ ရောက်ဖို့က တစ်ဖာလုံမျှ လျှောက်ရသေး၏။

“ဘယ်လိုမှ မပတ်သက်ပါဘူး၊ ငါတို့မိသားစုရဲ့မိတ်ဆွေ ဟောင်း မိသားစုတစ်ခုကပါ။ ဘာဖြစ်လို့ မေးတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"သိချင်လို့ မေးတာပါ။ ဒီလူက ငါ့ကို ဧည့်ခန်းထဲ ထိုင်နေတာ တွေ့ကတည်းက ငါ့ညီက ဘယ်သူလဲ. . . ဘယ်ကလဲ. . . ဘယ်သူ့ဆီ လာတာလဲ. . . ဘာကိစ္စလဲနဲ့ စပ်စုတော့တာပဲ၊ ငါ့မလည်း နင့်အစ်ကို လား မသိဘူးဆိုပြီး သူမေးသမျှ ဖြေပေးနေရတယ်၊ ဘာလဲကွာ. . . သူ့ပုံစံက သူ့ခွင့်ပြုချက် ရမှပဲ ငါက နင်တို့အိမ် လာရတော့မလိုလို၊ နင်နဲ့ ဆက်ဆံတာပဲ သူ့ဆီက ခွင့်ပြုချက် တောင်းရတော့မလိုလို"

သက်ထားလေသံက ကျွဲမြီးတိုနေသလိုလို ရှိ၏။

"မဆိုင်ပါဘူးဟယ်. . . ငါ့ကိစ္စကို သူ ဘာမှ ဝင်စွက်ဖက်ပိုင်ခွင့် မရှိပါဘူး၊ သူလည်း ဧည့်ခန်းထဲ ကြောင်တောင်တောင် ထိုင်နေရမယ့် အတူတူဆိုပြီး နင့်ကို စကားပြောဖော် လုပ်ပြီး လျှောက်မေးနေတာ ဖြစ် မှာပေါ့"

"အဲသလို ထင်ရင်တော့ နင်မှားနေပြီ ခိုင်မာ၊ ဒီလူ နင့်အပေါ် မရိုးသားဘူး"

သက်ထားက ပိုင်နိုင်သောလေသံဖြင့် ပြော၏။

"မဟုတ်တာ. . . နင်က ဘယ်လိုလုပ် သိနိုင်လို့လဲ"

"အစကတော့ ငါလဲ ရိုးရိုးပဲ ထင်တာပါ၊ နောက်. . . နင်က ပြင်ဆင်ပြီး ဧည့်ခန်းထဲ ဝင်လာတော့မှ နင့်ကို သူ လှမ်းခိုးကြည့်တဲ့ အကြည့်ကို ငါသတိထားလိုက်မိတာ၊ နင်ကလည်း အရမ်းလှနေတာကိုး၊ ဟီးဟီး. . . ငါတောင် ငေးကြည့်မိသွားသေးတယ်၊ သူ့ကို ဖျတ်ခနဲ လှမ်းကြည့်ပြီး အကဲခတ်လိုက်တော့ သူကလည်း ငေးနေတာပဲ၊ အဲဒီ "အငေး" က ရိုးမှမရိုးပဲ"

"ဘာလဲ. . . နင်က အကြည့်အငေး နိမိတ်ဖတ် အရုပ်ခွဲ ဆရာကြီးမို့လို့လား တကပ်ပြားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး. . . ဒါပေမယ့် ငါသိလိုက်တာတော့ အမှန်ပဲ၊ နင်နားလည်အောင် ပြောရရင် တို့ယောကျ်ားလေးအချင်းချင်း မြွေမြွေချင်း ခြေမြင်တယ်ဆိုသလို ရှိမှာပေါ့၊ ငါကလည်း နင့်အပေါ် ရိုးမှ မရိုးပဲ၊ စိတ်ထဲမှာ သရိုးသရီ အီစီကလီ ဖြစ်နေတာ ကြာပေါ့"

"မပြောနဲ့ဟာ. . . ပေါက်တတ်ကရတွေ"

"ခက်ပါ့. . . ဒါ နောက်ပြောင်ပြောရမယ့် အကြောင်းအရာလား၊ ဘာပဲဖြစ်ဖြစ် ငါ အဲ့ဒီလူကို ကျေးဇူးတင်တယ်၊ နင်နဲ့ ပတ်သက်ပြီး ခပ်ပေါ့ပေါ့ ခပ်အေးအေးနဲ့ နမော်နမဲ့ နေနေမိတဲ့ ငါ့ကို သူက လှုပ်နှိုးလိုက်သလိုပဲ၊ နင့်ကို ချစ်မိနေပြီဆိုတဲ့အကြောင်း ရည်စားစကားတော့ အမြန်ပြောမှ ဖြစ်တော့မှာပဲဟော့"

ခိုင်မာ စိတ်မထိန်းနိုင်ဘဲ ရယ်ချလိုက်မိသည်။

သူ့စိတ်ထဲ ခံစားရသလိုအတိုင်း စွတ်ရွတ်ပြောနေသည့်တိုင် လက်ငင်းမှာကိုက ရည်းစားစကား ပြောနေမိပြီဆိုတာကို သက်ထား သူ့ဟာသူ သတိမပြုမိဘဲ ဖြစ်နေပုံက ရယ်စရာကြီးဖြစ်နေ၏။

"နင် လူလည်မကျနဲ့၊ အခုလည်း ရူးသလိုပေါသလိုနဲ့ နင် ရည်းစားစကား ပြောနေတာပဲ မဟုတ်လား အကောင်စုတ်ရဲ့"

"အဲသလို မထင်ပါနဲ့ဟာ၊ ငါ တကယ်ပြောပြီဆိုရင် ကျကျနန လေးလေးနက်နက် ပြောမှာပါ၊ ခုဟာက ခရီးသွားဟန်လွှဲ ကြုံတုန်း ပြောရဦးမယ်ဆိုသလိုကြီး၊ အချစ်ဆိုတာ အဲလောက် ပေါ့ပေါ့တန်တန် ကလေးကစားသလို သဘောထားရမယ့်အရာမှ မဟုတ်တာ၊ ဒါပဲနော် ငါတကယ်ပြောပြီဆိုရင်တော့ နင်လည်း အဖြေပေးဖို့ စဉ်းစားပေးရမယ်"

"သြော်. . . ခုထိတော့ မပြောသေးဘူးဆိုတဲ့သဘောပေါ့

www.burmeseclassic.com



လေ”

“ဟုတ်တယ်. . . မပြောသေးဘူး”

“ကောင်းလိုက်တာ. . ကျေးဇူးပဲ၊ နင်မပြောသေးဘူးဆိုတော့ ငါလည်း မစဉ်းစားသေးဘူးပေါ့ တေက်ပြားရယ်၊ အေးရာအေးကြောင်း ရှိလိုက်လေ”

သက်ထားနှင့် ဆက်ဆံရေးမှာ တစ်ခါတစ်ခါ အတော် အူကြောင်ကြောင်နိုင်သည်ဟုသာ မှတ်ချက်ချလိုက်ရတော့၏။

ကမ်းနားလမ်းမကြီးပေါ် ထွက်လာကြမိတော့ သက်ထားက တက္ကစီတစ်စီးကို လက်ပြတားလိုက်သည်။

“(၃)ကျပ်တော့ ပေးဗျာ”

ဟု ဆိုတော့ သက်ထားက ခေါင်းညိတ်ကာ ကားနောက်ခန်း တံခါးကို ဆွဲဖွင့်၏။

“တက်တော့ ခိုင်မာ”

မောင်းထွက်လာခဲ့ကြပြီး သိပ်မကြာ။

ကားဆရာက ကမ်းနားလမ်းနှင့် ဗားကရာလမ်းမကြီးထောင့်တွင် လူအုပ်ကြီး ခံနေသဖြင့် ကားကို အရှိန်လျှော့ချလိုက်သည်။ ထိုအနီး လူအုပ်ထဲတွင် ယာဉ်ထိန်း ယူနီဖောင်းဖြင့် ပုဂ္ဂိုလ်ကိုလည်း တွေ့ရ၏။

“ဘာဖြစ်တာလဲဗျ”

“မသိဘူးဗျ. . . ယာဉ်တိုက်မှုတစ်ခုခု ဖြစ်တာထင်တယ်. . . ဒုက္ခပဲ”

“ကျွန်တော်က အဲဒီဘက်လမ်းကြောင်း ကွေ့ချင်တာ”

ကားကို ထပ်မံအရှိန်လျှော့ရင်း ကားဆရာက ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



လမ်းချိုးမှာ အုံနေသောလူအုပ်က အတော်များ၏။ သက်ထားတာ အကြံပေး၏။

"မထူးပါဘူးဗျာ. . . လမ်းဘေးထိုးချပြီး ခဏရပ်စောင့်လိုက်ပါ၊ ယာဉ်ထိန်းကလည်း လက်ပြပြီး ခဏတားထားတာပဲ"

ကားဆရာက စက်မသပ်သေးသည့်တိုင် လုံးဝနီးနီး ကားကို ရပ်လိုက်၏။

"ဟဲ့. . . ဟဲ့. . . ငတက်ပြား၊ အဲလေ. . . သက်ထား"

ဖျတ်ခနဲ သူ့နံဘေးက ကားတံခါးကို ဖွင့်ကာ ဆင်းချသွားသော သက်ထားကို တားချိန်မရလိုက်။

ဝိုင်းအုံနေသော လူအုပ်ထဲသို့ သက်ထား ရောက်ရှိသွားသည်။ ဘယ်သူတွေနှင့် ဘာတွေပြောနေသည်မသိ၊ ယာဉ်ထိန်းရဲအရာရှိကို တစ်ခုခု ပြောနေပုံရသည်။ အရာရှိက ခေါင်းညိတ်ပြသည်ကိုလည်း မြင်ရ၏။ ခဏချင်းမှာပင် ကားဆီသို့ သက်ထား ပြန်ပြေးလာပြီး ဒရိုင်ဘာကို အော်ပြောလေသည်။

"မောင်းခဲ့ဗျို့. . . ကားအက်ဆီးဒင့် ဖြစ်တာ၊ အတိုက်ခံရတဲ့ အဒေါ်ကြီးကို ဆေးရုံပို့ရအောင် ခွင့်တောင်းခဲ့ပြီ၊ ဒီနားက ခပ်နီးနီး အနောက်ပိုင်းဆေးရုံကြီးကို ပို့ရအောင်"

"ဟောဗျာ. . . ခင်ဗျားကလည်း ရှုပ်ရှုပ်ယှက်ယှက်"

ကားဆရာ စိတ်ညစ်သွားပုံဖြင့် ညည်း၏။

"ကဲ. . . မောင်းသာ မောင်းစမ်းပါဗျာ၊ ခင်ဗျားကို ကျွန်တော် ငှားလာတဲ့ကြေးထက် နှစ်ဆပေးမယ်. . . ဟုတ်ပလား၊ ခင်ဗျားလည်း တုသိုလ်ရပါတယ်"

ခိုင်မာတို့ကားကလေး ဝိုင်းအုံနေသော လူတွေအနားသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားသည်။ သက်ထားက ခိုင်မာ့ကို ကားရှေ့ခန်းသို့ ပြောင်းထိုင်စေပြီး နောက်ခန်းတံခါးကို ခပ်ဟဟ ဖွင့်ထားခဲ့ကာ လူအုပ်အလယ်သို့ ပြန်တိုးဝင်သွား၏။ ပြန်ထွက်လာတော့ သတိမေ့နေပုံရသော အဒေါ်ကြီးတစ်ယောက်ကို ပွေ့၍သယ်လာ၏။ အဒေါ်ကြီးမှာ အတော်စုတ်ချာလှသော အဝတ်အစားတွေနှင့် ဖြစ်၏။ သူတို့နောက်တွင် အသက်ငယ်ငယ် ကလေးမလေးတစ်ယောက်လည်း ပါလာ၏။

သက်ထား၏ဆွတ်ဆွတ်ဖြူဖွေး သန့်ရှင်းနေခဲ့သော ရှပ်အင်္ကျီဖြူမှာ သွေးစနီနီတွေ ဟိုတစ်ကွက် သည်တစ်ကွက် စွန်းထင်းပေကျံသွားသည်ကို မြင်ရ၏။

မွေးနေ့ပွဲတက်မည့် ဝတ်စုံကလေးတော့ သွားပါပြီဟု ခိုင်မာသက်ပြင်းချလိုက်မိသည်။ အဒေါ်ကြီးနှင့် ကပ်၍ပါလာသော ကလေးမလေးက ကားနောက်ခန်းတံခါးကို ပြေးဖွင့်ပေး၏။ သက်ထားက ထိုအဒေါ်ကြီးကို ကားပေါ် ပွေ့တင်သည်။

"မောင်းဗျာ. . . မောင်း၊ တောက်. . . တော်တော်ယုတ်မာတဲ့ကားသမားပဲ၊ ဒီအဒေါ်ကြီးကို တိုက်ပြီး မောင်းပြေးသတဲ့ ခိုင်မာရဲ့"

ကားမောင်းထွက်လာစဉ် သက်ထားက ရှင်းပြ၏။

"အဲဒီအဒေါ်ကြီးက ဘာလုပ်တာလဲ"

"အမှိုက်တွန်းလှည်း တွန်းတာတဲ့၊ တိုက်မိတော့ လမ်းဘေးလွင့်ကျပြီး ခေါင်းနဲ့ ပလက်ဖောင်းနဲ့ ရိုက်မိတဲ့ဒဏ်ရာ ရတယ်၊ ဟိုမယ်. . . လမ်းပေါ်မှာ သွေးတွေအများကြီးပဲ၊ ကြာရင် သွေးလွန်တာနဲ့ သေမယ်၊ အနားက လူတွေကလည်း ဝိုင်းအုံသာ ကြည့်နေကြတယ်၊ ကားခလေး ငါးထောင်တောင် ဘယ်သူမှ မထုတ်ပေးနိုင်ကြဘူး၊ ဒါနဲ့ ငါ ယာဉ်ထိန်းအရာရှိကို ခွင့်တောင်းပြီး ခေါ်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကားသမားကို မသိဘူးပေါ့"

ကားဆရာကပါ စိတ်ဝင်စားလာကာ ဝင်မေး၏။

"မိမှာပါ. . . ဘေးက လူတွေက ကားနံပါတ် မှတ်ထားလိုက်ကြပါတယ်တဲ့၊ သူတို့ချင်းက နောက်ကိစ္စ နောက်ရှင်းကြပေါ့ဗျာ၊ လောလောဆယ် ဒဏ်ရာရတဲ့လူက ကျိုးတာပဲ့တာ ဘာညာ မသိသေးပေမယ့် သွေးလွန်တာနဲ့ သေလိမ့်မယ်၊ ဒါကြောင့် ခေါ်လာခဲ့မိတော့တာပဲ၊ စစ်ဖို့ဆေးဖို့ ယာဉ်ထိန်းအရာရှိလည်း နောက်က လိုက်လာပါလိမ့်မယ်"

"အင်း. . . လုပ်ချလိုက်ပြန်ပြီ" ဟု ခိုင်မာ ပင့်သက်ချလိုက်ရ၏။

သော်တာဦး၏မွေးနေ့ပွဲ သွားကြဖို့ကိစ္စကို သက်ထားက မေ့ထားလိုက်သလိုပင် ရှိ၏။

သွေးတွေ စွန်းပေနေသော သူ့အဝတ်အစားတွေဖြင့်လည်း မွေးနေ့ပွဲ သွားဖို့ မကောင်းနိုင်တော့။

ကားက အနောက်ပိုင်းဆေးရုံကြီး၏ဆင်ဝင်အောက်ထိ ထိုးဝင်ရပ်လိုက်သည်။ ပြင်ပ လူနာဌာနကို အမြန်အကြောင်းကြားတော့ ဆေးရုံလုပ်သားတွေက လက်တွန်းလှည်းနှင့် လိုက်လာကြပြီး လူနာအဒေါ်ကြီးကို ခပ်သုတ်သုတ် သယ်ဆောင်သွားကြသည်။ သက်ထားက (၅)မိနစ်လောက် ရှိတော့မှ သုတ်သီးသုတ်ပျာနှင့် ပြန်ထွက်လာ၏။ ကားဆရာကို ငါးထောင်တန်တစ်ရွက်နှင့် တစ်ထောင်တန်တစ်ရွက် ထိုးပေးရင်း ပြော၏။

"ကဲ. . . ကားဆရာ၊ ဒီမှာ အစ်ကို့ကို ကျွန်တော်ပြောတဲ့အတိုင်း ကားခ၊ ငှားလာတုန်းက ၂ဆ. . ၆၀၀၀/-၊ ဒီမှာ (၁၅)မိနစ်လောက် ကြာဦးမလား မသိဘူး၊ အစ်ကို့ကို အစောင့်ခိုင်းထားရမှာ



www.burmeseclassic.com

www.burmeseclassic.com



အားနာလို့ အစ်ကိုမောင်းချင်လည်း မောင်းသွားတော့၊ သူ့ကိုပဲ ဆက်ပြီး လိုက်ပို့ပေးလိုက်ပေ့ါဗျာ”

သက်ထားစကားကြောင့် ခိုင်မာ မျက်လုံးပြူးသွားရ၏။

“ဟဲ့. . . နင်က ဒီမှာနေခဲ့မလို့လား”

“အေးဟ. . . (၁၅)မိနစ်လောက် ကြာမလား၊ နာရီဝက်လောက် ကြာမလား မပြောနိုင်ဘူး၊ ဆရာဝန်က သွေးပေါင်ချိန်ပြီး ပြောတယ်၊ လူနာအဒေါ်ကြီး သွေးသွင်းရမယ်တဲ့၊ ဒါနဲ့ ငါမေးကြည့်ပြီး သွေးအဖြေရှာခိုင်းလိုက်တော့ AB သွေးတဲ့၊ ငါနဲ့အတူတူပဲ၊ ဒါနဲ့ ကျွန်တော်ပဲ လှူလိုက်မယ် ဆရာလို့ ပြောလိုက်တယ်”

“နင်ပြောတိုင်း ဟိုက လက်ခံရောတဲ့လားဟ”

“ငါပြောတာကိုလည်း နားထောင်ဦးလေ၊ ကျွန်တော် သွေးလှူလေ့ ရှိပါတယ် ဆရာ၊ လေးလကို တစ်ကြိမ်နှုန်း လှူလို့ရတာကို အခု ကျွန်တော် မလှူဖြစ်ခဲ့တာ (၆)လကျော်ခဲ့ပါပြီဆိုပြီး ပိုက်ဆံအိတ်ထဲက သွေးလှူရှင်ကတ်ပြား ထုတ်ပြလိုက်တာ. . . အိုကေဗျာ ဖြစ်သွားတာပဲ”

သူက ကောင်းတဲ့ကိစ္စ လုပ်တာဆိုတော့ ခိုင်မာ ဒေါပွပြလို့လည်း မဖြစ်တော့ချေ။

“ကိုင်း. . . ရှေ့ကိုယ်တော်၊ ကြိုက်သလိုသာ လုပ်တော့၊ နင့်တစ်ယောက်တည်းလည်း ထားပစ်ခဲ့လို့ မဖြစ်သေးပါဘူး၊ သော်တာ့ပွဲကို လက်လွှတ်လိုက်ရလည်း မတတ်နိုင်တော့ဘူး၊ ကားဆရာကြီး. . . ကျွန်မပါ ဆင်းနေခဲ့တော့မယ်”

ပြောပြောဆိုဆိုနှင့် ကားပေါ်က ခိုင်မာ ဆင်းလိုက်၏။

“အေးနော်. . . ငါက ဖွတ်ဆွဲထားတာ မဟုတ်ဘူး၊ နင့်သဘောနဲ့ နင်နော်၊ တော်ကြာမှ သော်တာဦး ပြောလာရင် ငါ့ကြောင့်လို့ဘော်လီ



www.burmeseclassic.com

www.burmeseclassic.com


သော ပုတ်မထည့်နဲ့"

"ကဲပါ. . . လှျာရှည်တဲ့ မိကျောင်းသားရဲ့. . . ငါသဘောနဲ့ငါ ပါ၊ ကဲ. . . ကားဆရာကြီး မောင်းသာ သွားပေတော့"

ကားဆရာ မောင်းထွက်သွားတော့၏။ သူ့အပြစ် မဟုတ်၊ မလိုက်နိုင်သေးသော ကိုယ့်အပြစ်သာ ဖြစ်သည်ဟု ခိုင်မာ သဘော ထားလိုက်ရသည်။

ပြီးမှ ဆေးရုံထဲ ဝင်လိုက်လာခဲ့ကာ သက်ထား သွေးလှူတာကို စောင့်ရ၏။ ကျန်းမာသန့်ရှင်းသော သွေးဖြစ်ကြောင်း စစ်ဆေး၍ အဖြေ ရသည်နှင့် ဆရာဝန်က အမြန်ပင် ဆောင်ရွက်ပေး၏။ သက်ထားပြောခဲ့ သော နာရီဝက်ဆိုတာ မဟုတ်ပါ။ နာရီနှင့်ချီ၍ ကြာလေသည်။

"ဒါနဲ့ နင်ပြောတော့ နာရီဝက်လောက်ပဲဆို"

"ဘယ်ကမလဲ. . . ငါသိသားပဲ၊ နင်မှ စိတ်သက်သာပါစေ တော့လို့ အချိန်ကို ခိုးလျှော့ပြီး ပြောတာ ခိုင်မာရဲ့. . . ဟီးဟီး"

"ငတတ်ပြား. . . နင်ဟာလေ၊ ဉာဏ်ချည်းပဲ"

မျက်စောင်းနုနု ပစ်ထိုးကာ ပြောလိုက်တော့ သက်ထားက ပြုံးနေသည်။

"နင် အရင်ကကော ဒီလိုပဲ လှူလေ့လှူထ ရှိသလား"

"ဆိုပါတော့. . . ဘယ်နှစ်ကြိမ်ရယ်လို့တော့ မပြောတတ် တော့ဘူး၊ အလကား ကြွားလို့ ကိုယ့်သွေးနဲ့ကိုယ် အပြောခံရမှာ ကြောက်လို့"

နံဘေးမှ စောင့်ကြည့်နေသော တာဝန်ကျဆရာမကြီးက ပြုံး လေသည်။

"သွေးလှူလိုက်တော့ လှူပြီးစမှာ နင် မမူးဘူးလား"


www.burmeseclassic.com

www.burmeseclassic.com



"မမူးပါဘူး. . . ကျန်းမာရေးကောင်းတဲ့ အသက်(၁၈)နှစ်က နေ (၅၅)နှစ်ကြားက အရွယ်တွေပဲ သွေးလှူခွင့်ရှိတယ်၊ လူတစ်ယောက် မှာက သွေး(၅)လီတာကနေ (၆)လီတာအထိ ရှိတယ် ခိုင်မာရဲ့၊ (၁) လီတာကို (၁၀၀၀)မီလီလီတာ ရှိတယ်၊ သွေးတစ်ခါလှူရင် (၄၅၀)မီလီ လီတာပဲ ထုတ်ယူတာဆိုတော့ ကိုယ့်သွေးရဲ့မူလအတိုင်း အားပြန်ပြည့် တယ်၊ (၃)ရက်ပေါ့ဟာ၊ ဒါပေမယ့် (၁)ကြိမ်လှူပြီးရင် (၄)လ ထပ်ခြားပြီး မှ လှူခွင့်ရှိတယ်၊ မှတ်ထား တပည့်မလေး. . . ဟဲဟဲ"

သက်ထားက ဆရာကြီးပုံစံဖြင့် ခပ်နောက်နောက် ပြောသည်။

ဆေးရုံ တာဝန်ကျဆရာမကြီး သဘောကျသွားသည်။

"သားက ကျန်းမာရေး ဗဟုသုတ ရှိတယ်နော်၊ မင်းပြောတာ အမှန်တွေပဲ"

"ဒါပေမယ့် အခုတစ်ကြိမ်မှာတော့ မှားပြီထင်တယ်ခင်ဗျာ"

"ဟင်. . . ဘာဖြစ်လို့လဲ"

"အခု ကျွန်တော် ခေါင်းတွေ မူးတက်လာတယ်ခင်ဗျ"

"ဟင်. . . ဒီလိုဆိုရင်တော့ မဖြစ်ဘူး၊ ဆရာဝန်ကြီးကို ပြေး ခေါ်မှပဲ"

တာဝန်ကျဆရာမကြီး ပြူးပြူးပျာပျာဖြစ်သွားသည်။

ခိုင်မာလည်း ရင်ထဲ ဒိန်းကနဲ ထိတ်သွားသည်။ သည်တွင်မှ သက်ထားက ရယ်၍. . .

"အလကားပြောတာ ဆရာမကြီး၊ ဆရာမကြီးက အနားက စောင့်ကြည့်နေတော့ ကျွန်တော် အဲသလို လိမ်ပြောချင်တာကို မပြီမ် တော့ပါဘူးဗျာ၊ ဆရာမကြီးကို အားနာပါတယ်"

"မင်းက ဘာကိစ္စ အဲလို လိမ်ချင်ရတာလဲကွဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါမှ သူက ကျွန်တော့်ကို တွဲထူပြီး ခေါ်မှာပေါ့ခင်ဗျ၊ အဲဒီတော့မှ တကယ်မူးနေသလို မူလကျီကလေး လုပ်ပြီး သူတွဲခေါ်တဲ့နောက် တအိအိ လိုက်ရင်း စိတ်ထဲက ကြိတ်ရယ်နေရအောင်လို့ မူးချင်ယောင်ဆောင်ပြီး သူ့ပခုံးကလေး ဖက်ထားရလည်း မနည်းဘူးလေ"

"ဟင်. . . တေက်ပြား သေနာ၊ အဲ. . . ဆရာမကြီး. . . တန်တော့နော်. . ကန်တော့"

ခိုင်မာ လွှတ်ခနဲ အော်ပစ်လိုက်မိပြီးမှ အနီးရှိ ဆရာမကြီးကို သတိပြန်ရသွားကာ အမြန်လက်အုပ်ကလေးချီ တောင်းပန်လိုက်ရသည်။ ဆရာမကြီးက မေးသည်။

"မင်းတို့နှစ်ယောက်က မောင်နှမတွေလား"

"ခင်ဗျာ. . . ထင်ရက်ပ ဆရာမကြီးရယ်၊ ဒီရုပ်တွေလားခင်ဗျ မောင်နှမ ဖြစ်ရမှာ"

"ဒါဖြင့် ဘာတွေလဲ၊ ဟိုဒင်း ဟိုဟာတွေများလား"

"ဟုတ်ကဲ့. . . အဲဒါကမှ နီးစပ်ပါသေးတယ်"

"ဘာ. . ဘာ. . ဘာနီးစပ်တာလဲ. . နှင်နော်"

ခိုင်မာက ပျာပျာသလဲ ဝင်ဟန့်လိုက်တော့ သက်ထားက မျက်မှောင်ကျုံ့၍ ကြည့်ကာ ပြောလေသည်။

"ဘာလဲဟ. . . နင်က နင့်ဘာသာ လိုရာဆွဲတွေးပြီး ဘာလို့အလန့်တကြား ဝင်အော်နေရတာလဲ၊ ဆရာမကြီးပြောတဲ့ ဟိုဒင်းဟိုဟာတွေဆိုတာ သူငယ်ချင်းတွေကို ပြောတာပါ။ ဟုတ်တယ်မဟုတ်လား ဆရာမကြီး"

"အေး. . အေး. . ဟုတ်ပါတယ်ကွယ်. . . ဟုတ်ပါတယ်"

သည်တော့လည်း ခိုင်မာမှာ အခြောက်တိုက်ပြီး ရှက်မိရပြန်



www.burmeseclassic.com

www.burmeseclassic.com



၏။ ဒင်းသည် အတော်လူလည်ကျသော် သတ္တဝါပေတည်း။

အဲဒီနေ့က ဆေးရုံမှာပဲ အချိန်အတော်ပေးလိုက်ရသဖြင့် သော်တာ၏မွေးနေ့ပွဲကို နောက်မြီးဆွဲကလေး မီသည်ဆိုရုံသာ ရှိတော့သည်။ သက်ထားက နောက်ထပ်ကားတစ်စီး ထပ်ငှားပြီး ချီတက်ခြင်းဖြစ်သည်။ သွေးတွေ ပေကျံနေသောအင်္ကျီကို အမှိုက်ပုံးတွင် ချွတ်ထည့်ထားခဲ့ကာ လမ်းက စတိုးဆိုင် ရှပ်ဆိုင်တစ်ဆိုင်မှာ စတစ် လည်ကတုံးအင်္ကျီအဖြူအသစ်တစ်ထည် ဝင်ဝယ်ခြင်းဖြင့် အဝတ်အစားပြဿနာကို ဖြေရှင်းလိုက်ခြင်းဖြစ်လေသည်။

ကားပေါ်တွင် ခိုင်မာက မေးမိ၏။

"အဲဒီဒဏ်ရာရတဲ့ အဒေါ်ကြီးနဲ့ နင်နဲ့ အစကတည်းက သိကြသလားဟင်"

"ပေါက်ပေါက်ရှာရှာ. . . မသိပါဘူး၊ ဒီနေ့မှ စမြင်ဖူးတာ၊ ဒါပေမယ့် စဉ်းစားကြည့်ဟာ၊ တစ်လမ်းဝင် တစ်လမ်းထွက် အမှိုက်လှည်း တွန်းပြီး "အမှိုက်. . . အမှိုက်" လို့ ပါးစပ်က အော်ရင်း သူ့လှည်းကို အမှိုက်ထုတ် လာပစ်တဲ့သူ ပေးတဲ့ သဒ္ဒါကြေးနဲ့ လုပ်ကိုင်စားရတဲ့ ဘဝ၊ ဘယ်လောက်ဆင်းရဲကြရှာမလဲ၊ ဒါကြောင့် ငါမနေနိုင်ဘဲ ဝင်ကူညီတာပါ၊ ကိုယ့်ရှေ့မှာ ရိုးရိုးသားသားနဲ့ တကယ်ဒုက္ခရောက်နေတဲ့သူကို မြင်ရင် စိမ်းစိမ်းကျက်ကျက် ငါမနေနိုင်ဘူး၊ တတ်နိုင်သမျှ ကူညီပေးဖို့ ကြိုးစားရမှာပဲလေ"

သက်ထားက တည်ကြည်သောမျက်နှာထားဖြင့် ရှင်းပြ၏။

"အင်း. . . အဲဒါ ဗြဟ္မစိုရ်စိတ်ထားပဲ သက်ထားရဲ့၊ ဒီလိုစိတ်မျိုး မွေးတဲ့အတွက် နင့်ကို ငါ သာဓုခေါ်ပါတယ်. . . တကယ်ပြောတာပါ"

www.burmeseclassic.com



ခိုင်မာ လေးလေးနက်နက်ပင် ပြောလိုက်မိသည်။ စိတ်ထဲတွင်လည်း သက်ထား၏ဖြူစင်သော စိတ်ထားအတွက် ကျေနပ်မိသော ကြောင့်ပင် ချီးကျူး၍ ပြောလိုက်ခြင်းဖြစ်သည်။

"ဟီးဟီး. . . အရမ်းစွတ်ရွတ် သာမုခေါ်မနေနဲ့ဦးဟ၊ ဒီ အထုပ်ကြီးကို ကြည့်စမ်း၊ အဲဒီအထဲက ဂျပ်ဘူးထဲမှာ ဘာတွေပါတယ် ထင်သလဲ"

သော်တာဦးကို ပေးမည့် မွေးနေ့လက်ဆောင်ထုပ်ကြီးကို လက် ဖြင့် ပုတ်ပြရင်း ပြော၏။

"ဘယ်သိပ့်မလဲ. . . နင့်လက်ဆောင်ကို နင်ပဲ သိမှာပေါ့"

"စိတ်ချ. . . နင့်ကို ပါကြိုအသိပေးထားလိုက်မယ်၊ အဲဒီအထဲ က ဂျပ်ဘူးကို ဖွင့်လိုက်တာနဲ့ တကယ် မြွေနဲ့တူတဲ့ ရော်ဘာမြွေရုပ်ကြီး ရှူးခနဲ ပါးပျဉ်းထောင်ထွက်လာလိမ့်မယ်"

"ဟမ်. . ."

"ဒါပေမယ့် မကြာပါဘူး. . . (၂)စက္ကန့်ထဲပါ၊ ပါးပျဉ်းထောင်ပြီး တာနဲ့ ချက်ချင်းပြန်ပြုတ်ကျသွားမှာပါ၊ ခဏကလေးပဲ လန့်ရမှာပါ။ ဩော်. . . ကစားစရာအရုပ်ပဲလို့ အလှန့်ခံရတဲ့သူ သိအောင် အဲဒီမြွေ ရုပ်ထဲက စပီကာသေးသေးလေးကနေ "ဟေဟေဟေ့ဟေ" ဆိုတဲ့ ရယ်သံတွေ ဆက်တိုက်ထွက်လာမှာပါ၊ တရုတ်ပြည်က လာတဲ့အရုပ်ဟ၊ ငါ့မှာ မနည်းခေါင်းစားခံပြီး ပလာဇာတွေက အရုပ်ဆိုင်တွေမှာ လိုက်ရှာ ဝယ်ထားရတာ"

ခိုင်မာ တခစ်ခစ် ရယ်မိတော့သည်။

"ဒါတင်မကသေးဘူး. . . ဆေးဘူးတစ်ဘူးနဲ့ စာရွက်တစ်ရွက် လည်း ပါသေးတယ်၊ စာရွက်ပေါ်မှာ ဆော့ဖ်ပင်နဲ့ စာလုံးနက်ကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ရေးထားတာ. . .'သိပ်လန့်သွားသလား. . . ဟောဒီဆေးကိုစား' တဲ့"

"ဆေးက ဘာဆေးဘူးလဲ"

"မှတ်မိတယ်နော် စိန်ဘယက် ဆိုပြီး တီဗွီမှာ ကြော်ငြာတဲ့ စိန်ဘယက်ဆေးတိုက်က ထုတ်လုပ်လိုက်တဲ့ မြန်မာ့တိုင်းရင်းဆေး ဂုဏ်ဆောင် ရွှေပျားကောင် နှလုံးသည်းခြေဆေးကြီးတဲ့ဟ"

သည်တစ်ခါတော့ ခိုင်မာသာမက ရှေ့က ကားဆရာပင် လိုက်ရယ်လေတော့သည်။

"အေး. . . အဲဒီကိစ္စကို လျှို့ဝှက်ထားနော်၊ ငါ့ကို အရသာပျက်အောင် မလုပ်နဲ့"

သော်တာဦးတို့ခြံရှေ့ ရောက်ကြ၍ ကားပေါ်က ဆင်းကြတော့ သက်ထားက ကြိုကြိုတင်တင် ပိတ်ထားလိုက်သေးသည်။

"နင်ဟာလေ. . . သူငယ်ချင်းတွေကို ဘယ်လိုချောက်ချရမလဲဆိုတာတော့ အမြဲဝီရိယစိုက်နေတော့တာပဲ၊ ဟိုလူ့ပစ္စည်းခိုး ဒီလူ့ပစ္စည်းအလစ်သုတ်နဲ့ ချော်တောငေါ့သွားအောင် အမြဲလုပ်တယ်၊ ငါလည်း ဘယ်အချက်မှာများ နင့်စနက်မိပြီး အိုးနင်းခွက်နင်း ဖြစ်ရမလဲဆိုပြီး လန့်လန့်နေရတယ်၊ နင်နဲ့ ပေါင်းရတာ အဲဒီတစ်ချက်တော့ မမိုက်ဘူး၊ အချိန်မရွေး ထပေါက်နိုင်တဲ့ဗုံးကို ကိုင်ပြီး ရင်တမမ နေနေရသလိုပဲ"

ခိုင်မာက စိတ်ညစ်သံဖြင့် ညည်းလိုက်တော့ သက်ထားက ဖျတ်ခနဲ လှည့်ကြည့်ကာ ခပ်ပြုံးပြုံး ပြော၏။

"စိတ်ချပါ. . . နင့်ဆီက ငါခိုးပြီ အလစ်သုတ်ပြီဆိုရင်တော့ ငါ တကယ်တန်ဖိုးထားပြီး လိုချင်တဲ့အရာမျိုးကိုမှ ခိုးမှာ အလစ်သုတ်မှာပါ၊ ဥပမာ. . . နင့်နှလုံးသား. . . နင့်အချစ်ပေါ့၊ နင် ကြပ်ကြပ်ကြီး ဂရုစိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး လုံခြုံအောင် သိမ်းပေတော့၊ ကြိုတင်ပြီး စိန်ခေါ်ထားလိုက်ပြီနော်. . အဲဒါပဲ. . . ငှဲငှဲငှဲ"

ရှူးသလို ပေါ်သလို ရယ်သံစွက်၍ ပြောလိုက်သော ထိုစိန်ခေါ်သံ စကားသံသည် ခိုင်မာ့ရင်ထဲ တစ်နေရာကို ဆတ်ခနဲခုန် ဖျတ်ခနဲ တုန်သွားစေခဲ့မှန်း ပြောခဲ့သူ သက်ထားကိုယ်တိုင်မှ သိနိုင်ပါ့မလား။

အံ့သြစိုးထိတ်မျက်ဝန်းများဖြင့် သက်ထားကို ခိုးကြည့်လိုက်မိချိန်တွင် ခိုင်မာ့ရင်ထဲမှာ နွေးရှိန်းလှုိက်ဖိုနေလေသည်။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၈)

"ဘာ..ဘာပြောတယ် မမကြီး၊ အခု မမကြီးပြောတဲ့ စကားက တကယ်အမှန်လား"

ကြားကြားချင်းပင် အကြီးအကျယ် တုန်လှုပ်အံ့အားသင့်သွားရသည်။

ပြူးကျယ်သောမျက်လုံးများဖြင့် လှမ်းကြည့်ကာ ချက်ချင်းပင် ပြန်မေးခွန်းထုတ်လိုက်မိပြီလည်း ဖြစ်ရသည်။

သို့သော် ခိုင်မာ နားကြားလွဲခဲ့ခြင်း မဟုတ်ပါ။

မမကြီးကတော့ စောစောက ပြောခဲ့သော စကားကိုပင် ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြောပါလေသည်။

"ဟုတ်တယ် မိခိုင်၊ ဒီနေ့ပဲ သူတို့ လာသွားကြတယ်၊ ဦးဘထက်နဲ့ ဒေါ်ယဉ်ယဉ်တို့ လင်မယားနှစ်ယောက်စလုံးကို စုံစုံညီညီ လင်စုံမယားဖက် လာသွားပြီး ပြောသွားကြတာ၊ ငါလည်း သူတို့(၂)ယောက်လုံး ရောက်လာတာမို့ ထူးတယ်လို့တော့ ထင်မိသား"

"ဒါ. . ဒါဖြင့် မေမေကကော ဘယ်လို တုံ့ပြန်လိုက်သတဲ့လဲ ဟင် မမကြီး"

ချောက်ချောက်ချားချား မေးမိရပြန်သည်။

"မေမေကတော့ ကျွန်မသမီးလေးကို အသိပေးပြီး မေးထားလိုက်ပါဦးမယ်လို့ မယုတ်မလွန် ပြောလိုက်တာပေါ့၊ ခါးခါးသီးသီးတော့ ငြင်းမလွှတ်လိုက်ဘူး၊ သိတယ်မဟုတ်လား. . ဦးဘထက်တို့ကို မလွန်ဆန်နိုင်တဲ့အကြောင်းတွေလည်း ရှိနေတယ်လေ"

ခိုင်မာ နားလည်လိုက်ပါသည်။

"မလွန်ဆန်နိုင်သောအကြောင်းတွေ" ဆိုတာက ဦးဘထက်တို့ မိသားစု၏ကူညီစောင်မခဲ့သော ငွေကြေး ကြွေးမြီကိစ္စတွေကို ရည်ရွယ်ခြင်း ဖြစ်သည်ဟု. . ။

သည်ကနေ့ ခိုင်မာ ကျောင်းသွားနေချိန်တွင် အိမ်မှာ ဦးဘထက်တို့လင်မယား ရောက်ရှိလာကာ သူတို့သား ကိုထက်ခေါင်နှင့် ခိုင်မာ့ကို ခိုင်မာ ကျောင်းပြီးချိန်၊ စာမေးပွဲပြီးချိန်တွင် နေရာချထားပေးလိုပါကြောင်း လာရောက်နားဖောက် ကမ်းလှမ်းသွားကြသည်တဲ့။

"ကိုထက်ခေါင်ရဲ့မျက်လုံးတွေကို နင်မဖတ်တတ်ဘူးလား၊ သူ နင့်အပေါ်မှာ မရိုးသားဘူး၊ အဲဒါကို ငါသိတယ်"

ဟူသော မမကြီး၏စကားတွေက မှန်ကန်နေခဲ့ပြီ။

www.burmeseclassic.com



"သူတို့သား ကိုထက်ခေါင်ကိုယ်တိုင်က လူကြီးချင်း သွားအသိ ပေး နားဖေါက်ပေးပါလို့ တောင်းပန်လာလို့ သူတို့ ဝမ်းသာကျေနပ်စွာ လာပြောကြရတာပါတဲ့၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်မယ့်ကိစ္စမို့ စဉ်းစားပေးကြစေချင်ပါတယ်တဲ့၊ ကိုထက်ခေါင် မိဘတွေကတော့ နင့်ကို လိုလိုလားလားပဲ မိခိုင်၊ နင့်ကို ချွေးမတော်ဖို့ကိစ္စကို လက်ကမ်း ကြိုဆိုပါ၏ ဆိုတဲ့သဘောပဲ"

မမကြီး၏သုံးသပ်ချက် ဖြစ်သည်။

"နှစ်ဦးနှစ်ဖက် ရွှေလမ်းငွေလမ်းဖောက်သွားကြပြီး ခမည်း ခမက် တော်ကြရရင်လည်း ဝမ်းသာစရာပေါ့ မသင်းသင်းရယ်၊ မသင်း သင်းတို့အနေနဲ့ ငွေရေးကြေးရေးကိစ္စအတွက်လည်း ထည့်တွေးစရာ မလိုတော့ဘူးပေါ့တဲ့၊ သူတို့ကို တို့က ပေးစရာရှိနေတဲ့ ငွေကြေးတွေကို တောင် ခဝါချပစ်မယ့်သဘောမျိုး ကိုထက်ခေါင်အမေက ထည့်ပြော သွားသေးတယ်"

"အို. . . တော်. . တော်ပါတော့ မမကြီးရယ်၊ မိခိုင်ရဲ့ဘဝကို ထိုးဆပ်ရမယ့်သဘောမျိုးကြီးလား"

ခိုင်မာ တုန်တုန်ယင်ယင် ပြောလိုက်မိတော့ မမကြီးက ခိုင်မာ့ နှုတ်ခမ်းတွေကို လက်ဖဝါးနှင့် အမြန်လှမ်းပိတ်ကာ ပြော၏။

"ဒီလိုမပြောပါနဲ့ မိခိုင်၊ မေမေတို့ ငါတို့က အဲလောက် လူမဆန် တဲ့လူတွေ မဟုတ်ပါဘူး၊ နင့်ကို ထိုးဆပ်ပစ်လိုက်တယ်လို့ ဘယ်တော့မှ အထင်မခံ အပြောမခံနိုင်ကြပါဘူး၊ ဒီကိစ္စရဲ့အဓိက အဆုံးအဖြတ်က နင့်သဘောတစ်ခုတည်းပေါ်မှာပဲ ရှိပါတယ်၊ အခုလည်း နင်ကြိုတင် စဉ်းစားထားနိုင်အောင်လို့သာ အသိပေးတဲ့သဘောနဲ့ ပြောတာ၊ နင့်ကို အတင်းအကြပ် တိုက်တွန်းနေတဲ့သဘော မပါ,ပါဘူး မိခိုင်ရယ်၊ မိသားစု



www.burmeseclassic.com

www.burmeseclassic.com



အရေးနဲ့ ဆက်စပ်နေတဲ့ကိစ္စတစ်ခု ဖြစ်နေတာတော့ အမှန်ပဲ၊ ဒါပေမယ့် နင်ကြိုက်သလို ဆုံးဖြတ်ခွင့် ရှိပါတယ်၊ မမကြီးတုန်းကဆိုရင်. . ."

"အို. . . မပြောပါနဲ့တော့ မမကြီးရယ်၊ မိ. . မိခိုင် အားလုံး သိပါတယ်"

မမကြီး၏မျက်နှာက ပြုံတော့မည့်မိုးနှယ် မှိုင်းညိုအုံ့ဆိုင်းသွားသည်ကို ကြည့်ရင်း ခိုင်မာ ကြားဖြတ်၍ ဟန့်တားလိုက်မိ၏။

အသည်းကွဲအတိတ်ကို မမကြီး ပြန်သတိမရစေချင်ပါ။

ဖေဖေကွယ်လွန်ပြီးနောက် ခိုင်မာတို့အိမ် သူခိုးအဖောက်ခံရကာ လက်ရှိကနေ လက်မဲ့ဖြစ်ရချိန်တွင် မမကြီးက ချစ်သူ၏ကမ်းလှမ်းမှုကို မိသားစုအတွက် စွန့်လွှတ်ခဲ့သူ ဖြစ်ပါသည်။

တစ်မိသားစုလုံး အနာဂတ်အတွက် ချစ်သူ၏လက်ထပ်ရန် တောင်းဆိုမှုကို ပယ်ချကာ မေမေနှင့် လက်တွဲပြီး မိသားစု စီးပွားရေးကိစ္စတွေမှာ ဦးလည်မသုန် တာဝန်ကျေခဲ့၏။

သူ့ချစ်သူ အခြားမိန်းကလေးတစ်ယောက်နှင့် လက်ထပ်သွားပြီဆိုသောနေ့က အိပ်ခန်းထဲမှာ ကြိတ်ငိုခဲ့သော မမကြီး၏မျက်ရည်တွေကို ခိုင်မာ မြင်ယောင်နေဆဲ။

ခုတော့. . . ခိုင်မာအလှည့်ကျလာခဲ့ပြီလား ကံကြမ္မာရယ်။

မမကြီးတုန်းက ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားပြခဲ့ပါလျက်နှင့် ကိုယ့်အလှည့်ကျမှ ယောက်မမြင်းစီး ထွက်ပြရအောင်ကလည်း. . .။

"ဒီအကြောင်းကလေးကို သိလိုက်ရရုံနဲ့ ဒီလောက် မျက်စိမျက်နှာပျက်သွားရလောက်အောင် နင့်မှာ ချစ်သူရှိနေခဲ့ပြီးပြီလား မိခိုင်၊ မမကို ပွင့်ပွင့်လင်းလင်း ပြောစမ်း ညီမလေး"



www.burmeseclassic.com

www.burmeseclassic.com



အေးစက်နေသောလက်ဖျားတွေကို ဖွဖွကလေး ဆုပ်ကိုင်ကာ ဂရုဏာလေသံနှင့် မေးလာသော မမကြီး၏အသံကြောင့် ခိုင်မာ့ အတွေးတွေ ပြတ်သွားသည်။

"အို . . ဟင့် . . . ဟင့်အင်း . . မ . . မရှိပါဘူး မမကြီးရယ်၊ မိခိုင်မှာ ဘယ်ချစ်သူ ဘယ်ရည်းစားမှ မရှိပါဘူး"

တိုးဖွဖွတုန်ယင်စွာ အငြင်းစကားကို ပြောနေစဉ်မှာပင် ခိုင်မာ့ မျက်ဝန်းတွေထဲမှာ သက်ထား၏မျက်နှာက ဖျတ်ခနဲ ပုံရိပ်ထင်လာ၏။

"ဪ . . . ဒါနဲ့များ မိခိုင်ရယ်၊ ဒီကိစ္စက အလောတကြီးကိစ္စ မဟုတ်ပါဘူး၊ ခေါင်းအေးအေး စဉ်းစားဖို့ အချိန်တွေ အများကြီး ရှိပါ သေးတယ်၊ မေမေကလည်း နင့်ကို တစ်ရက်ရက်တော့ ပြောပြလာပါ လိမ့်ဦးမယ်၊ မမကြီးက ကိုယ့်ညီအစ်မချင်းမို့ မေမေ မပြောခင် ကြို လက်တို့အသိပေးထားတဲ့သဘောနဲ့ ပြောတာပါ၊ မိခိုင်လည်း အရွယ် ရောက်ပြီး ပညာတတ်တစ်ယောက်ပဲကွယ် . . . စဉ်းစားပေါ့"

စာနာသော၊ မျှတသော၊ နားလည်မှု ပေးထားသော နှစ်သိမ့် စကားတို့ကို ကြားရခြင်းကပင် ခိုင်မာ့ရင်ကို ပို၍နင့်လာစေနိုင်တာ ဘယ်သဘောပါလိမ့်။

ထွက်ပြေးဖို့ တံခါးတွေ ဖွင့်ပေးထားတာကိုက ခြေချုပ်မိနေ သလို ဖြစ်နေရတာကလည်း အံ့သြတုန်လှုပ်ဖွယ် ကောင်းနေပြန်သည်။

အိပ်ခန်းထဲမှ လှမ်းထွက်သွားသော မမကြီးကို ငေးကြည့် ကျန် ရစ်ရင်း "မေမေကလည်း နင့်ကို တစ်ရက်ရက်တော့ ပြောပြလာပါလိမ့် မယ်" ဟူသောစကားသံကို အထိတ်တလန့် ပြန်ကြားယောင်လာ၏။

ဟုတ်ပါသည်။ တစ်နေ့နေ့မှာတော့ ဒီကိစ္စကို မေမေက ပြော လာ မေးလာပါလိမ့်မည်။ အတွေး၏အဆုံးမှာပင် မေးခွန်းလေးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မာ ရင်ထဲက လှိုက်တက်လာ၏။

ငတက်ပြားရေ. . .။

အဲဒီအချိန်ကျ ငါဘယ်လိုဖြေရမှာလဲဟယ်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၉)

"ဘာယ်လိုမှ မဖြေနဲ့ ငါကလည်း နင့်ကို ချစ်ပါတယ် တေတ် ပြားရယ်လို့သာ ဖြေလိုက်၊ ဒါဆိုရင် ပွဲက ပြီးသွားပြီ. . . ဟီးဟီး"

ခိုင်မာ မျက်စောင်းကြီးသာ ပစ်ထိုးလိုက်မိတော့၏။

သက်ထားတို့ လုပ်လိုက်မှဖြင့် နေရာတကာ ဒွဲ(တည့်)ချည်းပဲဟု ဆိုရမလို ဖြစ်နေတာ အတော်အမြင်ကတ်ပြီး ကျွဲမြီးတိုချင်စရာဟု အောက်မေ့မိသည်။

ရည်စားစကားပြောတာကလည်း တော်တော်ကဗျာဆန်ချေ။ သည်ကနေ့တော့ 'သပြေ' မှာ အတူထိုင်မိသည်နှင့် သက်ထား



www.burmeseclassic.com

www.burmeseclassic.com



က ဆိုင်းမဆင့် ဗုံမဆင့် ပြောလေသည်။

"ကဲ. . . ခိုင်မာရေ အချိန်ကျလာပြီဟ၊ နင့်ကို ငါ တရားဝင် အသိပေးပြီး ပြောတော့မယ်၊ ဘယ်လောက်သိုင်းကာဝိုင်းကာ ချဲ့ထွင် ပြောနေနေ နောက်ဆုံးတော့ ဒီဘူတာဆိုက်မယ့် အတူတူ တစ်ခွန်း တည်းနဲ့ အပြီးပြောလိုက်တာပဲ ကောင်းမယ်၊ နင့်ကို ငါ သိပ်ချစ်တယ် ခိုင်မာ၊ သားတစ်ရာ မြေးတစ်ရာ မြစ်တစ်ထောင် ရတဲ့အထိ မသေ မချင်း မကဘူး၊ ဟိုဘက်ဘဝထိ ကူးပြီး ဆက်ချစ်သွားဦးမယ့် ဧရာမ အချစ်မျိုးကြီးနဲ့ကို သေသေချာချာ ချစ်တယ်. . . ဒါပဲ၊ အဲဒီတော့ နင် က ငါ့ကို အဖြေပေး"

ကြည့်. . .။

ဘယ်လောက် ထရိုက်ချင်စရာကောင်းသော ရည်စားစကားပါ တဲ့လဲ။

ဖီလင်ကလေးတကာ်၊ ရင်ကလေး ငွေ့ငွေ့၊ တလှိုက်လှိုက် မခုန် လာရဘဲ အွန့်ခနဲ အသံထွက်သွားရလောက်သည့် ပိသာလေးနှင့် နံဘေးပစ် ရည်းစားစကား ဖြစ်တော့၏။ ဒါ့ကြောင့် "အဲဒီတော့ ငါက ဘယ်လိုဖြေရမှာလဲ" ဟု ခပ်ငေါ့ငေါ့ ပြန်မေးလိုက်မိတော့ လိပ်မျိုး ပီသစွာ ကိုယ့်ဘက်ကိုယ်ယက်ကာ "ဘယ်လိုမှ မဖြေနဲ့၊ ငါကလည်း နင့်ကို ချစ်ပါတယ် တကာ်ပြားရယ်လို့သာ ဖြေလိုက်" ဟု လမ်းညွှန်နေ ပေသေး၏။

ခိုင်မာ ပင့်သက်ရှည်ကြီး ချလိုက်သည်။

"နင်က ပြောတော့ ပြောတာပါပဲ၊ ဒါပေမယ့် နင် ပြောလာပုံ ကိုက နောက်ကျနေပြီ တကာ်ပြား"

"ဟား. . ဟား. . ဟား. . ဒီလိုမကျီစားပါနဲ့ မမြင်း၊ ကိုကိုချစ်



www.burmeseclassic.com

www.burmeseclassic.com



ကို သစ္စာနှံ့ထားရလို့ပါလို့ ဗိုလ်အောင်ဒင်ကို ပြောချင်လို့လား၊ အဲလေ ရှုပ်ကုန်ပြီ၊ ကိုထက်ခေါင်ဆိုတဲ့လူရဲ့မိဘတွေက လာပြီး တောင်းဆို နားဖောက်ပြီးကြပြီဆိုတာကို ပြောချင်တာလား၊ တေက်ပြားက ထည့် မတွက်ဘူးဗျ၊ အဲဒါက ပါးပါးလေးပါ”

“ဟင်. . . နင် ဘယ်လိုလုပ် သိလိုက်တာလဲ”

ခိုင်မှာ အံ့အားတသင့် မေးလိုက်မိသည်။ အတော်လျှင်တဲ့ တေက်ပြားပဲဟုလည်း ဖျားသွားသည်။

“ဘယ်လိုလုပ် သိရမလဲ၊ နင်ပဲ ဒီအကြောင်းတွေကို သော်တာ ဦးနဲ့ သီသီကို ငိုမလိုလို မျက်နှာထားနဲ့ ရင်ဖွင့်သွားတယ်ဆို၊ အီစကို့တို့ သူတို့က ပြန်ပြောတာပေါ့၊ သူတို့မပြောလည်း ဒီဇာတ်လမ်းမျိုး ခင်းလာ တော့မယ်ဆိုတာကို ငါကြိုတွက်ထားပြီးသားပါ၊ သော်တာဦးမွေးနေ့ သွားကြမယ့်နေ့တုန်းက နင်တို့ညှော့ခန်းထဲမှာ ငါ့ကို တွေ့တော့ ဣန္ဒြေ မဆည်နိုင်ဘဲ မေးလားမြန်းလား စပ်စုလားနဲ့ တစ်ချိန်လုံး မသက်ာတဲ့ အကြည့်နဲ့ ကြည့်နေကတည်းက ဒီလူ ဒီအချိုး ချိုးတော့မယ်ဆိုတာ ငါသိပြီးသား၊ အဲဒီနေ့ကတည်းက နင့်ကို ငါပြောတယ်လေ၊ ဒီလူ မရိုး သားဘူးဆိုတာ၊ ဒါကြောင့် အချိန်ကျလာပြီဆိုပြီး ငါလည်း နင့်ကို ဒီနေ့ ချစ်တဲ့အကြောင်း ဖွင့်ပြောတာပဲ”

“ဩ. . . တကယ်လို့ ကိုထက်ခေါင်တို့ဘက်ကသာ လာမပြော သေးဘူးဆိုရင် နင်က မပြောသေးဘဲ ဆက်ပြီး မြုံထားဦးမယ်ဆိုတဲ့ သဘောပေါ့လေ”

သက်ထားက ခေါင်းညိတ်ဝန်ခံလေသည်။

“အမှန်ပဲ. . . အဲဒါလည်း တခြားကြောင့် မဟုတ်ဘူးဟာ ဆွေ့ မဖြေခင်ကလေးမှာ ငါ နားပူနားဆာတိုက်တာနဲ့ နင် စိတ်အနှောင့်



www.burmeseclassic.com

www.burmeseclassic.com



အယုဂ်ဖြစ်ပြီး စာမေးပွဲ မဖြေနိုင်မှာစိုးလို့၊ စေတနာတွေဟဲ့. . . စေတနာတွေ"

သူ့ကိုပဲ ပြန်ကျေးဇူးတင်စကား ပြောရဦးမည့်ပုံ ပေါက်၏။

"ဒါပေမယ့် ငါမစဉ်းစားချင်တော့ဘူး သက်ထားရယ်"

"အေးပါ. . . ငါကလည်း အရှုးအမဲသားတောင်းသလို ဇွတ်တရွတ်ကြီး နားမပူပါဘူး. . . အလိုက်သိပါတယ်၊ စာမေးပွဲ ပြီးမှ စဉ်းစားပေး"

"မဟုတ်ဘူး. . . အဲသလို မဟုတ်ဘူး၊ နင့်ကို အဖြေပေးဖို့ကိစ္စကိုပဲ ငါမစဉ်းစားချင်တော့ဘူးလို့ ပြောနေတာ၊ ဒီကိစ္စကြီးက ငါ့မိသားစုဘဝရဲ့အပြောင်းအလဲတစ်ခုနဲ့ ဆက်စပ်နေတယ် သက်ထား၊ ငါ အလေးအနက် အတည်ပေါက် ပြောနေတာ"

ပြောအပြီးမှာပင် သက်ပြင်းရှည်ကြီး ချမိပြန်သည်။

မျက်နှာကလေး ညှိုးနွမ်းသွားသော ခိုင်မာကို မြင်တော့ သက်ထား၏အမူအရာကလည်း တည်ငြိမ်လေးနက်သောအသွင်သို့ ပြောင်းလဲသွားသည်။

"ဒါဆို ငါလည်း နင့်ကို အတည်ပေါက် အလေးအနက် အကြံတစ်ခုပေးမယ် ခိုင်မာ၊ ငါ့ကို လက်ခံနိုင် လက်မခံနိုင် အဖြေပေးဖို့ထက် နင့်အတွက် နင့်ကိုယ်နင် ပြန်စဉ်းစားပါ၊ နင့်ကိုယ်နင် ပြန်အဖြေပေးနိုင်ဖို့ စဉ်းစားပါ၊ နင့်နှလုံးသားထဲမှာ အဲဒီကိုထက်ခေါင်ရဲ့ပုံရိပ်က တကယ်ပဲ စိုးမိုးစွဲထင်နေခဲ့ပြီးပြီလား ဆိုတာပါ၊ သူ့ကို တကယ်ချစ်ခြင်းနဲ့ တစ်ဘဝစာ လက်တွဲသွားနိုင်မှာလားဆိုတာပါ၊ ဒါပါပဲ ခိုင်မာရယ်၊ သူများကို လိမ်ချင်လိမ်ပါဟာ၊ ကိုယ့်နှလုံးသားကိုတော့ နင်ပြန်မလိမ်မိပါစေနဲ့လို့ ငါသတိပေးပါရစေ၊ ကိုယ့်နှလုံးသားကို ကိုယ်ပြန်ဆိုတဲ့ မှားဟာ တစ်



www.burmeseclassic.com

www.burmeseclassic.com



သက်တာ ဖက်တွယ်သွားရမယ့် ကျိန်စာဟ၊ အဲဒါကို နင်သိထား"

ခိုင်မာရင်ထဲ စိမ့်ခနဲ ကျင်သွားသည်။ "တစ်သက်တာ ဖက်တွယ်သွားရမယ့်ကျိန်စာ" တဲ့လား တေက်ပြားရယ်။ နင့်လို လူ့ရှတ်လူနောက်တစ်ယောက်ရဲ့ရင်ထဲမှာ အချစ်နဲ့ ပတ်သက်ပြီး ဒီလိုလေးနက်တဲ့ ဒဿနတွေလည်း အဆင်သင့် ရှိနေသတဲ့လား။

ခိုင်မာ တဖြည်းဖြည်း ငိုချင်စိတ် ပေါက်လာလေသည်။ အဲဒီတုန်း သူငယ်ချင်းအဖွဲ့တွေ ဝင်လာလိုက်ကြသဖြင့်သာ တော်တော့သည်။ ဇော်မျိုး၊ ဖက်တီး၊ ထွန်းထွန်း၊ သီသီ၊ သော်တာဦးတို့ တစ်ဖွဲ့ကြီးဖြစ်သည်။

"အင်း. . . ကျောင်းစာဆွေးနွေးနေကြတာတော့ ဟုတ်မယ်မထင်ပေါင်"

ဖက်တီးက ဝင်ထိုင်ထိုင်ချင်း စဖောက်သည်။

"မဟုတ်ပါဘူးဗျာ. . . ကျုပ်က ရည်းစားစကား ပြောနေနှင့်တာပါ၊ ဒါပေမယ့် မင်းလောက်တော့ ငါ အခြေအနေ မကောင်းသေးပါဘူး၊ မင်းကတော့ လေဒီဖက်တီးက မကြာခင် အဖြေပေးမှာနော်လို့အပြောခံထားရတဲ့ကောင်ဆိုတော့လည်း ပြောအားရှိခိုက် ပြောလိုက်ဦးပေါ့လေ"

"အိ. . ."

တစ်ဝိုင်းလုံး ဝါးခနဲ ရယ်လိုက်ကြသည်။

ထိုအချိန်မှာပင် သက်ထားက မျက်နှာပိုးသတ်လိုက်ကာ မျက်နှာထားတည်တည်ဖြင့် စကားတစ်ခွန်းကို စတင်၏။

"ဒီကနေ့ကတော့ မင်းတို့အားလုံးကို ငါပြောစရာရှိတယ်၊ ပြောစရာရှိတယ်ဆိုတာထက် အကူအညီတောင်းမှာလို့ ပြောမှ ပိုမှန်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲသလို အကူအညီတောင်းရတဲ့အတွက် ဒီနေ့မင်း တို့တစ်ဝိုင်းလုံးကို ငါကျွေးမယ်၊ ကြိုက်ရာမှာ စားကြသောက်ကြပါ"

"အင်း . . ဒကာခံမယ် ကြားရတာကတော့ ကျေးဇူးတင်ဝမ်းသာပါရဲ့၊ ဒါပေမယ့် မျက်ခုံးတော့ ခပ်လှုပ်လှုပ်ပဲ၊ ဘာအကူအညီတွေများ တောင်းမှာပါလိမ့်"

"ပွင့်တော်မူပြီးသော ဘုရားလေးဆူနဲ့တစ်ကွ နောင်ပွင့်မည့် အရိမေတ္တယျ မြတ်စွာဘုရားသခင်ပါ ကြိုပွိုင့်နဲ့ မ,တော်မူပါဘုရား"

ဇော်မျိုး၏ဆုတောင်းကြောင့် ရယ်ကြရပြန်သည်။

"မင်းတို့ကလည်းကွာ . . ငါ့ဆို အကောင်းကို မထင်ဘူး"

"ဒါတော့ မပြောနဲ့လေ၊ မင်းရာဇဝင် သမိုင်းကြောင်းကလည်း ကောင်းခဲ့ ပြောင်မြောက်ခဲ့ပေသကိုး၊ ပြေလည်နေတဲ့ သမီးရည်းစားကို ထသတ်အောင် ကြားက ရန်တိုက်ပေးတယ်၊ မပြေလည်ချင်သေးလို့ ခပ်အေးအေးနေတဲ့ ငါ့ကိုကျတော့ လေဒီဖက်တီးနဲ့ ဆွဲစေ့ပေးတယ်၊ မွေးနေ့ပွဲကလေး လုပ်ပြီး သူငယ်ချင်းတွေကို အကျွေးအမွေးနဲ့ ဒါနပြုတဲ့သူကိုကျတော့ ရော်ဘာမြွေရုပ်နဲ့ လန့်ပြီး တက်ချက်သွားအောင် စောင်မ,တယ်၊ တေက်ပြားတဲ့ဟော့ဆိုရင် အင်းဝတစ်ပြည်လုံး တုန်အောင် ကြောက်ခဲ့ကြသလိုကို မင်းကို တစ်ဂိုဏ်းတည်းထား ပေါင်းသင်းနေကြရတာ"

ဖက်တီးက ရှုံ့မဲ့စွာ ပြောတော့ သက်ထားက ရှက်သွားသလို ဟန်ပြုကာ . . .

"အဲလောက်လည်း ဂုဏ်ပုဒ်တွေကို ထုတ်ဖော် မချီးကျူးနဲ့လေ ငါမနေတတ်တော့ဘူး"

ဝါးခနဲ ရယ်လိုက်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာပါ. . . ဒီတစ်ခါကတော့ မင်းတို့ကို စာပေ တုသိုလ်တွေ ဘုံးပေါ်လအောင် ပေးဝေနေပြီလို့ သာဓုခေါ်ကြပါ။ မင်းတို့ မှတ်စုစာအုပ်ကလေးတွေ ပေးကြစမ်းပါ"

ဘာမှန်းမသိဘဲ ကိုယ့်မှတ်စုစာအုပ်တွေကို ထုတ်ပေးလိုက်ကြ ရ၏။

သက်ထားက တစ်အုပ်ပြီးတစ်အုပ် လျှောက်လှန်ကြည့်ကာ. .

"အင်း. . . မဆိုးပါဘူး"

"သူကလည်း သင့်တယ်"

"သူကတော့ မဖြစ်မနေ ခိုင်းရမယ်"

စသဖြင့် မှတ်ချက်တွေ ပေးကာ စာအုပ်တွေ ပြန်ပေး၏။

"ဘာလဲဟ. . ဘာလုပ်တာလဲ"

သီသီက မေး၏။

"ဒီလိုပါ. . . ငါ နင်တို့အားလုံးရဲ့လက်ရေးတွေကို ကြည့်တာ၊ အကူအညီတောင်းဖို့ဆိုတာက. . ဒီလိုလေ. . ငါတို့မေဂျာက စာပေနှင့် အနုပညာအသင်းက နံရံကပ်စာစောင် ထုတ်ဖို့ပဲ၊ ကျောင်းထဲမှာ စာမူ တွေ ခေါ်ထားတယ်လေ၊ နို့တစ်ဘုတ်မှာ ကြော်ငြာကပ်ထားတာ မင်း တို့ အသိပဲ"

"အေးလေ. . . အဲဒီတော့. . ."

"တို့မေဂျာက မော်ကွန်းထိန်း ဆရာဦးမြင့်ဇော်က ငါ့ကို ခေါ်ပြီး သူ့ဆီမှာ လက်ခံရရှိတဲ့ ဝတ္ထုစာမူတွေကို ပေးတယ်ကွာ၊ မင်းဟာမင်း တော်သလို ကြည့်ရွေးပါ ပယ်ပါတဲ့၊ ရွေးတဲ့ဝတ္ထုတွေကို နံရံကပ်နိုင်တဲ့ အဆင့်ထိ ရောက်အောင် မင်းတာဝန်ယူ၊ မင်းသူငယ်ချင်းတွေထဲက လက်ရေးလှတဲ့သူတွေကို ကူးပေးဖို့ အကူအညီတောင်းတဲ့၊ ဒါနဲ့ ငါ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူလိုက်ရတယ်"

"ဪ. . . မင်း အယ်ဒီတာလုပ်တာ ငါတို့ လက်ရွေးစင်ရှိုး မယ်ဆိုပါတော့၊ မင်းရဲ့ရွေးစာမူတွေကို ငါတို့က လက်ရေးလှ ကူးပေးကြ ရမယ့်သဘောပေ့ါလေ"

ဇော်မျိုးက ရှုံ့မဲ့စွာ ဝင်ပြော၏။ သက်ထားက မျက်စောင်းထိုး ကြည့်ကာ. . .

"ဒီစကားကို မင်းမပြောနဲ့၊ ကျန်တဲ့သူတွေ ပြောပစေ၊ မင်း မှတ်စုစာအုပ်ကို ကြည့်ပြီးကတည်းက ငါအကူးခိုင်းမယ့်လူစာရင်းက မင်းကို ဖြုတ်လိုက်ပြီးပြီ၊ မင်းလက်ရေးက ပဲပင်ပေါက် အညှောင့်ထိုး မြေကြီးကို အစာရှာဖို့ ကြက်ယက်ထားတာကမှ မင်းလက်ရေးထက် လှဦးမယ်"

"အာရိုရို. . ."

ဇော်မျိုး ပက်လက်လန်သွားသည်။ ထွန်းထွန်းက လက်ညှောင်း မည့်အန္တရာယ်မှ လွတ်ရာလွတ်ကြောင်းဖြင့် အကြံပြုသည်။

"ကွန်ပျူတာစာစီ အပ်လိုက်ရင် ပြီးရောကွာ၊ ဖတ်တဲ့သူတွေ လည်း ရှင်းရှင်းဖတ်ကြရတာပေ့ါ"

"ငတုံး. . . ဘာမှလည်း မသိဘဲနဲ့၊ နံရံကပ်စာစောင်ဆိုတာ သရုပ်ဖော် ဆေးရောင်စုံ ပန်းချီကလေးတွေနဲ့ လက်ရေးလှတဲ့သူတွေရဲ့ လက်ရေးပေါင်းစုံနဲ့ တိုက်ရိုက်ရေးထား သရုပ်ဖေါ်ထားတဲ့ စာရွက်တွေ ကို ကပ်မှ ဝေဝေဆာဆာနဲ့ ဖတ်ရတာ ဖီးလ်ရှိတာကွ၊ ဆွဲဆောင်မှုရှိတာ၊ ကွန်ပျူတာ စာစီတာလောက်တော့ ငါလည်း သိသားပဲ၊ ပိုက်ဆံကုန်ပေ မယ့် မလှပါဘူး၊ ဒါကြောင့် အပင်ပန်းခံ လုပ်ကြရတာ၊ မင်းတို့အားလုံး လက်ရေးတွေကို ငါကြည့်ပြီးပြီ၊ ရော့. . . တစ်ယောက်တစ်ပုဒ်စီ ကူး



www.burmeseclassic.com

www.burmeseclassic.com



ပေးကြ၊ ဒါ ငါရွေးထားတဲ့ဝတ္ထုတွေပဲ"

ဘယ်သူမှ ငြင်းမရတော့၊ တစ်ယောက်တစ်ပုဒ်စီ ယူကြရသည်။

သက်ထားက ဝတ္ထုစာမူနှင့် ရေးကူးစရာ A-4 စက္ကူအဖြူအချောတွေကို ရေတွက်၍ ဝေငှပေးသည်။ ဘေးမျဉ်း မာဂျင်တားဖို့ စာပိုဒ်ခွဲဖို့ စကားပြောခန်းတွေမှာ "...." မျက်တောင်အဖွင့်အပိတ် ကော်မာပြဖို့ သင်ကြားပေး၏။ ဖက်တီးက စပ်စု၏။

"ဘာဝတ္ထုတွေများ ရွေးထားသလဲ"

"အစုံပဲ၊ ဘဝသရုပ်ဖော်ရော၊ အချစ်ရော၊ ပညာပေးတွေရော၊ ကျောင်းသားရေးရာတွေရောပေါ့၊ ဝတ္ထုကောင်းကလေးတွေကို ငါရွေးထားတာပါ၊ တစ်ပတ်အတွင်း ပြီးအောင်ကူးပေးကြပါ၊ မင်းတို့ဆီက ကူးပြီး စာမူတွေ ရမှ ငါက မိတ္တူဆွဲရမှာ"

"ဒါနဲ့ စောစောက ပြောတော့ လက်ရေးတွေပဲ ကပ်မယ်ဆို"

"အေးလေ. . . လက်ရေးတွေပဲဟာ၊ ဒါပေမယ့် မင်အရောင်ညီမှာ မဟုတ်ဘူး၊ အပြာတွေအနက်တွေ ရောနေမှာဆိုတော့ အားလုံးကို မိတ္တူဆွဲပြီး အဲဒီမိတ္တူတွေကိုပဲ နံရံကပ်မယ်၊ ဒါမှ အနက်ရောင် တပြေးညီ ရမယ်၊ ရေစိုမိုးစိုလည်း မကြောက်ရတော့ဘူးပေါ့"

သက်ထား တောင်းလာသောအကူအညီကို ခိုင်မာတို့အားလုံး ဝိုင်းဝန်းဖြည့်ဆည်းပေးကြရ၏။ ထိုနံရံကပ်စာစောင်အတွက် သက်ထား လုံးပမ်းနေရသောကြောင့်လား မသိ။

ခိုင်မာကို နှလုံးသားရေးရာတွေ လုံးဝမပြောတော့။ ခိုင်မာတို့နှင့်လည်း ရက်သတ္တနှစ်ပတ်မျှ ကင်းကွာသွားသည်။

ရေးကူးပြီး မိတ္တူဆွဲပြီး စာမူများအတွက် ကျောင်းထဲ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



သားကျောင်းသူ ပန်းချီဝါသနာရှင်များနှင့် ပူးတွဲကာ သရုပ်ဖော်ပုံတွေ လုပ်နေသည်ဟုသာ သိရ၏။

ထိုနံရံကပ်စာစောင် တကယ်ဖွင့်လိုက်သောအခါတွင်လည်း အထူးအောင်မြင်လေသည်။ ခိုင်မာတို့လည်း မိတ္တူဆွဲ၍ ဖော်ပြထား သော ကိုယ့်လက်ရေးကလေးတွေနှင့် စာစောင်ကို သွားကြည့်ကြကာ ပီတိဖြစ်ကြရ၏။

သည်လိုနှင့် စာမေးပွဲရာသီသို့ နီးကပ်လာခဲ့ပြီ။

စာမေးပွဲပြီးလျှင် ကိုထက်ခေါင်၏မိဘများက သားရေးသမီး ရေးကိစ္စ စကားစလာကြတော့မည်။ ထိုအနာဂတ်ကို ခိုင်မာ ဆက် မတွေးဝံ့တော့။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၀)

"နှင်စဉ်းစားတာ ပြီးပြီလား ခိုင်မာ"

စာမေးပွဲရက်များတွင် ခိုင်မာနှင့်သော်တာတို့ အတူတူ စာကျက်ဖြစ်ကြသည်။ ဖြေပြီးသမျှတွင် ဖြေလည်း ဖြေနိုင်ခဲ့ကြသည်။ နောက်ဆက်လာမည့် ဘာသာရပ်တွေအတွက်တော့ မပြောနိုင်သေး။ ကိုယ့်ဘက်ကတော့ တတ်နိုင်သမျှ ကြိုးစားပြင်ဆင်ခဲ့ကြသည်။

သည်နေ့လည်း စာကျက်ရင်းက ဦးနှောက်အနားပေးတာ သံပုရာရည်တစ်ခွက်စီ ဖျော်ပြီး တမြုံ့မြုံ့ သောက်နေကြခိုက် သော်တာ ဦးထံမှ ထွက်လာသော အမေးစကားသံ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာကိုရည်ရွယ်ပြီး မေးတာလဲ သော်တာ"

"တေက်ပြားရဲ့ကိစ္စလေ. . . သူကတော့ စာမေးပွဲပြီးရင် နင့်ဆီက အဖြေကို ပြတ်ပြတ်သားသား တောင်းရမယ်လို့ တစ်ကြိမ်းတည်း ကြိမ်းပြီး တက်ကြွနေတာဟာ၊ နင် ဘယ်လိုဆုံးဖြတ်မလဲဆိုတာကို ငါတို့လည်း သိချင်တာပေါ့"

ခိုင်မာ ရင်ထဲ နွမ်းမောသွားသည်။ သူမအဖြေကို စောင့်စားမျှော်လင့်နေမည့် သက်ထားး၏မျက်နှာကို ဖျတ်ခနဲ မြင်ယောင်လာသောအခါ ရင်နင့်သွားရပြီး ငိုချင်လာ၏။

"ငါတို့ ကံအကြောင်းတွေ မကောင်းခဲ့ကြပါဘူး သော်တာရယ်၊ သူလည်း ငါ့ကို ချစ်မိတာ ကံဆိုးတယ်၊ အိုလေ. . . သူဟာ ငါနဲ့ စတွေ့ကြပြီဆိုကတည်းက ကံဆိုးခဲ့တာပါ"

"ဟင်. . . ဒါဆို. . နင်. . နင်. . သူ့ကို ငြင်းမယ်ပေါ့၊ ဟုတ်လား ခိုင်မာ"

သော်တာက အလန့်တကြား မျက်လုံးပြူးနှင့် ကြည့်ကာ တအံ့တဩ မေးလေသည်။

ခိုင်မာ လေးလေးတွဲ့တွဲ့ ခေါင်းညိတ်ပြလိုက်၏။

"ဟာ. . . ခိုင်မာရယ်၊ ငါ. . ငါတို့အားလုံးက အဲဒီလို မထင်ထားဘူး၊ တို့အားလုံးက နင်တို့ချင်း ပြေလည်သွားကြမယ်၊ ချစ်သူတွေ ဖြစ်သွားကြလိမ့်မယ်လို့ မျှော်လင့်ထားကြတာ၊ နင် တကယ်ပဲ ငြင်းဖို့ စဉ်းစားဆုံးဖြတ်ပြီးပြီပေါ့"

ဒုတိယမ္ပိ ခေါင်းထပ်ညိတ်အပြတွင် ခိုင်မာ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ဝဲတက်လာ၏။

"ဟယ်. . . ခိုင်မာရယ်"



www.burmeseclassic.com

www.burmeseclassic.com



သော်တာဦး ပါးစပ်အဟောင်းသားနှင့် တိုးတိတ်ဆွဲ့အသွား တော့သည်။ အတော်ကြာတော့မှ သူမတစ်ယောက်တည်း တိုးဖွစွာ ရေရွတ်လေသည်။

"သွားပြီ. . . သွားပြီ၊ တေက်ပြားတော့ ကွဲပြီ. . . အသည်းကွဲ ပြီ"

"ဟုတ်တယ် သော်တာ၊ ဒါကြောင့် သူကံဆိုးတယ်လို့ ပြောတာ၊ နင်တို့ မသိသေးတဲ့အချက်တစ်ခုကို ငါပြောပြဦးမယ်၊ အဲဒီအကြောင်း က တို့(၂)ယောက်လုံးက ပြန်မပြောဘဲ လျှို့ဝှက်ထားခဲ့ကြတာ၊ သူဟာ ခုမှ အသည်းကွဲရတာ မဟုတ်ဘူး၊ ငါနဲ့ စတွေ့ကတည်းက ခေါင်းကွဲခဲ့ရ တာ"

ဖြစ်ရပ်မှန်တွေကို ပြန်ရှင်းပြလိုက်တော့ သော်တာဦး တဟယ် ဟယ် အာမေဋိတ်သံ ပြုရင်း အံ့သြနေလေသည်။ သက်ထားနှင့်ခိုင်မာ တို့ ကာယကံရှင်နှစ်ဦး ပြီးလျှင် သော်တာဦးက တတိယမြောက် သိရှိ သွားသူပင် ဖြစ်တော့၏။

"အဲဒီတုန်းက သူခေါင်းကွဲခဲ့တာ၊ အခု ဒုတိယအကြိမ်မှာတော့ သူ အသည်းပါ ကွဲပြီပေါ့ သော်တာ၊ ခေါင်းကွဲတာဆိုတာ ဆရာဝန်က ပြန်ချုပ်ပေးလို့ရခဲ့တယ်၊ အခု အသည်းကွဲတာကိုတော့ သူ ဘယ်လိုပြန် ချုပ်မလဲ ငါမတွေးရက် မတွေးရဲတော့ဘူး သော်တာ၊ ဘာဖြစ်လို့လဲ သိလား"

"ဟင့်အင်း. . . "

"သူ ဘယ်လိုခံစားသွားရမယ်ဆိုတာ ငါသိနေလို့ပေါ့ သော် တာ၊ ဘာကြောင့် သိရတာလဲ မေးဦးမလား၊ ငါ. . ငါကိုယ်တိုင်လည်း အသည်းကွဲနေရလို့ပေါ့ သူငယ်ချင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးတွင် ခိုင်မာ၏ပါးပြင်တွေ ပူနွေးသွားလေသည်။

"ဟင်. . . နင်. . နင်ငိုနေတယ် ခိုင်မာ၊ ဒါ. . ဒါဖြင့် နင်က လည်း သူ့ကို ချစ်တယ်ပေါ့"

သည်မျက်ရည်တွေဟာ သက်သေပဲပေါ့ သော်တာရယ်ဟု ပြောချင်သည့်တိုင် ဆို့နင့်နေသော လည်ချောင်းဝဆီသို့ စကားလုံးတွေ တက်မလာနိုင်ခဲ့။ မျက်စိအစုံကို မှိတ်၍သာ ခေါင်းကို ညိတ်ပြလိုက်မိရ တော့၏။

"ဒါနဲ့များ ခိုင်မာရယ်. . ."

သော်တာ၏လေသံထဲမှ အားမလိုအားမရ ခံစားချက်တွေကို ဖမ်းယူသိရှိနေသည်။

"နေဦး သော်တာ၊ ငါဆက်ပြောတာကို နားထောင်ပါဦး၊ တစ် ရက်မှာ မေမေက ကိုထက်ခေါင်တို့မိသားစုရဲ့ကမ်းလှမ်းချက်တွေကို ဖွင့်ပြောလာပြီး ငါ့ကို မေးတယ်၊ သမီးမှာ ချစ်သူရှိနေပြီလားတဲ့၊ မရှိပါ ဘူး မေမေလို့ ငါဖြေလိုက်တယ်"

"ကျွတ်. . . ခိုင်မာရယ်၊ ကိုယ်က ငတက်ပြားကို ရည်စူးထားပြီး မှတော့ ရှိတယ်လို့ ပြောလိုက်ရင် ပြီးရော၊ အဖြေပေးရသေးတာ မပေးရ သေးတာက ကိုယ့်အပိုင်းပဲဟာ"

သော်တာက 'ကျွတ်' ခနဲ စုတ်သပ်ရင်း ပြော၏။

"မဟုတ်ဘူး သော်တာ၊ အဲဒီလို ပြောရင် မေမေ့ရဲ့ရင်ထဲက မူလရည်ရွယ်ချက် ဘယ်လိုရှိတယ်ဆိုတဲ့ သဘောထားအမှန်ကို ငါ ဘယ်လိုသိခွင့်ရတော့မလဲ၊ မေမေက ငါ့အကြိုက် လိုက်ပြောတော့မှာ ပေါ့၊ ငါက မေမေ့ရင်ထဲက သဘောထားအမှန်ကို သိချင်တာလေ"

"အင်း. . . ထားပါတော့၊ အဲဒီလို ပြောလိုက်တော့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ မေမေက ဦးဘထက်တို့ ဒေါ်ယဉ်ယဉ်တို့ဘက်က ငါနဲ့ သူတို့သား ကိုထက်ခေါင်နဲ့ကို သဘောတူ လက်ခံပေးစေချင်တဲ့ အကြောင်း နားဖောက်ပါရစေဆိုတာကို ဆက်ပြောတယ်၊ တကယ်လို့ ငါကသာ လက်ခံမယ်ဆိုရင် သူတို့ချွေးမ ဖြစ်လာတော့မှာမို့ ငါတို့မိသားစုနဲ့ ပတ်သက်ပြီး သူတို့ ကူညီပေးထားခဲ့တဲ့ငွေတွေကို လျှော်ပစ်လိုက်မှာဖြစ်တဲ့အကြောင်း၊ အသစ်ဖြစ်လာမယ့် ငါတို့အိမ်ထောင်အတွက်လည်း သူတို့ အရံသင့် စီစဉ်ပေးသွားမှာဖြစ်တဲ့အကြောင်းတွေ ပြောပြတယ်၊ နောက်ဆုံးကျတော့မှ မေမေက သူ့သဘောထားတစ်ခုကို ချပြတယ်၊ မေမေတို့က သမီးကို ငွေဝယ်ကျွန်တစ်ယောက်လို ထိုးဆပ်တာမျိုး မဟုတ်ဘူး၊ ဒါပေမယ့် ဒီအခြေအနေမှာတော့ သမီးမှာသာ ချစ်သူမရှိခဲ့ရင်တော့ အားလုံးအတွက် စဉ်းစားပေးစေချင်တယ်၊ သမီးဘဝရှေ့ရေးလည်း စိတ်ချသွားရမှာဖြစ်သလို မေမေတို့ တစ်မိသားစုလုံးရဲ့ ရင်ဆိုင်နေရတဲ့ ငွေကြေးအခက်အခဲကြီးကိုလည်း အပြီးတိုင် ချုပ်ငြိမ်းပယ်ဖျောက်ပြီး ဖြစ်သွားလိမ့်မယ်တဲ့"

သော်တာဦးက မည်သည့်မှတ်ချက်မျိုးမှ ဝင်မချပါ။ ခိုင်မာ့စကားတွေကို စိတ်ဝင်တစား နားထောင်နေလေသည်။

"နင် စဉ်းစားစမ်း သော်တာ၊ ငါ့အစ်မ မမကြီးတုန်းကလည်း မိသားစုဘဝအတွက် သူ့နှလုံးသားဆန္ဒတွေကို ချိုးနှိမ်ပြီး စွန့်လွှတ်ခဲ့ အနစ်နာခံခဲ့တယ်၊ အခု ငါ့အလှည့်ကို ရောက်လာပြီ၊ ငါ ခေါင်းတစ်ချက် ညိတ်လိုက်ရုံနဲ့တင် သိန်း(၂၀)ကျော် တင်နေတဲ့ ငါတို့မိသားစုကလေးရဲ့ အခက်အခဲတွေ ပြေလည်ကင်းရှင်းသွားနိုင်မယ့် အနေအထားကို ကြုံနေရပြီ၊ ဒါကိုသိလျက် သိသိကြီးနဲ့ ငါ ခေါင်းခါရက်နိုင်ပါ့မလား ဆိုင်ယ ချင်း၊ ငါ့မေမေ အသက်ကြီးပြီ၊ ငါတို့အားလုံးအတွက် စျေးထဲမှာ တဖား



www.burmeseclassic.com

www.burmeseclassic.com



ဖား လုပ်ကိုင်ရှာဖွေနေရတုန်း၊ ငါ့အောက်က မောင်လေးတွေရဲ့ပညာရေး၊ လူမှုရေး အထွေထွေ ကုန်ကျစရိတ်တွေကလည်း နောက်က လာဦးမယ်၊ မေမေ ပင်ပန်းလှပြီ သော်တာ၊ ပြီးတော့ ငါက သူ့ကို အဖြေပေးပြီးသား မဟုတ်ဘူးလေ၊ သူနဲ့ငါဟာ တရားဝင်ချစ်သူတွေ မဖြစ်ကြသေးဘူး တရားဝင်ချစ်သူတွေဘဝကို မရောက်ကြသေးဘူး ချစ်သူဘဝ ရောက်မလာဘဲ သူငယ်ချင်းဘဝနဲ့ပဲ အဆုံးသတ်ပစ်လိုက်ဖို့က ငါ့မျိုသိပ်ချက် တစ်ခုတည်းနဲ့တင် ပြီးသွားမှာပဲ၊ သူလိုချင်တဲ့အဖြေ မရလို့ သူခံစားရလည်း ခဏပေါ့ဟာ၊ အချိန်က ကုစားသွားမှာပါ”

သော်တာဦးက ပင့်သက်ရှည်ကို ချ၏။

“အေးဟယ်. . . ငါ ဘယ်လိုမှတ်ချက် ဝင်ပေးရမလဲဆိုတာတောင် မတွေးတတ်တော့ပါဘူး၊ ဒါပေမယ့် နင်တို့နှစ်ယောက်လုံးအတွက်တော့ တကယ်ခံစားရတာ အမှန်ပဲ ခိုင်မာ”

“မေမေက ငါ့ကို ဖွင့်မတောင်းဆိုခဲ့ပါဘူး၊ သမီးမှာ ချစ်သူရှိခဲ့ရင်လည်း သမီးကြိုက်ရာလမ်းကို ရွေးနော်၊ သမီးစိတ်တိုင်းကျ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်၊ မဖြစ်မနေကြီး လက်ခံရမယ်လို့ မေမေတို့ ဖွင့်မတိုက်တွန်းဘူးတဲ့၊ အဲသလို ငါ့အပေါ် စာနာမှု နားလည်မှု ထားပေးကြလေလေ၊ ရုန်းထွက်ရ ခက်လေလေ ဖြစ်ရတယ် သော်တာ၊ ငါ အထပ်ထပ်စဉ်းစားပြီးမှ သူ့ကို ငြင်းလိုက်ဖို့ ဆုံးဖြတ်ချက် ချလိုက်ခဲ့ပါတယ်၊ နင်လိုချင်တဲ့အဖြေ မပေးနိုင်တဲ့အတွက် ဝမ်းနည်းပါတယ်၊ သူငယ်ချင်းတွေလိုပဲ ဆက်ခင်မင်ကြရအောင်ဆိုတဲ့စကားကို ပြောနိုင်ဖို့ အခု ငါအားမွေးနေတယ် သော်တာ၊ အဲဒီတော့မှ ငါ့ကိုယ်ငါ သိခဲ့တာ”

“ဟင်. . . ဘာကိုသိခဲ့တာလဲ”

“သူ့ကို ငြင်းမယ်လို့ ဆုံးဖြတ်ချက် ချလိုက်တော့မှ သူနဲ့ ဒီတ



www.burmeseclassic.com

www.burmeseclassic.com



သက် ဝေးကြပြီလို့ နားလည်လိုက်တော့မှ ငါ့ရင်ထဲက သူ့အပေါ် ရှိနေတဲ့အချစ်တွေက ထင်ထင်ရှားရှား ရုန်းကြွလာခဲ့ကြတာ၊ ငါ သူ့ကို ချစ်ခဲ့မိပြီးပါပကောလားလို့ ကြေကြေကွဲကွဲ သိခွင့်ရခဲ့တာ၊ သူဟာ ပေါ့ပေါ့ပါးပါး အဖိုးမတန်တဲ့ပစ္စည်းကလေးတွေ ခိုးဝှက်အလစ်သုတ်ရင်း သူငယ်ချင်းတွေကို နောက်ပြောင်ကျီစယ်တတ်ပေမယ့် တကယ့်တကယ် လူတွေနဲ့ ဆက်ဆံတဲ့အခါ အမှန်တရားကို ချစ်တတ်သူ၊ လဲနေသူ ထူပေးချင်တဲ့သူ၊ သူ့ဘက်က အနစ်နာခံ ကူညီပေးဖို့ ဘယ်တော့မှ ဝန်မလေးတဲ့သူဆိုတာ ငါသိခဲ့ ကြုံခဲ့တာ များပြီ၊ အေးလေ. . . အဲဒီအရည်အချင်းတွေကြောင့်လည်း သူ့ကို ငါ သံယောဇဉ်တွယ်ခဲ့၊ တိမ်းညွတ်ခဲ့တာ ဖြစ်မှာပါ၊ ခုတော့ အိပ်မက်တစ်ပုဒ်လိုပဲ ချန်ထားရစ်ခဲ့ရတော့မှာပေါ့ သော်တာရယ်၊ မိသားစုဘဝနဲ့ ယှဉ်လာတဲ့အခါ အချစ်ဆိုတာကို ဒုတိယနေရာ ထားလိုက်ရမှာပဲ၊ ငါ့ကို အတ္တကြီးလိုက်တာလို့ ဆိုချင်ဆိုကြပါစေတော့"

စကားကို လက်စသိမ်းရင်း ပါးပြင်ပေါ်က မျက်ရည်တွေကို ခပ်ကြမ်းကြမ်း သုတ်သင်ပစ်လိုက်ချိန်မှာ ခိုင်မာ့ရင်ထဲ စူးရှနာကျင်နေပါသည်။

သူ မကြားနိုင် မသိနိုင်ပေမည့် ခိုင်မာ သူ့ကို ရည်စူးကာ တိုင်တည်နေမိပါသည်။

"နင့်ဆီက ငါခိုးပြီ အလစ်သုတ်ပြီဆိုရင်တော့ ငါတကယ်တန်ဖိုးထားပြီး လိုချင်တဲ့အရာမျိုးကိုမှ ခိုးမှာ အလစ်သုတ်မှာပါ၊ ဥပမာ. . . နင့်နှလုံးသား၊ နင့်အချစ်ပေါ့လို့ ပြောခဲ့တဲ့ တေက်ပြားရယ်. . . အချစ်ဆိုတာ ခိုးယူလို့ ရကောင်းတဲ့အရာ မဟုတ်ပါဘူး၊ နင်ခိုးစရာမလိုဘဲ ငါ့အချစ်တွေကို နင်ရခဲ့ပြီးပြီဆိုတာ နင်သိမှာတဲ့လား၊ ဒါပေမယ့် တေက်

www.burmeseclassic.com



ပြားရေ၊ မတောင်းဘဲနဲ့ ရနေတဲ့ သဘာဝ အောက်ဆီဂျင်ကို အသက်ရှင်ရေးအတွက် အဓိက အရာပါလားလို့ တန်ဖိုးထားဖို့ လူတွေ မေ့နေကြသလိုမျိုး နင်မတောင်းဘဲနဲ့ ရခဲ့ပြီးဖြစ်တဲ့ ငါ့အချစ်တွေကိုလည်း. . . နင်. . . ”





www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)

'သာယာမြေ' ဆိုင်းရိုပ်ထဲသို့ လှမ်းဝင်လာသော သက်ထားကို မြင်သည်နှင့်ပင် ခိုင်မာ ရင်ထိတ်ခနဲ ဖြစ်သွားရသည်။ နင့်မျက်နှာကို ငါ ကြည့်ရဲဘူး သက်ထားရယ်။

သက်ထားကတော့ ခိုင်မာ့ဘက်က ယတိပြတ် ချပြီးသော ဆုံးဖြတ်ချက်ကို ဘာမျှသိရှာဟန်မတူ။ သူ့ထုံးစံအတိုင်း စပ်ဖြီးဖြီး မျက်နှာထားနှင့် ရွှင်လန်းတက်ကြွလျက်ပင်ရှိ၏။ ခိုင်မာကသာ တစ်ခါသတ် လိပ်ပြာမလုံနိုင် ဖြစ်နေမိရခြင်းပင်။

"ဘယ်လိုလဲဟေ့. . . ဖြေနေကြရတဲ့သူတွေ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ် မဟုတ်လား"

သက်ထားက အားလုံးကို ခြုံငုံ၍ အော်မေးလိုက်သည်။

ပြုံး၍ ခေါင်းညိတ်ပြလိုက်ကြ၏။ ဖက်တီးက လှမ်းပြော၏။

"ဟော့ကောင်. . . မင်းက ထိုင်လေ၊ ဘာလို့ မတ်တတ်ကြီး လုပ်နေတာလဲ၊ ကေန္တ ခိုင်မာကို "ရှိန်" နေသလား မသိဘူး. . . ဟီဟီ"

"ဟ. . . ငါထိုင်ဖို့လာတာ မဟုတ်ဘူးကွ၊ ဟိုကောင်ဇော်မျိုးကို လာခေါ်တာ"

သက်ထားက ပြောလိုက်တော့မှ ဇော်မျိုး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဟာ. . အေး. . ဟုတ်သားပဲ၊ မင်း မနေ့က ပြောထားတဲ့ကိစ္စ ငါ အားလုံးစီစဉ်ထားပြီးပါပြီ၊ လာ. . . သွားကြစို့"

ဇော်မျိုးက လှမ်းပြောလိုက်ရင်း နေရာက ထ၏။

"ဒါက ဘယ်ကိုလဲ၊ ဘာတွေလုပ်ကြဖို့ ကြံစည်ကြပြန်ပြီတုန်း"

သီသီက ကောက်ကာငင်ကာ မေးတော့ ဇော်မျိုးက ဖြေသည်။

"မြို့ထဲက ပန်းဆိုးတန်းဘက် သွားကြဖို့ပါ၊ အောင်ဘာလေ ထီရုံးနားက လက်ဖက်ရည်ဆိုင်မှာ ဧည့်သည်မိတ်ဆွေတစ်ယောက်နဲ့ သွားတွေ့ဖို့ ချိန်းထားတာ ရှိလို့"

ပြီးနောက် သက်ထားနောက် ထလိုက်ဖို့ ပြင်သည်။

"ခိုင်မာ. . . စာမေးပွဲကို ကြိုးစားဖြေထားနော်. . . ဟီးဟီး ကျောင်းက စာမေးပွဲပြီးရင် ငါ့အလှည့်ပေါ့ဟ. . နော်၊ ခုလောလော ဆယ်တော့ နင်က စာမေးပွဲဖြေသူပေါ့၊ ပြီးရင်တော့ စာစစ်သူ အောင် စာရင်း ထုတ်ပြန်သူကြီးအဖြစ် အလှည့်ကျ သဘာပတိလို ဆောင်ရွက် ပေးရဦးမှာနော်၊ နင့်ရဲ့စာဖြေသူ ကျောင်းသားကလေးကတော့ ငါပေါ့



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

သက်ထားက စပ်ဖြီးဖြီးနှင့် စားပွဲပေါ် လက်ထောက်ရင်းက ပြောလိုက်သဖြင့် အားလုံးပင် ပြုံးသွားကြ၏။

"ကဲ. . . လာဟေ့ တေက်ပြား၊ တို့ သွားကြစို့"

ဇော်မျိုးက လှမ်းခေါ်သဖြင့် သက်ထား ထွက်လိုက်သွားသည်။ ဖက်တီးက ထိုနှစ်ယောက်ကို ကြည့်ကာ မှတ်ချက်ချ၏။

"ဒီနှစ်ကောင် ဘာတွေ ကြိတ်ကြံစည်ကြပြန်တယ် မပြောတတ်ဘူး၊ ဒါပေမယ့် ဟိုကောင် တေက်ပြားကတော့ ခိုင်မာ့ကို နို့တစ်စာ ပို့သွားပြီ၊ ဒီအကောင်ကို မှတ်လောက်သားလောက်အောင် ချက်ချင်း အဖြေမပေးဘဲ အချိန်ဆွဲပြီး ကလိထားလိုက်ဖို့ အကြံပေးတယ်ဟေ့၊ ငါးရံ့ပြာလူး ဖြစ်နေတာကို အရသာခံကြည့်ပြီး ဟားကြရအောင်လို့"

တစ်ဆက်တည်းပင် ခိုင်မာ့ကို လှည့်ပြီး တေက်ပြားကို ချောက်ချဖို့ လမ်းညွှန်ချက် ပေးနေပြန်သေး၏။

ခိုင်မာနှင့်သော်တာဦးတို့ တစ်ယောက်နှင့်တစ်ယောက် လှမ်းကြည့်လိုက်မိကြပြီးသား ဖြစ်သွားလေသည်။

ဘဝမှာ အမှတ်တရဖြစ်ရမည့် အနာဂတ်ရ ရက်စွဲတစ်ခု နီးကပ်လာပါပကောဟု တိုးတိတ်ကြေကွဲ တုန်လှုပ်မိရပြန်လေသည်။





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၂)

လက်ပတ်နာရီကလေး ငုံ့ကြည့်လိုက်တော့ ညနေ(၃)နာရီ ထိုးတော့မည်။ ခိုင်မာ ပင့်သက်ချလိုက်ရင်း လမ်းဘက်ကို မျှော်ကြည့်၏။ သော်တာဦး၏အရိပ်အယောင်ကိုမမြင်ရသေး။ ဧကန္တ အပိုင်ကျက်ထား တာတွေနှင့် တိုးပြီး ဖြေလို့ကောင်းနေပုံရသည် ထင်၏။

ယနေ့သည် စာမေးပွဲ ပြီးသွားသည့် နောက်ဆုံးနေ့မို့ စိတ်လက် ကြည်လင်ပေ့ါပါးနေသင့်သည့်နေ့ ဖြစ်သည့်တိုင် ခိုင်မာမှာတော့ မပျော် နိုင်။

ပြစ်ဒဏ်ကျခံရမည့်ရက် နီးကပ်လာသည့်တရားခံတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လို စိုးတထိတ်ထိတ် ခံစားနေရ၏။ ဟိုကောင် ငတက်ပြားက စာမေးပွဲပြီးသည်နှင့် အဖြေတောင်းလာမှာ မုချမဟုတ်လား။

နွမ်းမောဖွယ် အတွေးတစ်ထုံ့တစ်ပိုင်းဖြင့် ဆက်ထိုင်စောင့်နေခိုက်မှာပင် အဝေးဆီမှ လျှောက်လာနေသော သက်ထားကို မြင်ရ၏။ သက်ထား၏အမူအရာတွေက သုတ်သီးသုတ်ပျာဖြစ်နေသည်ဟု အကဲဖြတ်မိ၏။ ဘာတွေ အရေးကြီးနေသည်မသိ၊ ခဏချင်းမှာပင် သက်ထားက သပြေဆိုင်ရိပ်ထဲ လှမ်းဝင်လာကာ ခိုင်မာစားပွဲဘေး ခပ်သုတ်သုတ် လျှောက်လာ၏။

"ဟာ. . . ခိုင်မာတစ်ယောက်တည်းပါလား. . . သော်တာတို့ကော"

"မလာသေးဘူး. . . ငါလည်း စောင့်နေတာပဲ၊ နေပါဦး. . . နင်က ဘာဖြစ်လာတာလဲ. . . မျက်စိပျက် မျက်နှာပျက်နဲ့ ဝင်ထိုင်လေဟာ"

"ဟင့်အင်း. . . မထိုင်တော့ဘူး၊ ဒီမှာ နင်တစ်ယောက်တည်းပဲတွေ့တော့ မတတ်နိုင်ဘူး၊ တွေ့တဲ့သူကိုပဲ ချောဆွဲရတော့မှာပဲ၊ ခိုင်မာငါနဲ့ လိုက်ခဲ့ပေးပါလားဟာ. . . အရေးကြီးလွန်းလို့ပါ"

"ဘယ်ကိုလဲ. . . ဘာဖြစ်လို့လဲ"

"မဝေးပါဘူး. . . မော်ဘီဘက်ကိုပါ၊ အခုချက်ချင်း တက္ကစီငှားပြီး အမြန်ပြေးရတော့မယ်"

"အေးလေ. . . ဘာဖြစ်လို့လဲလို့ မေးနေတယ်"

"အခုပဲ ဖုန်းဝင်လာတယ်ဟာ၊ ငါ. . ငါ့အမေ အသည်းအသန်ဖြစ်နေတယ်၊ အသက်မီချင်ရင် အမြန်လာတဲ့"

"ဘာ. . ."



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မာ လန့်ဖျပ်သွားသည်။

"အေး. . . အဲဒါကြောင့် အရေးဟဲ့ဆို ကူဖော် လောင်ဘက် ရအောင် သူငယ်ချင်းတွေကို လိုက်လာရှာတာ၊ နင်တစ်ယောက်ပဲ တွေ့ သေးတယ်၊ မလိုချင်ဘူး၊ ငါကတော့ ဇွတ်ဆေးရုံကို အပြေးပို့မှာပဲ"

သက်ထားက ပူပူပင်ပင် ပြောသည်။ သူ့အမေနှင့် ပတ်သက်၍ အပူမီး တောက်လောင်နေချိန်မှ ခိုင်မာ့ထံ အဖြေတောင်းဖို့ဘာညာ ကိစ္စတွေကိုပင် မေ့နေပုံရ၏။ သွေးမတော် သားမစပ်တဲ့ သူစိမ်းတွေကို တောင် လက်မနှေးဘဲ အကူအညီပေးတတ်ခဲ့သော သက်ထားမှာ အခု အကူအညီ လိုအပ်နေပြီကော ဟူသောအသိက ခိုင်မာ့ကို ပုတ်နှိုးလိုက် ၏။ ခိုင်မာ ဝုန်းခနဲ ထရပ်ကာ လွယ်အိတ်ကို ဆွဲရင်း ပြောသည်။

"ဒါဆို သွားဟာ. . . ငါလိုက်ခဲ့မယ်"

နှစ်ယောက်သား ဆိုင်ထဲက ထွက်ပြီးခါမှ သက်ထားက. . .

"ခဏလေး. . . ခဏလေး၊ ဟိုကောင်တွေ ရောက်လာရင် နောက်က ချက်ချင်းလိုက်လာခဲ့ကြဖို့ ပြောသွားကြောင်း ငါ စားပွဲထိုး ကလေးကို မှာခဲ့ဦးမယ်"

သက်ထား ဆိုင်ထဲ ပြန်ပြေးဝင်သွား၏။ စားပွဲထိုးကလေးတို့ သွားပြောနေသော သက်ထားကို အပြင်ကပဲ ရပ်စောင့်နေလိုက်သည်။ သက်ထား ပြန်ပြေးထွက်လာ၏။

ကျောင်းအပြင်ရောက်ကြတော့ ကားလမ်းမကြီးနံဘေးကနေ ကားစောင့်၏။ တက္ကစီတစ်စီးကို လက်ပြတားလိုက်၏။

"ဘယ်သွားကြမှာလဲ"

"မှော်ဘီအဝင်တင်ပါ"

"ခုနစ်ကျပ်တော့. . ."



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာ၏စကားမဆုံးလိုက်။

"တစ်ပုလင်း ပေးမယ်ဗျာ. . . အမြန်ဆုံးသာမောင်း၊ လူနာ အသည်းအသန်ဖြစ်နေလို့၊ တက်ဟော့ ခိုင်မာ"

သက်ထားက ကားနောက်ခန်းတံခါးကို အမြန်ဆွဲဖွင့်လိုက်၏။ ခိုင်မာတို့နှစ်ယောက် ကားပေါ် ရောက်ချိန်တွင် ကားတံခါးကို ဆွဲစေ့ ပိတ်ရင်း သက်ထားက ပူပူပင်ပင် တောင်းဆိုလိုက်သည်။

"ကားဆရာရေ. . . လမ်းစည်းကမ်း ခွင့်ပြုချက် ရသမျှထဲက အမြန်ဆုံး မိုင်နှုန်းနဲ့သာ မောင်းပေးပါဗျာ၊ ဟိုကျတော့ ဝင်ရမယ့်ခြံကို ကျွန်တော်ပြောပါ့မယ်"

"အိုကေ. . . အိုကေ"

ကားက တစ်လမ်းလုံး အမြန်ဆုံးနှုန်းဖြင့် မောင်းပေးသည်။ ခိုင်မာ ဘာမှမမေးဖြစ်။ မပြောဖြစ်။ ပူပင်သောကဖြင့် သက်ပြင်းတချချ ဖြစ်နေသော သက်ထားကိုသာ. . .

"သိပ်စိတ်မပူပါနဲ့ဟာ. . ကံကြွမ္မာက ရှိပါသေးတယ်၊ အသည်း အသန်ဖြစ်တိုင်း အသက်ဆုံးချင်မှ ဆုံးတာပါ"

ဟု မကြာခဏ နှစ်သိမ့်အားပေးဖြစ်သည်။

မှော်ဘီကို ဝင်တော့ (၄)နာရီထိုးတော့မည်။ သက်ထားက သူတို့ခြံကို နောက်ထိုင်ခုံမှတစ်ဆင့် ပြောပြလမ်းညွှန်ပေး၏။ စိမ်းလန်း သော ပန်းရုံပန်းချုံတို့ဖြင့် ဝန်းရံထားသော နှစ်ထပ်တိုက်တစ်လုံး ရှိနေရာ ခြံတစ်ခြံရှေ့အရောက်တွင် ခရီးဆုံး၏။ ခြံဝင်းတံခါးကို အထဲက ကောင် လေးတစ်ယောက် အပြေးအလွှား လာဖွင့်၏။

"ဟော. . . အစ်ကိုလေး ရောက်လာပြီ၊ လာလာ. . အစ်ကို လေး"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . မင်း ငါခိုင်းတာတွေ လုပ်တော့၊ ခြံတံခါးကို အပြင်ဘက်ကနေ ပြန်ပိတ်ထားခဲ့၊ လာ. . . ခိုင်မာ"

ကောင်လေးက ခြံအပြင်ဘက်သို့ ထွက်သွား၏။

ခိုင်မာတို့နှစ်ယောက် တိုက်ထဲသို့ ဝင်ခဲ့သည်။ တိုက်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

"လာ. . . ခိုင်မာ၊ အပေါ်ထပ်ကို သွားမယ်"

ကျွန်းရောင်အခံတွင် ပေါလစ်တိုက်ထား၍ တောက်ပြောင်နေသော လှေကားထစ်များအတိုင်း အပေါ်ထပ်သို့ တက်ခဲ့ကြသည်။ အပေါ်ထပ်မှာ ဘုရားခန်းနှင့် အိပ်ခန်းနှစ်ခန်း ရှိနေ၏။

"နင့်အမေက ဘယ်မှာလဲ"

နောက်က လျှောက်လိုက်လာရင်း ခိုင်မာ မေးသည်။

သက်ထားက ဖျတ်ခနဲ ရပ်ကာ နောက်သို့ ပြန်လှည့်ကြည့်ရင်း ပြောသည်။

"ငါ့အတွက် ဒီလိုပူပင်ပေးပြီး ကူညီပေးဖို့ လိုက်လာတဲ့အတွက် ကျေးဇူးတင်ပါတယ် ခိုင်မာရယ်"

"ပြောနေရမယ့်သူတွေမှ မဟုတ်တာ သက်ထားရယ်. . . ရပါတယ်၊ ငါမေးတာ ဖြေဦးလေ၊ နင့်အမေကကော အသည်းအသန် ဖြစ်နေတယ်ဆို"

"ဟုတ်တယ်လေ. . . အသည်းအသန်ဖြစ်နေတယ်၊ ဒါပေမယ့် အဲဒီလူနာက ငါ့အမေ မဟုတ်ဘူး. . . ငါကိုယ်တိုင်ပဲ၊ ငါ နင့်ကို ခိုးခဲ့ပြီ ခိုင်မာ"

"ဘာ. . ."

ခိုင်မာရင်ထဲ ဒိန်းခနဲ အမြှောက်ပစ်သံကြီး ကြားလာသလို



www.burmeseclassic.com

www.burmeseclassic.com



ထင်လိုက်မိ၏။ အဲဒီတုန်း သက်ထားက ထပ်ပြောသည်။

"ဟုတ်တယ်. . . နှင့်ကို ငါခိုးခဲ့ပြီ၊ ဘေးက တွန်းပို့လာတဲ့ အခြေအနေ အကြောင်းတရား အမျိုးမျိုးကြောင့် ဒီလိုလုပ်ခဲ့ရတာကို ခွင့်လွှတ်ပေးပါ။ နှင့်ကို ငါ မစွန့်လွှတ်ပါရစေနဲ့ ခိုင်မာရယ်၊ ဒီတိုက်ကြီးမှာ နှင်နဲ့ငါ နှစ်ယောက်တည်းပဲ ရှိတယ်"

"ဟင်. . ."

"စိုးရိမ်မသွားပါနဲ့ ခိုင်မာ၊ ငါက ချစ်တတ်တာပဲ ရှိတယ်၊ မယုတ်မာတတ်ဘူး. . အနိုင်မကျင့်တတ်ဘူး. . အခွင့်အရေး မယူတတ်ဘူး၊ ဒီကို ခေါ်လာခဲ့တာကလည်း နှင်နဲ့ သေသေချာချာ ဆွေးနွေးပြီးမှ နှင့်ဆီက အဖြေကောင်းဖို့ပါ. . . ဒီလောက်ပါပဲ၊ စိတ်ချ. . . နှင် မှည့်တစ်ပေါက် မစွန်းစေရဘူး၊ စိတ်ညစ်မသွားပါနဲ့ ခိုင်မာရယ်၊ ကဲ. . . အေးအေးဆေးဆေး ထိုင်ပါဦး"

"နှင် သိပ်ဉာဏ်များတာပဲ တေက်ပြား၊ နှင်လုပ်ပုံကြောင့် ငါ တော်တော် အာရုံနောက်နေပြီ"

ခုအခြေအနေရောက်ပြီဆိုတော့လည်း မတတ်သာတော့။ အပေါ်ထပ်တွင် ခင်းကျင်းထားသည့် စားပွဲဝိုင်းမှ ဆက်တီတစ်စုံတွင် ဝင်ထိုင်ရင်း အမောဖြေရတော့၏။ တေက်ပြား၏ကိုယ်ကျင့်သိက္ခာကို ခိုင်မာ အကြွင်းမဲ့ ယုံကြည်ပါသည်။ ဤတိုက်ကြီးထဲမှာ သူတို့နှစ်ယောက်တည်း ရှိနေရခြင်းအတွက် စိုးရိမ်ထိတ်လန့်ခြင်း မဖြစ်မိပါ။

ခိုင်မာ စိုးရိမ်မိတာက အချိန်နှင့်မပြန်နိုင်ပဲ ဖြစ်နေမှာ တစ်ခုပဲ ရှိသည်။

"ဒီတိုက်နဲ့ခြံကရော ဘယ်သူပိုင်တာလဲ၊ နှင် မဟုတ်ကဟုတ်က လုပ်လို့ ပိုင်ရှင်လာပြီး မေးင်းချတာမျိုးတော့ မဖြစ်နိုင်ပါဘူးနော်



www.burmeseclassic.com

www.burmeseclassic.com



ငတက်ပြား”

“စိတ်ချပါ ခိုင်မာရဲ့၊ ဒီတိုက်က ငါတို့တိုက်ပါ၊ စောစောက ခြံတံခါး လာဖွင့်တဲ့ ကလေးက အစောင့်ပေါ့”

“အဲ့ဒီကလေးကို နင် ဘယ်လွှတ်လိုက်တာလဲ၊ ဘာတွေ ခိုင်းထားသလဲ”

“နင်နဲ့ငါ ညစာထမင်းစားဖို့ ဒံပေါက်ထုပ်တွေ ဝယ်ခိုင်းထားတာပါ၊ တော်နေကျရင် ပြန်ရောက်လာပါလိမ့်မယ်၊ ရေသန့်တို့ အအေးအချိုရည်တို့လည်း မှာလိုက်တယ်”

ခိုင်မာ တုန်လှုပ်သွားရပြန်သည်။

“ညစာတွေ အဝယ်ခိုင်းတယ်ဆိုတော့ ငါတို့က ဒီမှာ ညအိပ်ကြရမယ့်သဘောမျိုးလား. . . မဖြစ်နိုင်တာ၊ နင် ငါ့ကို အချိန်မီ ပြန်ပို့”

“အေးပါဟယ်. . . ပို့တာပေါ့၊ နေပါဦး. . . နင်က ငါ့ကို မယုံမကြည် ဖြစ်နေတာလား၊ နင် မုန့်တစ်ပေါက် မစွန်းစေရပါဘူးလို့ ငါ ကတိပေးထားပြီးသားလေ”

“နင့်ကို မယုံကြည်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ငါက တစ်ညလုံး နင့်နောက်လိုက်သွားပြီး မနက်ကျမှ ပြန်လာတယ်ဆိုရင် သူငယ်ချင်းတွေကအစ ဘယ်လိုထင်မလဲ၊ နင်ပဲ ဒီကို လိုက်လာကြဖို့ ‘သပြေ’ ဆိုင်က စားပွဲထိုးကလေးကို မှာခဲ့တယ် မဟုတ်လား၊ နင်နဲ့ငါ အတူထွက်သွားကြတယ်ဆိုတာကို ဇော်မျိုးတို့ သိကြတယ်လေ”

သက်ထားက ရယ်လိုက်သည်။

“မမှာခဲ့ဘူး. . နင်ယုံလောက်အောင်လို့ ငါသက်သက်လေးတော် ပြောတာ၊ စားပွဲထိုးကလေးကို ပြောခဲ့တာက ဟိုကောင်တွေလာလို့ ငါ့ကို မေးရင် ငါပြန်သွားပြီဆိုတာ ပြောလိုက်ဖို့သက်သက်ပဲ မှာခဲ့တာ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီအတွက် စိတ်မပူနဲ့"

ခိုင်မာ မျက်စောင်းထိုးလိုက်မိပြန်၏။

"နင်ဟာလေ. . . အီစီကလီဉာဏ်ကတော့ အကွက်ကို စေ့နေတာပဲ"

"နင့်ကို ချစ်တာကိုး ခိုင်မာရဲ့"

"ဘာဆိုင်လို့လဲ. . . သူငယ်ချင်းတွေက ထားလိုက်ပါတော့၊ ငါ့အိမ်ကိုကျတော့ ငါ ဘယ်လိုမျက်နှာနဲ့ ပြန်ဝင်ရမလဲဟဲ့၊ မေမေတို့ အစ်မတို့ ငါ့မောင်လေးတွေက ငါအိမ်ပြန်မအိပ်တာကို မသိဘဲ နေမလား"

"ဒါဆိုလည်း သိအောင် နင်ကိုယ်တိုင် ဖုန်းဆက်လိုက်ဟာ၊ ဒီည သူငယ်ချင်းတစ်ယောက်အိမ်မှာ ညအိပ်မယ်၊ သူငယ်ချင်းရဲ့အမေ အသည်းအသန် နေမကောင်းလို့ ပြုစုရမယ့် သူငယ်ချင်းကို ကူညီပေးတဲ့အနေနဲ့ ညအိပ်ပေးတာလို့ ပြောလိုက်"

"အို. . . ဟုတ်မှ မဟုတ်တာကြီးကို. . . ငါမညာချင်ပါဘူး"

သက်ထားက ခပ်ပြုံးပြုံးဖြင့် သူ့ကျောပိုးသားရေအိတ်ကို ဇစ်ဖွင့်လိုက်ရင်း ပြောသည်။

"ညာလို့လဲ မရတော့ပါဘူး၊ ခုအချိန်ဆို နင့်အိမ်ကလည်း ငါနဲ့ ခိုးရာလိုက်သွားပြီးပြီဆိုတာ အားလုံးသိနေပြီးကြလောက်ပါပြီ၊ နင့်မောင်လေးတွေကို အသိမပေးဘဲ ဖုံးကွယ်ထားတယ်ပဲထား၊ နင့်အမေနဲ့အစ်မကတော့ သိပြီးရောပေါ့"

"ဘယ်လိုလုပ် သိမှာလဲ"

"နင်ရေးခဲ့တဲ့စာကို ဖတ်ပြီး သိမှာပေါ့"

"ငါက ဘယ်တုန်းက ရေးခဲ့လို့လဲ၊ နင် ပေါက်ကရတွေ မပြော



www.burmeseclassic.com

www.burmeseclassic.com



နဲ့"

"သြော်. . . အမှန်အကန် ပြောတာပါဆို၊ ရော့. . . ဒီမှာ ကြည့်၊ ဒါက မိတ္တူ။ နင့်အမေတို့ အစ်မတို့ ဖတ်နေကြမယ့်စာက မူရင်း အတိုင်း နင့်လက်ရေးနဲ့၊ ဘောလ်ပင်မှ မင်အပြာရောင်နဲ့"

"ဘာ. . ."

သက်ထားက သူ့အိတ်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်ပေး သဖြင့် အလန့်တကြား ယူကြည့်လိုက်သည်။

ဟုတ်သည်။ စာရွက်ဖြူပေါ်က လက်ရေးက ခိုင်မာ့လက်ရေး စစ်စစ်။

ဘောလ်ပင် မင်ပြာရောင်နှင့် ရေးထားသည့်စာ ,မဟုတ်ဘဲ မိတ္တူဖြစ်နေတာလေးတစ်ချက်ပဲ ကွဲလွဲ၏။

*"မေမေ*

*သမီးမှာ ချစ်သူရှိပါတယ်။*

*မေမေတို့ စီစဉ်တဲ့ တစ်ပါးသူနဲ့ လက်ထပ်ဖို့ကိစ္စကို သမီး ဘယ်လိုမှ မလိုက်လျောနိုင်တဲ့အတွက် သမီးချစ်သူနောက်ကိုပဲ လိုက်သွားခဲ့တာကို ခွင့်လွှတ်ပါ။*

*သမီးတို့ချစ်ခြင်းကို မခွဲပါရစေနဲ့ မေမေ။*

*မကြာခင် သမီးတို့(၂)ယောက် ပြန်လာပြီး ခက်ခဲနေတဲ့ ပြဿနာ ဟူသမျှ ပြေလည်အောင် ဖြေရှင်းပေးပါ့မယ်။*

*သမီးချစ်တဲ့သူနဲ့ပဲ ဘဝခရီးကို လျှောက်လှမ်းခွင့် ပေးဖို့ တောင်းပန် ကန်တော့ပါတယ်။*

*ချစ်သမီး"*



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

ခိုင်မာ့ရင်ထဲ တုန်သွားသည်။ မြတ်စွာဘုရား။ သည်စာကို မေမေနှင့်အစ်မတို့ ဖတ်ပြီးကြပြီဆိုလျှင်တော့ တော်တော်ကြီးကို အံ့သြသွားကြမှာ သေချာ၏။

ဖြစ်ရလေ သမီးရယ်ဟု ယူကျုံးမရပဲ ဖြစ်နေလေမလား။

ယောက်မ မြင်းစီးထွက်တယ်ဟု ဒေါပဲ အပွကြီး ပွနေကြလေမလား။

ခိုင်မာ မတွေးရဲတော့။

နေပါဦး. . . သည်စာကို ငါဘယ်မှာရေးခဲ့မိပါလိမ့်။ လက်ရေးကတော့ ငါ့လက်ရေးပဲ။

"နင်. . နင်. . ဘာတွေလျှောက်လုပ်နေတာလဲ တေက်ပြား၊ ဒီ. . ဒီစာဟာ. . ."

"တွေးမနေနဲ့. . . ဦးနှောက်ခြောက်တယ်၊ ငါပြောမယ်. . . ငါတို့ နံရံကပ်စာစောင်အတွက် နင်တို့ကို ဝတ္ထုစာမူတွေ ကူးခိုင်းခဲ့တာကို မှတ်မိလား"

"အင်း. . . မှတ်မိတယ်"

"အေး. . . အဲဒီတုန်းက နင့်ကို အကွက်ကျကျ ဝေမျှပေးလိုက်တဲ့ ဝတ္ထုတိုထဲက ဇာတ်ဝင်ခန်းစကားလုံးတွေလေ. . . အဲဒါပဲ၊ တစ်ချိန်ချိန်မှာ နင့်လက်ရေးစစ်စစ်နဲ့ အဲဒီစာမျိုး လိုအပ်လာလိမ့်မယ်လို့ တွက်မိလို့ အဲဒီဝတ္ထုကို တခြားကလောင်နာမည်ခွဲနဲ့ ရေးပြီး နင့်ကိုမှ ရွေးကူးခိုင်းခဲ့တာ၊ ကျန်တဲ့ မလိုအပ်တဲ့ ဝတ္ထုဇာတ်ဝင်ခန်း သရုပ်ဖော်စာပွဲကို ကတ်ကြေးနဲ့ ညှပ်ထုတ်လိုက်ခြင်းအားဖြင့် နင်ကိုယ်တိုင်ရေးသော ခိုးရာလိုက်ပြေးခြင်း အကြောင်းကြားစာကို ငါက ရရော၊ နင့်လက်ရေးစစ်စစ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရေးထားတဲ့စာလေ၊ ငါက အဲဒီစာမှာ ရက်စွဲတပ်ပေးလိုက်ပြီး နင့်အိမ်ကို ပို့လိုက်တယ်၊ ရက်စွဲက ဒီကနေ့ရက်စွဲ"

"သေပြီ. . . သေပြီဟယ်. . . သေပြီ"

ခိုင်မာ ဆွေ့ဆွေ့ခုန်သွားကာ သက်ထား၏လက်မောင်းအိုးတွေကို လက်သီးဆုပ်ဖြင့် ထုမိတော့၏။ ဒေါသဖြင့် ထုရင်းက မျက်ရည်တွေလည်း ကျလာ၏။

သက်ထားက. . .

"နာတယ်ဟ. . . ဖြည်းဖြည်းဟ"

BURMESE CLASSIC

ဟု တဟားဟား ရယ်၍ပြောရင်းက ကာကွယ်သည်။ နောက် ခိုင်မာ့မျက်နှာပေါ်က မျက်ရည်တွေကို မြင်တော့မှ အရယ်ရပ်သွားကာ အံ့အားသင့်သွားသည်။

"ဟင်. . . ခိုင်မာ၊ နင် ဘာလို့ ငိုရတာလဲ၊ နင်မငိုနဲ့ဟာ၊ နင်ငိုတာ မြင်ရတော့ ငါတကယ်စိတ်မကောင်းဘူး"

"အို. . . ငိုမှာပဲပေါ့၊ နင်လုပ်ပုံက ကောင်းသလား၊ အခု အဲဒီစာကို အမေတို့အစ်မတို့ ဖတ်ကြပြီးပြီဆိုရင် ငါဘယ်လိုလုပ် ပြန်တော့မလဲ၊ ပြီးတော့လည်း နင့်ကို အဖြေပေးရသေးတာမှ မဟုတ်ဘဲ၊ နင်သက်သက် စည်းကျော်ပြီး လုပ်တာ၊ ငါ့ကို ဟင်းရွက်ကန်စွန်းလောက်ပဲ သတ်မှတ်ပြီး နင်ဉာဏ်ကျယ်သမျှ လျှောက်လုပ်တာ လုံးဝမကျေနပ်ဘူး"

ရှက်တာရော အံ့သြတာရော ဒင်း အကွက်စေ့စေ့ စီမံသမျှ ကြိုးဆွဲရာ ကရလေခြင်းဟု မခံချိမခံသာ ဖြစ်တာရော စုံတတ်ခဲ့သော ခံစားမှုပေါင်းစုံဖြင့် ခိုင်မာ ငိုမိခြင်းဖြစ်ပါသည်။

သက်ထားက လက်ကိုင်ပဝါကလေးတစ်ထည်ကို သူ့တျောပိုး



www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲက ဆွဲထုတ်ကာ ခိုင်မာ့ပါးပေါ်က မျက်ရည်တွေကို သုတ်ပေးသမျှ တယုတယ ဖြစ်သည်။

"မငိုပါနဲ့ဟာ. . . မငိုပါနဲ့ ခိုင်မာရယ်"

"ပေး. . . အဲဒီပဝါ၊ နင် သုတ်ပေးစရာ မလိုဘူး"

ခိုင်မာ ကျွဲမြီးတိုတိုဖြင့် သက်ထားလက်ထဲက မျက်ရည်သုတ်သည့် ပဝါကို ဆွဲလုသည်။

"ယူပါဗျာ. . . ယူပါ၊ ဥစ္စာရှင်းမှန်တော့ ပြန်ရမှာပေါ့"

သည်တော့မှ ခိုင်မာ လက်ထဲက လက်ကိုင်ပဝါကို ပြန်ငုံ့ကြည့်မိသည်။

BURMESE CLASSIC

ခိုင်မာ မျက်လုံးပြူးသွားရပြန်သည်။ လက်ကိုင်ပဝါ၏ထောင့်တစ်နေရာတွင် ခိုင်မာ ချည်ထိုးထားသော K.M ဆိုသော စာလုံးကလေးတွေကို မြင်လိုက်ရသောကြောင့်ဖြစ်၏။

"ဟင်. . . ဒါ. . ဒါ. . ဒါလည်း ငါ့လက်ကိုင်ပဝါပါပဲလား၊ နင်. . နင်. . "

"တကယ်ပြား သူခိုး. . . အလစ်သုတ်သမား. . . ဘယ်အချိန် ဘယ်ကာလကများ ငါမသိအောင် ခိုးထားဝှက်ထားလိုက်ခဲ့တယ် မသိဘူး"

"အဲ. . အဲဒါလည်း ဒီလိုအချိန်မှာ လိုအပ်မယ် ထင်လို့လေ ခိုင်မာရဲ့"

ခိုင်မာ ဒေါပွပွဖြင့် ငိုရင်းကနေ စပ်ဖြီးဖြီးဖြစ်နေသော သက်ထားမျက်နှာကို ကြည့်ရင်း ရယ်ချင်လာသည်။ တတ်လည်း တတ်နိုင်တဲ့ အကောင်ဟုလည်း ဩချမိလိုက်၏။

"ကဲပါ. . . ငိုမနေပါနဲ့တော့၊ ငါတို့ အလေးအနက် ဆွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



ကြုရအောင်ပါ ခိုင်မာရယ်. . နော်. . နော်"

သက်ထားက ခိုင်မာကို ကလေးငယ်တစ်ယောက်ကို ချော့သလို ချော့၏။

"အစ်ကိုရေ. . . ဒံပေါက်တွေ ရပြီဗျို့"

ထိုအခိုက်မှာပင် အောက်ထပ်ဆီက လှမ်းအော်သံ ထွက်လာ၏။

"အေး. . . မင်း အပေါ်ထပ် တက်ခဲ့ဦး"

BURMESE CLASSIC

သက်ထားက ပြန်အော်ခေါ်လိုက်သည်။

အခြားသူစိမ်း ယောကျ်ားလေးတစ်ယောက် ရောက်လာတော့မည်မို့ ခိုင်မာ မျက်ရည်တွေကို ပဝါနှင့် ကပျာကယာ သုတ်ရ၏။

ဟန်မပျက် ဣန္ဒြေနှင့် နေဖို့ စိတ်ပြောင်းရ၏။

သက်ထား၏ခြံစောင့်ကောင်ကလေး တက်လာ၏။ လှေကားထိပ်အရောက်တွင် ရပ်၍. . .

"ပြော. . . အာစရိ"

"မီးဖိုခန်း ထမင်းစား စားပွဲမှာ အဲဒီဒံပေါက်တွေနဲ့ အချဉ်ထုပ်၊ ဟင်းချိုတွေကို ထမင်းပွဲပြင်လိုက်၊ (၅)ထုပ်ဆိုတော့ (၅)ပန်းကန်ပေါ့ကွာ၊ ကြောင်အိမ်ထဲမှာ ဖွန်း ပန်းကန် ခက်ရင်း အစုံရှိတယ်၊ ဘေစင်မှာ သန့်သန့်ရှင်းရှင်း ဆေးကြောပြီးမှ ကျကျနန ပြင်နော်၊ မင်းအတွက်ကကော. . . မင်းက ဒံပေါက်မကြိုက်တဲ့ကောင်ဆိုတော့. . ."

"ပိုက်ဆံပိုသေးတယ် အာစရိ၊ ထမင်းက ချက်ပြီးသား ရှိတယ်၊ ကျွန်တော့်ဖို့ ကြက်သားဟင်း ဝယ်ခဲ့တယ်၊ အဲဒါနဲ့ပဲ စားလိုက်မယ်"

"အေး. . . အဲဒါဆိုလည်း သေသေချာချာ ပြင်ဆင်လိုက်၊ ခြံတံခါးနားက ဂိတ်တဲမှာပဲ စောင့်ရင်း စားနော်၊ ခဏနေရင် နောက်တား

www.burmeseclassic.com

www.burmeseclassic.com



တစ်စီး ဝင်လာဦးမှာ"

"ဟုတ်ကဲ့ . . . ဒါပဲ မဟုတ်လား အာစရိ"

သက်ထား ခေါင်းညိတ်လိုက်တော့မှ ထိုလူငယ် ပြန်ဆင်းသွားသည်။

"နေပါဦး . . . လူက (၂)ယောက်တည်းနဲ့ ဒံပေါက်က (၅)ထုပ်တောင်ဆိုတော့"

"ခဏနေ မိုးချုပ်ချုပ်ကျရင် ဇော်မျိုးနဲ့ဖက်တီးတို့ ရောက်လာလိမ့်မယ်၊ သူတို့(၂)ယောက်ကတင် ဒံပေါက်(၃)ထုပ် ပြုတ်မှာပဲ"

"ဟင် . . . ဒါနဲ့ စောစောက ပြောတော့ 'သပြေ' မှာတုန်းက သူတို့ကို မမှာခဲ့ဘူးဆို"

"ခက်လိုက်တာ ခိုင်မာရယ်၊ သီသီတို့ သော်တာတို့လို မိန်းကလေးတွေကိုသာ အသိမပေးဘဲ ထားတာဟ၊ ငါ နင့်ကို ဒီနေ့ ခိုးပြေးပြီဆိုတာကို ဇော်မျိုးတို့ ဖက်တီးတို့ကတော့ သိပြီးသား၊ သူတို့နဲ့အတူ အရေးကြီးတဲ့အဖြေတစ်ခု ပါလာမယ်၊ အဲဒါကို ငါတို့ စောင့်ရမယ်"

"ဘာတွေလဲဟာ . . . ရှုပ်နေတာပဲ"

ခိုင်မာ ခေါင်းကုတ်ပြီး ညည်းမိ၏။

"ရှုပ်နေတာတွေ သူတို့ လာတော့ ရှင်းသွားမှာပါ ခိုင်မာရယ်၊ တို့ လေးလေးနက်နက် ဆွေးနွေးရအောင်ပါ၊ ဒီမှာ ခိုင်မာ၊ တို့(၂)ယောက်ဟာ သူငယ်ချင်းတွေလို အင်မတန် ပွင့်ပွင့်လင်းလင်း ပြောဆိုခင်မင်ဆက်ဆံလာခဲ့ကြတာပါ၊ ငါ နင့်ကို တကယ်ချစ်ခဲ့တာဆိုတာ နင်မယုံဘူးလား"

သက်ထား၏မျက်နှာက တည်ငြိမ်သွားသလို လေသံကလည်း လေးနက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ . . ငါ . . ယုံပါတယ် သက်ထား"

"နင်ငါ့ကို အဖြေမပေးရသေးဘူးဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် နင်က စည်းကျော်ပြီး သော်တာ့ကို ရင်ဖွင့်ခဲ့တယ် မဟုတ်လား၊ နင် ငါ့ကို ချစ်တာ မှန်ပါလျက်နဲ့ ကိုထက်ခေါင်တို့မိသားစုနဲ့ နင်တို့မိသားစု ကြားမှာ ရှိနေတဲ့ ငွေကြေးအခက်အခဲကြောင့် ငါ့ကို စွန့်ပယ်ပြီး နင်မချစ်တဲ့ ကိုထက်ခေါင်ကိုပဲ လက်ခံလိုက်တော့ဖို့ ဆုံးဖြတ်ခဲ့တယ်ဆိုတာကို ငါသိခဲ့ရတယ်၊ သော်တာကို သွားအပြစ်မတင်ပါနဲ့၊ သူက ငါတို့နှစ်ယောက် ချစ်လျက်နဲ့ ခွဲကြရမှာကို လက်ကို မခံနိုင်လို့ နင် ငိုပြီး သူ့ကို ပြောခဲ့သမျှတွေကို တစ်ဆင့်ပြန်ပြောခဲ့တာပါ"

ခိုင်မာ ငြင်းမနေတော့။

"ဟုတ်တယ် သက်ထား၊ နင်ပြောတာတွေ အမှန်တွေချည်းပါပဲ၊ ဒါကြောင့် ငါ နင့်ကို ချစ်ပေမယ့် လက်မထပ်နိုင်တော့ဘူး၊ အဲဒါ ငါ့ရဲ့ အဖြေပါပဲ၊ အဲဒီအတွက် ငါ့ကို နားလည်ပေးပါ . . ခွင့်လွှတ်ပေးပါ သက်ထား၊ ငါ နင့်ကို ချစ်ခဲ့တယ်ဆိုရင် နင်ကျေနပ်ရောပေါ့"

ကြေကွဲစွာပင် ဖြေရှင်းချက် ထုတ်မိ၏။

သက်ထားက ခေါင်းခါလိုက်သည်။

"ငါ အဲ့ဒီအချက်ကို လက်မခံနိုင်ဆုံးပဲ ခိုင်မာ၊ ဘာမဟုတ်တဲ့ ဒီငွေကြေးတစ်ရပ်ကြောင့် ငါတို့ တစ်သက်တာ ကြေကွဲကြရမယ်ဆိုတာ တန်ကိုမတန်ဘူး၊ ဒါကြောင့် . . ငါ . . ငါ့မိဘတွေကို ဖြောင့်ဖွင့်ပြောတယ်၊ နားလည်လက်ခံလာအောင် ရှင်းပြတယ်၊ ငါ့မိဘတွေက ငါ တောင်းဆိုတဲ့ငွေကြေးကို ထုတ်ပေးခဲ့တယ်၊ နင် မှတ်မိလား၊ နင်တို့ စာမေးပွဲရက်တွေထဲက တစ်ရက်မှာ ငါ ဇော်မျိုးကို လာခေါ်ခဲ့တာကို၊ အောင်ဘာလေ ထီရုံးနားမှာ မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားတယ်

www.burmeseclassic.com



ဆိုပြီးလေ”

ခိုင်မာ့အသိထဲတွင် ထိုတစ်နေ့ကို ချက်ချင်းပြန်သတိရလာ၏။

“မှတ်မိပြီ . . နင်ပဲ ငါ့ကို စာမေးပွဲပြီးရင် အောင်စာရင်း ထုတ်ပြန်သူကြီးအဖြစ်နဲ့ အလှည့်ကျ သဘာပတိ လုပ်ပေးရမယ်နော်လို့ ကလိသွားသေးတယ်”

“အေး . . ဟုတ်တယ်၊ အဲဒီနေ့က ငါနဲ့ဇော်မျိုးက ဇော်မျိုးရဲ့ အဆက်အသွယ်နဲ့ (၂၅)သိန်းဆုပေါက်တဲ့ ထီလက်မှတ်ကို အမြတ်ပိုပေးပြီး သွားဝယ်ကြတာ၊ ဆုဝင်နေတဲ့ ထီလက်မှတ်တွေကို ပွဲစားကို အရှာခိုင်းပြီး ဝယ်ရတာပေါ့”

“အဲဒီထီလက်မှတ်က ဘာလုပ်မှာလဲ”

ခိုင်မာ ထပ်မေးသည်။ သက်ထားက ဟက်ခနဲ တစ်ချက်ရယ်ကာ ပြော၏။

“ငါတို့ အချစ်စံအိမ်တံခါးရှေ့မှာ လာပိတ်ရပ်နေတဲ့ ကိုထက်ခေါင်ဆိုတဲ့ ကြားကားကြီးကို တစ်ချက်တည်း သံရည်ကြိုစက် ရောက်တဲ့အထိ တွန်းဖယ်ပစ်လိုက်ဖို့ပေါ့ ကလေးမရဲ့၊ ဒီနေ့ ဇော်မျိုးနဲ့ဖက်တီးက ခိုင်မာတို့အိမ်ကို သွားဖြီး အဲဒီထီလက်မှတ် သွားပေးကြလိမ့်မယ် . . မုသာဝါဒကလေးနဲ့ပေါ့”

“ဘယ်လို မုသာဝါဒလဲဟ . . ရှင်းရှင်းပြောစမ်းပါ”

သက်ထားက “ဒုံးဝေးရန်ကော” ဆိုသောအကြည့်မျိုးဖြင့် ကြည့်လိုက်ကာ . . .

“စဉ်းစားကြည့်လေ . . မတော်ရသေးတဲ့သားမက်က ဒုင် ဆပ်ပေးတဲ့ငွေလို့ သိရင် နင့်အမေနဲ့အစ်မက လက်ခံမလား၊ ဒါကြောင့် မညာချင်ပေမယ့် ညာလိုက်ရတာပေါ့၊ အဲဒီထီလက်မှတ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



နှင်ထိုးထားပြီး ပေါက်နေတဲ့လက်မှတ်ဖြစ်တယ်၊ ငါ့နောက်ကို လိုက်သွားတော့မယ်အချိန်မှာ သူငယ်ချင်းတွေ ဖြစ်တဲ့ နှင်က သူတို့ကို လက်လွှဲပေးထားခဲ့လို့ လာပို့ကြရတာပါ၊ ထီရုံးမှာ ဆုငွေသွားထုတ်ပြီး အလိုရှိရာသုံးကြပါလို့ မှာသွားပါတယ်ပေ့ါဟာ၊ ဒီလောက်ဆို သဘောပေါက်တော့ပေ့ါ၊ အဲ့ဒီငွေကို ဆပ်လိုက်ပြီးရင် ကိုထက်ခေါင်တို့ရဲ့လောင်းရိပ်က. . လွတ်. . ငြွတ်. . ဖြစ်သွားပြီပေ့ါ"

"သက်ထားရယ်. . . "

ခိုင်မာ ဘာဆက်ပြောရမှန်းပင် မသိနိုင်တော့။ သက်ထားမျက်နှာကို လှမ်းကြည့်ရင်း ဒုတိယမွှ ငိုချင်စိတ် ပေါက်လာရပြန်သည်။ နှင် ငါ့ကို အဲသလောက် ဉာဏ်နီဉာဏ်နက်မျိုးစုံ ထုတ်ပြီး ချစ်ရသလားဟူသောအသိကြောင့် ရင်ထဲ ကြည်နူးရိပ်တွေ လွှမ်းထနေသည်။ ခိုင်မာ့ကို သူ တကယ်မချစ်ခဲ့လျှင် ထိုမျှ ခေါင်းရှုပ်ခံနေဖို့ မလိုဘူးလေ။

"တိုက်တွေခြံတွေရဲ့တံခါးဝတွေမှာ ကပ်ထားတတ်တဲ့. . 'သတိ. . . ကားအဝင်အထွက်ရှိသည်၊ ခြံရှေ့ ပိတ်မရပ်ပါနှင့်' ဆိုတဲ့စာတန်းကလေးလိုပဲပေ့ါ၊ ကဲ. . . နှင်ဘာပြောချင်သေးသလဲ ခိုင်မာ"

"ဟင့်အင်း သက်ထား၊ ငါ ဘာမှမပြောတတ်တော့ဘူး၊ နှင့်တို့ရက်အားနာနေမိတာကြီးတစ်ခုပဲ ငါ့စိတ်တွေကို ဖုံးအုပ်သွားပြီ ထင်တာပဲ"

ထိုအခိုက်မှာပင် ခြံထဲသို့ တိုင်စီမောင်းဝင်လာသော ကားသံကိုကြားရ၏။

"ဟော. . . ကားသံကြားတယ်၊ ဟိုကောင်တွေပဲ ဖြစ်မယ် ခိုင်မာ၊ လာ. . . ငါတို့ သွားကြိုရအောင်"

သက်ထားနှင့်ခိုင်မာတို့ တိုက်အပေါ်ထပ်မှ ဆင်းခဲ့ကြ၏။ သက်



www.burmeseclassic.com

www.burmeseclassic.com



ထား ပြောတာ အမှန်ပင်ဖြစ်သည်။ အငှားကားပေါ်က ဆင်းလာကြတာတ ဇော်မျိုးနှင့်ဖက်တီးတို့ဖြစ်သည်။ သက်ထားက မေး၏။

"ဘယ်လိုလဲဟေ့ ရာမ၊ စိန်ဘာဘူတိုက်ကို ဓါးပြတိုက်ရာမှာ ဟောဒီက ဗိုလ်အောင်ဒင် စီစဉ်အကွက်ချပေးတဲ့အတိုင်း ဆောင်ရွက်အောင်မြင်ခဲ့တယ် မဟုတ်လား"

ဇော်မျိုးတို့က ညှော်ခန်းမှ ဆက်တီများတွင် ဝင်ထိုင်ကြရင်း ငတက်ပြားကို မျက်စောင်းထိုးလေသည်။

"အဲဒီဇာတ်လမ်းထဲက ရာမလို ငါ့လက်ထဲ ခြောက်လုံးပြူး ရှိရင် နင့်ကို ကျည်(၆)တောင့်လုံး ကုန်အောင် ပစ်တယ်. . . ခွီး၊ ဘယ်လိုလဲ မင်းတို့ အဆင်ပြေကြလား"

"ငါကတော့ ခိုင်မာ့ကို အကုန်ရှင်းလင်းအစီရင်ခံလို့ ပြီးပါပြီ၊ တရားသူကြီးကလည်း သည်အမှုကို ကွင်းလုံးကျွတ် လွတ်စေ အမိန့်ချပြီးပါပြီ၊ မင်းတို့ဘက်က ကိစ္စကိုသာပြော"

"ဟာ. . . ငါတို့(၂)ယောက်လည်း ရောက်သွားရော မင်းတို့နှစ်ယောက် ဘယ်ကို ထွက်ပြေးကြတယ်ဆိုတာ သိသလားဆိုပြီး တရစပ်မေးတာပဲ၊ ငါတို့ကလည်း. . . မစိုးရိမ်ပါနဲ့. . . သူတို့ တစ်ပတ်ထက်ရှောင်မနေနိုင်ပါဘူး၊ ပြန်လာကြမှာပါဆိုတာပဲ ပြောရတာပေါ့ကွာ"

ဖက်တီးက ရှင်းပြသည်။ သက်ထားက ထပ်မေးသည်။

"ထီလက်မှတ် ကိစ္စကကော"

"အဲဒါတော့ ခိုင်မာ့အမေကို မပြောဘဲ နားလည်မှု ရှိနိုင်မယ့် ခိုင်မာ့အစ်မကိုပဲ ပြောပြီး အပ်ခဲ့တယ်၊ အစ်မတို့ ထီဆုငွေထုတ်ပြီး ဆပ်စရာ ကြွေးမြီကလေးတွေ ဆပ်ကြပေါ့ အစ်မရယ်၊ အစ်မအမေကိုလည်း ရှင်းပြလိုက်ပေါ့၊ ဒီတစ်ရက်နှစ်ရက်အတွင်းပဲ သွားထုတ်လိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တော့ သူတို့ ဝမ်းသာနေကြရှာတယ်၊ မင်းသာ မင်းမိဘတွေကို ပြောပြီး ခိုင်မာ့ကို ပြန်အပ်ဖို့၊ မိသားဖသားပီပီ တောင်းရမ်းစေ့စပ်ညှိနှိုင်းကြပြီး မင်္ဂလာပွဲရက် ရွေးကြဖို့ ဆက်ခေါင်းစားကြပေ့တော့"

"အိုကေ. . . ငါ့မိဘတွေဘက်ကတော့ ငါ အားလုံး မီးစိမ်းပြအောင် ပြောပြီးဆိုပြီးသားပဲ၊ ကဲ. . . ဘော်ဒါတို့၊ ငါတို့နှစ်ယောက်ရဲ့ မင်္ဂလာပွဲအကြိုအဖြစ်နဲ့ ဝါးတီးဖွင့်ကြစို့၊ ငါ ဒံပေါက်တွေ ဝယ်ခိုင်းပြင်ခိုင်းထားတယ်"

"အိုကေ. . . ငါတို့လည်း ဗိုက်ဆာလာချိန်နဲ့ အတော်ပဲ"

သူငယ်ချင်း(၄)ယောက် ပျော်ပျော်ရွှင်ရွှင် စားကြသောက်ကြသည်။ ထမင်းစား၊ အအေးသောက်ပြီးကြချိန်တွင်တော့ 'ည' သည် ပီပြင်သော ညတစ်ညအဖြစ် အသက်ဝင်လာခဲ့ပြီဖြစ်သည်။

"ကဲ. . . ဒါဆို ငါနဲ့ဖက်တီးတို့ ပြန်ကြမယ်၊ မော်ဘီကားတွေ ပေါပါတယ်ကွာ၊ မကြိုလည်း အငှားကားနဲ့ ပြန်မှာပေါ့၊ ဟေ့ကောင်ဖက်တီး. . . ထ၊ ဒါမျိုးက အလိုက်သိရတယ်"

ဇော်မျိုးက ဖက်တီးကို လှမ်းပြောရင်း နေရာက ထ၏။ သက်ထားက မေး၏။

"ဟင်. . . မင်းတို့က ဒီမှာ မအိပ်ကြဘူးလား၊ ငါတို့(၂)ယောက်တည်း ထားပစ်ခဲ့ပြီး ပြန်ကြတော့မလို့လား"

"အေးလေ. . . ဘာဖြစ်လို့လဲ"

"ငါ. . ငါ. . သူ့ကို ကြောက်လို့ကွ၊ ဘေးလူတွေ မရှိရင် ငါ့ကို အနိုင်ကျင့်မှာကွ"

ခိုင်မာကို မေးဆတ်ပြရင်း ပြောလိုက်သော သက်ထား၏



www.burmeseclassic.com

www.burmeseclassic.com



စကားကြောင့် ခိုင်မာ မျက်စောင်းကြီး ပစ်ထိုးလိုက်လေသည်။ ဖက်တီးက 'ပော' ဟု အာမေဋိတ်သာ ပြုကာ ကြိတ်မနိုင် ခဲမရသံကြီးဖြင့် ပြော၏။

"ငါ. . တယ်. . အင်းဟင်းဟင်း. . ပြောလိုက်ရ မကောင်းဘဲ ရှိတော့မယ်၊ မနေနိုင်ဘူးဟေ့. . . အနာဂတ်ကို ကာကွယ်သောအား ဖြင့် ငါတို့ ပြန်ကြမှာပဲ"

"ဘယ်လိုအနာဂတ်ကို ကာကွယ်တာလဲ"

ခိုင်မာက ဝင်မေးလိုက်ကော့ မျက်လုံးပြူး၍ ပြောလိုက်သော ဖက်တီး၏စကားကြောင့် ရယ်သံတွေ ဝေစီသွား၏။

ဖက်တီးက နှုတ်ခမ်းကို မဲ့လျက် ပခုံးကို တွန့်ကာ ပြောသည်။

"မဖြစ်ဘူးဟေ့. . . တော်တော်ကြာကျရင် အဖေတို့ အမေတို့ ငယ်ငယ်က ခိုးရာလိုက်ပြေးကြတဲ့ညမှာ အလိုက်ကမ်းဆိုးမသိဘဲ အဖေ တို့ စတည်းချတဲ့ တိုက်မှာ မျက်နှာပြောင်ပြောင်နဲ့ လာအိပ်သွားကြတာ အဲဒီလူကြီးနှစ်ယောက်ပေါ့လို့ နောင်လာနောင်သားက လက်ညှိုးထိုး ပြောတာ မခံနိုင်လို့ ခုကတည်းက ကြိုတင်လမ်းရှင်းထားတာဟေ့. . . ရှင်းပလား"

"ဟား. . ဟား. . ဟား. . ဟား. . ဟား"

ရှင်လန်းချမ်းမြေ့ကြပါစေ





www.burmeseclassic.com